www.burmeseclassic.com




မောင်သာချို

# သမီးဖတ်ဖို့

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော် မွှဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

BURMESE CLASSIC .com

## မောင်သာရိုု

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ သုံးခွကျေးရွာတွင် အဖ ဦးဝင်းသိန်း၊ အမိ ဒေါ်တင် တို့မှ ၁၉၅၈ ခု မတ်လ ၁၁ ရက် အင်္ဂါနေ့တွင် မွေးဖွားသည်။ သား သုံးယောက်အနက် အကြီးဆုံး သားဖြစ်ပြီး အမည်ရင်းမှာ ဦးညွန့်ဆောင်း ဖြစ်ပါသည်။

သုံးခွကျေးရွာ မူလတန်းကျောင်း၊ ကွမ်းခြံကုန်းမြို့ အထက၊ မြောက်ဥက္ကလာ အလက (၁)၊ အထက (၁) တို့၌ ပညာ သင်ကြားခဲ့ပြီး မြောက်ဥက္ကလာ အထက (၁) မှပင် ၁၉၇၇ ခုနှစ်၌ ရူပဗေဒ ဂုဏ်ထူးဖြင့် ဆယ်တန်း အောင်မြင်ပါသည်။ ထို့နောက် ဒေသကောလိပ် (၂) တွင် ပထမနှစ် သချာအဓိက၊ ဒုတိယနှစ် သတ္တုဗေဒ အဓိက၊ ရန်ကုန် တက္ကသိုလ်တွင် တတိယနှစ် ရူပဗေဒ အဓိကတို့ဖြင့် ပညာဆက်လက် သင်ကြားခဲ့ပြီး နောင်တွင် မြန်မာစာပေနှင့် ဘာသာစကားကို ပြောင်းလဲ သင်ယူခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ၁၉၈၁ တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၈၃ တွင် ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့၊ ၁၉၈၈ တွင် မဟာဝိဇ္ဇာဘွဲ့များ ရရှိခဲ့သည်။

၁၉၇၃ ခု ဒီဇင်ဘာလထုတ် သောင်းပြောင်းထွေလာ ရယ်စရာ မဂ္ဂဇင်းမှ 'ခေတ်သစ်မေတ္တာ' ကဗျာဖြင့် စာပေလောကသို့ စတင် ဝင်ရောက်ခဲ့ပါသည်။ ၁၉၇၈ ခု ဇူလိုင်လထုတ် အိပ်မက်ဖူး မဂ္ဂဇင်းမှ စ ကာ တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။

လုပ်သားများကောလိပ်၊ ဒေသကောလိပ်၊ နိုင်ငံခြားဘာသာသိပ္ပံ၊ ရန်ကုန်တက္ကသိုလ်၊ မိတ္ထီလာဒီဂရီကောလိပ် စသည်တို့တွင် အမှုထမ်း ခဲ့ဖူးပြီး ယခုအခါ ဟင်္သာတဒီဂရီကောလိပ်တွင် ကထိက အဖြစ် တာဝန် ထမ်းဆောင်နေပါသည်။

အခြား ကလောင်ခွဲတစ်ခုမှာ ဂျက်ကွမ်းခြံကုန်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၀၀ ထုတ် ရာပြည့်စာအုပ်များ

၁၀၉။ ကျော်အောင်၏ အကောင်းမြင်သမား (Candide by Voltaire)
၁၁၀။ ရာပြည့်စာတည်းအဖွဲ့၏ ၂၀ ရာစု အကြီးကျယ်ဆုံး ပုဂ္ဂိုလ်များ
၁၁၁။ နတ်နွယ်၏ မိမိနှင့် စာရေးဆရာများ
၁၁၂။ ဂျာနယ်ကျော်မမလေး၏ သွေး
၁၁၃။ မောင်ပေါ်ထွန်း၏ စီးပွားတက်အောင်လုပ်နည်း
၁၁၄။ ရွှေဥဒေါင်း၏ ဘတ်စကာဗျိုလ် ခွေးကြီး (The Hound of the Baskervilles by Sir Arthur Conan Doyle)
၁၁၅။ ဒဂုန်ရွှေမျှား၏ မဒ္ဒနာ၏ ကျိန်စာ (Benita by Sir Rider Haggard)
၁၁၆။ သိန်းဖေမြင့်၏ တစ်ခုသော ငွေရတုသဘင်နှင့် ဘိုးဘိုးနှင့်ဘွားဘွား အချစ်များ
၁၁၇။ ညွန့်ကြူး၏ ပင်လယ်ဝံပုလွေ (Sea Wolf by Jack London)
၁၁၈။ ထွန်းသစ်၏ ဓာတ်ခံကမ္ဘာ၊ ဓာတ်ဆောင်ကမ္ဘာ (ကမ္ဘာ့ခေါင်းဆောင်များ၏ ရုပ်ပုံလွှာ)
၁၁၉။ ရွှေဥဒေါင်း၏ စေတစ်လုံးပိုင်ရှင်
၁၂၀။ မောင်ထင်၏ ကမ္ဘာ့ဝတ္ထုတိုများ
၁၂၁။ ကြည်အေး၏ မေတ္တာမီးအိမ်
၁၂၂။ ရွှေဥဒေါင်း၏ စန္ဒာဒေဝီ
၁၂၃။ တက်တိုး၏ ဘဝပညာ
၁၂၄။ ရွှေဥဒေါင်း၏ ဆင်စွယ်မင်းသမီး
၁၂၅။ ဂျာနယ်ကျော်မမလေး၏ သူလိုလူ
၁၂၆။ ရွှေဥဒေါင်း၏ ကာလယန္တရား
၁၂၇။ ရဲမြလွင်(မြန်မာပြန်) ခြေမဲ့ လက်မဲ့ ကျွန်တော့်ဘဝ အတွေ့အကြုံ

## ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာတွင် ထုတ်ဝေမည့် စာအုပ်များ

၁၃၀။ ဒေါက်တာ ဒေါ်ခင်လေးမြင့်၏ မင်းသားလေး (Le Petit Prince)
၁၃၁။ ဂျာနယ်ကျော် မမလေး၏ မုန်းရှုံမဟူ
၁၃၂။ တက္ကသိုလ်ဘုန်းနိုင်၏ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် နိုင်
၁၃၃။ မောင်ခင်မင်(ဓနုဖြူ)၏ နှစ်လေးဆယ် ဘဝမှတ်တိုင်များ
၁၃၄။ ဒေါက်တာကျော်စိန်၏ သင် သိလိုသမျှ စိုးရိမ်သောကအကြောင်း (All You Wanted To Know About Anxiety)

ရာပြည့်စာအုပ် ၁၂၈

# မောင်သာချို

# သမီးဖတ်ဖို့

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၁၂၇၉၈ (ဆိုင်)
[ ၁၊ အောက်တိုဘာ၊ ၂၀၀၀ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၅၀၆ / ၂၀၀၀ (၇) ]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၆၃၀ / ၂၀၀၀ (၉) ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ်
( ၁၊ အောက်တိုဘာ၊ ၂၀၀၀ )
အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အစက်

❑

စာအုပ်ချုပ်
ကိုမြင့်

❑

မျက်နှာဖုံး ပန်းချီ
ဇော်မောင်

❑

တန်ဖိုး
၂၅၀ ကျပ်

## မာတိကာ

- အမှာစာ ၉
၁။ ဈေးက ပြန်လာပြီလား ၁၁
၂။ ကိုယ့်နောက်မှာ လူတွေ အများကြီး ၁၇
၃။ နှစ်ရက်ဆက် ဂှားစရာမလိုပြီ မဂ္ဂဇင်းမဟေသီ ၂၄
၄။ တောင်ကြီးမြို့သူရဲ့ နောက်ကွယ်က
မုန့်ဟင်းခါးတစ်ပွဲ ၃၀
၅။ Country Boy တို့
သဘောရှိတော်မူတဲ့အတိုင်း ၃၇
၆။ ရှင်းရန်မလိုသည့် အမှိုက်များ ၄၄
၇။ အနီးဆုံး ဆိပ်ကမ်းများ ၅၁
၈။ သားလူတွေ ချေးဖြစ်မသွားကြရအောင် ၅၉
၉။ ပိန္နဲသီး ကြိုက်သူများ ခဏစောင့်ပါ ၆၅
၁၀။ မနက်စာ နှစ်ထပ်ကွမ်း ၇၁
၁၁။ ပေါင်မုန့်ကို ထောပတ်သုတ်ထားတဲ့ဘက်က
အမြဲတမ်း ၇၉
၁၂။ မအူပင်ဆိပ်ကမ်းမှာ ၈၇
၁၃။ တစ်လောကလုံး ရယ်ချင် ရယ်ကြလည်း
သမီးကတော့ ငို ၉၃

www.burmeseclassic.com

www.burmeseclassic.com

၁၄။ ချောင်း ဟွပ်ချင်ဟွပ်၊
သီချင်း ညည်းချင်ညည်း ၁၀၀
၁၅။ အတောင်နှစ်ဆယ်ဝတ်များ ရှေ့ကသွား ၁၀၆
၁၆။ စိတ်ကူးလက်ကျန်
ပင်လောင်းရွက်သစ် တချို့ ၁၁၂
၁၇။ ပြဿနာများ နေရပ်လိပ်စာ ပြောင်းရွှေ့ခြင်း ၁၁၈
၁၈။ ဖြူဖြူ့ကို အသေအချာ ခိုင်ဖို့အရေး ၁၂၅
၁၉။ ၂၇ လမ်းကို လိုက်ခဲ့မလား ၁၃၆
၂၀။ ကျောက်စည်ပိုင်းကြီးများ
လှုံ့ကျနေကြပါသည် ၁၄၂
၂၁။ အခု မလွှမ်းနဲ့ဦး ၁၄၉
၂၂။ ဆိတ်ငါးကောင်တို့ သယ်လေရာ ၁၅၆
၂၃။ ဤနေရာတွင် ညည်းချင်း မဆိုရ ၁၆၂
၂၄။ ဘဝကန္တာရများသို့ ထောင်မလဲ သဲကော်
စိတ်ကူးများ ၁၇၀
၂၅။ လောကကို စောင့်ရှောက်သည့် အကြည့်များ ၁၇၈

## အမှာစာ

"လူသည် ပေါင်းသင်းဆက်ဆံရေး သတ္တဝါဖြစ်သည်" ဟူသော အဆိုတစ်ရပ်ကို ကျွန်တော်တို့အားလုံး ကြားဖူးနားဝ ရှိခဲ့ကြပါသည်။ မှန်ပါ၏။ ကျွန်တော်တို့သည် ပေါင်းသင်း ဆက်ဆံရေး သတ္တဝါများသာလျှင် ဖြစ်ကြပါသည်။

ကျွန်တော်တို့သည် ကျွန်တော်တို့က စိတ်ပါသည်ပဲဖြစ်စေ၊ စိတ်မပါသည်ပဲဖြစ်စေ လောက၏ အချိန်တိုင်း၊ နေရာတိုင်းမှာ လူတွေနှင့် ပေါင်းသင်းဆက်ဆံ နေကြရပါသည်။ ကျွန်တော်တို့၏ မိသားစု၊ ကျွန်တော်တို့၏ အိမ်နီးနားချင်း၊ ကျွန်တော်တို့၏ လုပ်ဖော်ကိုင်ဖက်၊ အခန်းဖော် အတန်းဖော်၊ အပေါင်းအသင်း ရောင်းရင်း၊ ဆရာများ တပည့်များ၊ ကျွန်တော်တို့နှင့် တစ်လှေတည်းစီး တစ်ခရီးတည်း သွားသူတွေ။ လက်ဖက်ရည်ဆိုင်မှာ၊ စာအုပ်ဆိုင်မှာ၊ သားတန်း ငါးတန်းမှာ၊ ဘူတာရုံမှာ၊ ဘတ်စ်ကားဂိတ်မှာ ဖျိုးခနဲ ဖျတ်ခနဲ ဆုံလိုက်ရသူတွေ... အားလုံးနှင့် ကျွန်တော်တို့ ဆက်ဆံနေကြရပါသည်။ ထိုအခါများတွင် ကျွန်တော်တို့သည် မိမိကိုယ်မိမိ ဘယ်လိုများ နေရာချထားမိခဲ့ကြပါလိမ့်။ ကျွန်တော်တို့မှာ အနုပညာမှု ရှိကြပါလေစ။ ကျွန်တော်တို့၏ မသိသား ဆိုးရွားမှု၊ ဘဝရှင်သန်မှုဆိုင်ရာ အနုပညာ ခေါင်းပါးမှု၊ ဒါတွေကြောင့် ကျွန်တော်တို့၏ ပတ်ဝန်းကျင်သည် ဘယ်လောက်များ ဟန်ချက်ပျက်ခဲ့ရလေသလဲ။

**ရာပြည့်စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ အလှဓာတ် ခန်းခြောက်ခဲ့ရလေသလဲ။ ဘယ်လောက်များ အသက်ရှူ ကျပ်ခဲ့ရလေသလဲ။ လူမှုရေး သိပ္ပံတွင် ကျွန်တော်တို့တစ်တွေ အောင်မှတ်ကလေးမှ ရကြပါလေစ။

ဤသို့ ထိုသို့သော အတွေးများ၏ အရိပ်အောက်မှာ ယခုဆောင်းပါးများကို ကျွန်တော် ရေးဖြစ်ပါသည်။

တိုက်တွေကို တစ်ဆင့်ပြီး တစ်ဆင့် မြင့်ပြီးရင်း မြင့်အောင် ဆင့်ယူနေသော ကမ္ဘာမြေပေါ်၌ ကျွန်တော်တို့၏ စိတ်အဆောက်အအုံများကိုလည်း အဆင့်ဆင့် မြင့်တင်ရန် လိုအပ်လှပါသည်။ ကျွန်တော်တို့သာမက ကျွန်တော်တို့၏ သားများ၊ သမီးများသည်လည်း စိတ်နေမြင့်မားရန် လိုအပ်သည်ဟု ကျွန်တော် ယုံကြည်မိပါ၏။ ကျွန်တော့် **သမီးဖတ်ဖို့** ဆောင်းပါးများသည် ယင်းတို့အတွက် အားထုတ်မှုပင် ဖြစ်ပါသည်။

မူလက ဤဆောင်းပါးများကို ထည့်သွင်းပေးခဲ့ကြသော ရနံ့သစ်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့၊ ချယ်ရီမဂ္ဂဇင်း အယ်ဒီတာအဖွဲ့၊ **ရှုက်နုဆေ**မဂ္ဂဇင်း အယ်ဒီတာအဖွဲ့၊ မြားနတ်**မောင်** မဂ္ဂဇင်း အယ်ဒီတာအဖွဲ့တို့အပြင် ဤဆောင်းပါးများ အတွက် ၁၉၉၈ ခုနှစ် ဆုကို ပေးခဲ့သည့် **ဖြူးမိတ်ဆွေများ စာကြည့်တိုက်အသင်း**တို့ကို ကျေးဇူးအထူး တင်ရှိအပ်ပါ၏။ စာအုပ်အဖြစ် စုစည်းထုတ်ဝေပေးသော ရာပြည့်စာအုပ်တိုက်၏ ကျေးဇူးတရားမှာကား ဆိုဖွယ်ရာ မရှိတော့ပါပြီ။

**မောင်သာချို**

၁၈၊ ဒီဇင်ဘာ၊ ၁၉၉၈

BURMESE CLASSIC .com

# ဈေးက ပြန်လာပြီလား

## (တစ်)

သမီးရေ....။

အဲဒီမနက်က ဖေဖေတို့ အိမ်ရာက ထတော့ သမီး တစ်ယောက် မနိုးတတ်လှသေးဘူး။ ငှမ်းစောင် အမွေးပွပွ ကြီးထဲမှာ ကွေးလို့။ ဖေဖေက လမ်းလျှောက်ထွက်ရအောင် နှိုးတော့ သမီးက အလျင်နေ့တွေကလို တက်တက်ကြွကြွ မရှိလှတဲ့အပြင် စောင်ခြုံထဲက မထွက်ဘဲ တအင်းအင်း တအဲအဲနဲ့ ညည်းလို့။ သမီးမေမေက အနွေးထည် ဝတ်နေ ရင်း တန်းလန်းကနေ တစ်ရက်တလေ အိပ်ပါစေလေတဲ့။ ဒါနဲ့ ဖေဖေလည်း ညက လူကြီးတွေ အိပ်တဲ့အထိ မအိပ်ဘဲ ရုပ်မြင်သံကြား အစီအစဉ် ပြီးတဲ့အထိ ကြည့်ပြီး ညဉ့်နက်မှ အိပ်ရာဝင်ခဲ့တဲ့ သမီးကို သနားကာ နှိုးမနေတော့ဘဲ ထားခဲ့ဖို့ ဆုံးဖြတ်လိုက်ရတယ်။ အဲဒီ မနက်ခင်းကတော့ သမီးမပါဘဲနဲ့ ဖေဖေရယ်၊ မေမေရယ် နှစ်ယောက်ထဲ လမ်းလျှောက် ထွက်ဖြစ်တဲ့ မနက်ခင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာကတော့ နှင်းတွေက ဖွေးဖွေးလှုပ်လှုပ်ပဲ သမီးရေ။ နေလုံးကြီးကို မမြင်ရပေမဲ့ နှင်းထုကို ဖောက်ပြီး ရွှတ်တိုးဝင်လာတဲ့ မနက်ခင်း နေရောင်ခြည်ရဲ့ အောက်မှာ မြို့ကလေးဟာ တောက်ပလို့ လှချင်တိုင်း လှနေတော့တာ ပါပဲ။ ထုံးစံအတိုင်းပေါ့။ ဖေဖေရယ်၊ မေမေရယ် မြို့ပတ်လမ်းအတိုင်း ဟိုး မြို့ပြင်ကို ရောက်တဲ့အထိ လျှောက်ဖြစ်ကြတယ်။ အဲဒီမှာက ကြည့်မဆုံးတဲ့ လယ်ကွင်းပြင်ကြီး ရှိတယ်။ စပါးတွေက ရိတ်သိမ်းဖို့ အသင့်။ မောင်းညိုကြာငိုက်စင်းလို့။ လေက မွှေးလို့၊ သန့်လို့။

ဖေဖေတို့ ပြန်လာကြတော့ အိမ်ကို မဝင်သေးဘဲနဲ့ ဈေးအထိ ဆက်လျှောက်သွားရင် ကောင်းမယ်လို့ စဉ်းစားမိကြတယ်။ အိမ်နဲ့ မနီးမဝေးမှာက ဖေဖေတို့ တစ်ခါတစ်ခါ ဝယ်နေကျ ရပ်ကွက်ဈေးလေး ရှိတယ်လေ။ ဈေးကြီးလိုလိုချင်တာ အကုန်မရပေမဲ့ ဟင်းချက်စရာ သီးနှံသားငါး လတ်လတ်ဆတ်ဆတ်တွေက ဒီဈေးကလေးမှာ အပြည့်ပေါ့။

လမ်းပေါ်မှာကတော့ ဈေးက ပြန်လာသူတွေ တောင်မှ ပြန်လာနေကြပါပြီ။ မျက်နှာစိမ်းတွေရော၊ မျက်နှာကျက်တွေရော။ သမီး မေမေကတော့ သူ့အသိ မိတ်ဆွေတွေကို တွေ့တိုင်း နှုတ်ဆက်ရတာ အမော။

**'ဈေးက ပြန်လာပြီလား'**....တဲ့။

ဟုတ်တယ်။ အဲဒီမနက် လမ်းတစ်လျှောက်လုံး သမီးမေမေ သူ့အသိ မိတ်ဆွေတွေကို နှုတ်ခွန်းဆက်နေပုံက **'ဈေးက ပြန်လာပြီလား'**ချည်းပါပဲ။ ဖေဖေ စိတ်ဝင်စားမိတယ်။



(နှစ်)

သမီးရေ....။

အဲဒီမနက်က ဈေးကို သွားရာ လမ်းတစ်လျှောက်လုံး သမီးမေမေ နှုတ်ဆက်သွားတဲ့ **'ဈေးက ပြန်လာပြီလား'** ဆိုတဲ့ မေးခွန်းဟာ သာမန်ကြည့်ရင်တော့လည်း သာမန် နှုတ်ဆက်စကားမျှသာပဲပေါ့။ **'ဈေးက ပြန်လာပြီလား'**ဟာ **'ဈေးက ပြန်လာပြီလား'**ပဲပေါ့။ ဒါပေမဲ့ သမီးမေမေ ဒီစကားကို သတိလက်လွတ် ပြောချခဲ့တာလား၊ ဒါမှမဟုတ် ဒီမနက်ခင်း ဒီလမ်းပေါ်မှာ ဒီစကားလောက်ပဲ ပြောမယ်လို့ အသေအချာ ဆုံးဖြတ် ပြောခဲ့တာလား။ **'ဈေးက ပြန်လာပြီလား'**ကို **'ဈေးက ပြန်လာပြီလား'** မှာ ဘာ့ကြောင့် မေမေ ရပ်နားပစ်ခဲ့သလဲ၊ ဖြတ်တောက်ပစ်ခဲ့သလဲ။ တခြား ဆက်ရန် မေးခွန်းတွေ မရှိတော့ဘူးလား။ ဥပမာ– **'ဘာတွေ ဝယ်လာခဲ့လဲ'** စတဲ့ မေးခွန်းမျိုး။

ဖေဖေ တစ်ခု ယုံကြည်တယ် သမီးရယ်။ သမီးမေမေဟာ ဘယ်သောကာလမှ **'ဈေးက ပြန်လာပြီလား'** နောက်မှာ တခြားမေးခွန်းတွေကို ဆက်မေးလိမ့်မယ် မဟုတ်ဘူး။ သူ တွက်ချက်ပြီးသား။ သူ ဆုံးဖြတ်ပြီးသား။ သူ ချိန်ဆပြီးသား။ သူ့အတွက် ဒီမနက်ခင်းမျိုးမှာ **'ဈေးက ပြန်လာပြီလား'** နဲ့တင် လုံလောက်တယ်။ ပြည့်စုံတယ်။ **'ဘာတွေ ဝယ်ခဲ့လဲ'**အစရှိ မေးခွန်းတွေဟာ ဖေဖေတို့အတွက် မေးစရာလည်း မလို၊ ဖြေစရာလည်း မလိုအပ်လှဘူးလို့ ဖေဖေတော့ ယူဆမိတယ်။

တကယ်တော့ သမီးရယ်၊ ဖေဖေတို့ ကမ္ဘာလောကကြီးဟာ မလိုလားအပ်တဲ့ နှုတ်ခွန်းဆက် အမေးစကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ အသက်ရှူ ခဏခဏ ကျပ်ခဲ့ရတယ်လို့ ဖေဖေတော့ ထင်မိတယ်။ မထင်မှတ်ဘဲနဲ့ပဲ ဖြစ်ဖြစ်၊ တမင် ရည်ရွယ်ချက်နဲ့ပဲ ဖြစ်ဖြစ် **'ဘာတွေ ဝယ်ခဲ့လဲ'** ကို မေးသူတွေက မေးခဲ့ကြတယ်။ ဖြေသူတွေကလည်း ဖြေခဲ့ရတယ်။

ကြက်သား ဝယ်လာတာကို ကြက်သား ဝယ်လာပါတယ်လို့ ဖြေဆိုဖို့ တချို့လူတွေမှာ အသက်ရှူ ကျပ်မသွားနိုင်ဘူးလား။ ငါးပိရည်၊ တို့စရာလေးမျှကို ဝယ်ခဲ့နိုင်သူက ငါးပိရည်၊ တို့စရာပဲ ဝယ်ခဲ့ပါတယ်လို့ ဖြေဆိုဖို့ တချို့လူတွေမှာ အသက်ရှူ ကျပ်မသွားနိုင်ဘူးလား။ ဒါဆိုရင် ဖြေမယ့်သူမှာ ဝေဒနာ တစ်စုံတစ်ရာ ဖြစ်သွားစေမယ့် **'ဘာတွေ ဝယ်ခဲ့လဲ'** လို မေးခွန်းမျိုးကို ဖေဖေတို့ မေးဖို့ရာ လိုအပ်မလိုအပ်။ သမီးမေမေကတော့ **'ဈေးက ပြန်လာပြီလား'** ဆိုတဲ့ သူ့ရဲ့ နှုတ်ဆက်မေးခွန်းကို ရပ်ရမယ့် နေရာမှာ တိတိကျကျရပ်လို့ သူ့မိတ်ဆွေတွေကို ဖြတ်သန်းသွားခဲ့ပြီ။ သူ့မိတ်ဆွေတွေကလည်း 'ပြန်လာပြီ ညီမရေ' စသဖြင့် အော်ဟစ်နှုတ်ဆက်ကာ သူ့ကို ဖြတ်သန်းသွားကြပြီ။ ဘာမှ အသက်ရှူကျပ်စရာ မလိုဘဲ၊ ဘာမှ စိတ်ကို ဒဏ်ရာအနာတရ မဖြစ်စေဘဲ၊ ဘာမှ ကြွားလုံးထုတ်စရာ မလိုဘဲ၊ ဘာမှ မုသားဆိုစရာ မလိုဘဲ။

(သုံး)

တကယ်တော့ သမီးရယ်၊ လောကရဲ့ နေရာတိုင်းမှာ ဖေဖေတို့၊ သမီးတို့တွေ ကိုယ့်မိတ်ဆွေတွေနဲ့ တွေ့ဆုံကြတိုင်း နှုတ်ခွန်းဆက် စကားတွေ ဆိုနေခဲ့ကြရတယ်။ ဈေးသွား ဈေးပြန် လမ်းမပေါ်မှာ။ အိမ်ခြံစည်းရိုး အစပ်မှာ။ ညနေခင်း





အညောင်းအညာပြေ လမ်းပေါ်မှာ။ ဘတ်စ်ကား မှတ်တိုင်မှာ။ ရုံးခန်းစားပွဲမှာ။ စကြိုလမ်းအချိုး တစ်နေရာမှာ။ လက်ဖက်ရည်ဆိုင်ထဲမှာ။ ဘုရား ရင်ပြင်တော်ပေါ်မှာ။

ဖေဖေတို့ဟာ ဖေဖေတို့ မိတ်ဆွေတွေကို နှုတ်ခွန်းဆက်စကား ဆိုကြတဲ့အခါ သူတို့တစ်တွေ လွတ်လပ်ပေါ့ပါးလို့ သွားကြပါစ။ အသက်ရှူချောင်လို့ သွားပါစ။ နှလုံးစိတ်ဝမ်း ညှိုးနွမ်းခြင်းမှ ကင်းပါစ။

ဖေဖေတို့ဟာ 'ထမင်း စားပြီးပြီလား' မှာတင် ရပ်တန့်လိုက်သင့်ပါရဲ့နဲ့ ဘာဖြစ်လို့ 'ဘာဟင်းနဲ့ စားလဲ' အထိ ဆက်ချင်ကြရပါသလဲ။ 'ချက်ပြီးကြပြီလား' မှာတင် တစ်ခန်းရပ်သင့်ပါရဲ့။ ဘာဖြစ်လို့ 'ဘာဟင်းချက်လဲ' အထိ ဓာတ်ရှည်သွားချင်ရပါသလဲ။ သည်လိုပါပဲ ဖေဖေတို့တစ်တွေ နှုတ်ခွန်းဆက် အမေးစကားတွေ ဆိုနေလိုက်ကြတာ။ 'ညက T.V ကြည့်ဖြစ်သေးလား'။ 'ဘယ်နှစ်က ကျောင်းပြီးတာလဲ'။ 'လခ ဘယ်လောက် ရလဲ'။ မရေမတွက်နိုင်တဲ့ မေးခွန်းများ။

သမီးရယ်၊ တချို့တချို့သော မိတ်ဆွေတွေအတွက် ဒီနှုတ်ဆက်မေးခွန်းတွေဟာ အဖြေရ ကျပ်လှပါတယ်။ 'အိမ်မှာ T.V မရှိပါဘူး' လို့ ဖြေဖို့ သူတို့ ဘယ်လောက် နာကျင်သွားရမလဲ။ 'ကျွန်မ ဘွဲ့မရခဲ့ပါဘူး' လို့ ဖြေဖို့ သူတို့ ဘယ်လောက် ထိခိုက်သွားရမလဲ။ 'လခ မကောင်းလှပါဘူး' လို့ ဖြေဖို့ သူတို့ ဘယ်လောက် သိမ်ငယ်သွားကြမလဲ။ မေးသူတွေက မေးနေကြလို့ ဖြေသူတွေက ဖြေခဲ့ကြရှာပြီ။ ဖေဖေတို့ဟာ ဖေဖေတို့ရဲ့ စကားတွေနဲ့ သူသိမိတ်ဆွေတွေကို မလောင်မြိုက်သွားစေသင့်ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com

(လေး)

အိမ်ပြန်ရောက်ရင်ဖြင့် ဖေဖေ့သမီး အိပ်ရာက နိုးလောက်ပြီ။ သမီးနဲ့ စကားပြောဖြစ်တဲ့အခါ ဈေးက ပြန်လာတဲ့ မိတ်ဆွေတွေကို **'ဘာတွေ ဝယ်ခဲ့လဲ'** ဆိုတဲ့ မေးခွန်း မမေးမိဖို့ ဖေဖေ ပြောရဦးမယ်။ ပြီးတော့ ဘာဟင်းချက်လဲ မမေးမိဖို့။ ဘာနဲ့ စားလဲ မမေးမိဖို့။ T.V ကြည့်ဖြစ်လား မမေးမိဖို့။ ဘယ်နှစ်က ကျောင်းပြီးတာလဲ မမေးမိဖို့။ လခ ဘယ်လောက်ရလဲ မမေးမိဖို့။

[ ချယ်ရီ၊ ဇန်နဝါရီ ၁၉၉၀ ]

## ကိုယ့်နောက်မှာ လူတွေ အများကြီး

(တစ်)

သမီးရေ....။

ဟိုးလွန်ခဲ့တဲ့ ရက်တွေတုန်းဆီက Counury boy ထဲမှာ ကြုံခဲ့ရတဲ့ အသက်ရှုကျပ်စရာ လူတစ်ယောက်ရဲ့ အကြောင်းကို သမီးကို ဖေဖေ ပြောပြရဦးမယ်။ Coun-ury boy ဆိုတာကတော့ သမီးနဲ့ ရင်းနှီးပြီးသားဖြစ်လို့ ဖေဖေက အထူးတလည် မိတ်ဆက်ပေးစရာ မလိုလှပါဘူး။ ကျောင်းပိတ်လို့ သမီးအားလပ်တဲ့အခါ လိုက်လိုက်ထိုင်တတ်တဲ့ ဖေဖေတို့ အနုပညာချစ်သူတွေ စုဝေးတတ်တဲ့ ဧရာဝတီမြစ်ဘေးက လက်ဖက်ရည်ဆိုင်ကလေးလေ။ ညနေတိုင်ရင် သည်ဆိုင်ကလေးမှာ ဖေဖေတို့ ထိုင်နေကျပေါ့။

အဲသည့်နေ့တုန်းကတော့ ဖေဖေရယ်၊ ကဗျာဆရာနှစ်ယောက်ရယ်၊ စာအုပ်ဆိုင်ပိုင်ရှင် တစ်ယောက်ရယ် Country boy မှာ ထိုင်နေဖြစ်ခဲ့ကြတယ်။ ထုံးစံအတိုင်းပေါ့ သမီးရယ်။ ဖေဖေတို့ စကားဝိုင်းကတော့ စာအုပ်တွေနဲ့ စာရေးဆရာတွေရဲ့ အကြောင်းတွေပဲပေါ့။ အဲသည့်နေ့ကတော့ စကားဝိုင်းမှာ ကဗျာဆရာတွေ များလို့သား မပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါဘူး။ ကဗျာအကြောင်းတွေချည်း ဖေဖေတို့ ပြောဖြစ်နေခဲ့ကြတယ်။ ကဗျာဆရာ တစ်ယောက်ကတော့ သူကြိုက်လွန်းလို့ ကူးလာတဲ့ ခေတ်ပေါ်ကဗျာတစ်ပုဒ်ကို တစ်ဝိုင်းလုံးပေးဖတ်ပြီး ဘယ်လို သဘောရပါသလဲတဲ့။ ဖေဖေတို့က လည်း ကဗျာကို ဖတ်ပြီးတာနဲ့ ဝိုင်းဆွေးနွေးဖို့ အသင့်လေ။ ထင်ရှားတဲ့ ကဗျာဆရာရဲ့ ထင်ရှားတဲ့ ကဗျာတစ်ပုဒ်ကို သူ့အမြင် ကိုယ့်အမြင် ဝိုင်းဝန်းဆွေးနွေးမယ်လို့ ပါးစပ်ပြင်တုန်းမှာပဲ အသက်ရှုကျပ်စရာကောင်းတဲ့ လူတစ်ယောက် ဖေဖေတို့ ဝိုင်းကို ရောက်လာတာပဲပေါ့။

(နှစ်)

ဖေဖေတို့ ဝိုင်းမှာ ထိုင်နေတဲ့ လူတွေထဲမှာ စာအုပ်ဆိုင်ပိုင်ရှင်ကလွဲရင် သူ့ကို ဘယ်သူကမှ မသိပါဘူး။ သူက လည်း စာအုပ်ဆိုင်ပိုင်ရှင်က လွဲရင် ဘယ်သူ့ကိုမှ မသိပါဘူး။ ဒါပေမဲ့ စာအုပ်ဆိုင်ပိုင်ရှင်က 'လက်ဖက်ရည် သောက်ပါဦး' လို့ လောကဝတ် ပြုလိုက်တာနဲ့ သူကလည်း ခုံတစ်လုံး ဆွဲကာ ဖေဖေတို့ ဝိုင်းမှာ ဝင်ထိုင်တော့တာပါပဲ။ သမီးရေ၊ အသက်ရှုကျပ်ခြင်းအစ ထိုလူ ဖေဖေတို့ စားပွဲမှာ ဝင်ထိုင်ခြင်းက ပဲပေါ့။

ဖေဖေတို့ တစ်ဝိုင်းလုံး တော်တော်ကြာကြာ တိတ်သွားတယ်။ ဘာကို ဆက်ပြောရမှန်း မသိတော့ဘူး။ ကဗျာဆရာတစ်ယောက်က ဖတ်ပြီးသား ကဗျာတစ်ပုဒ်ကို တစ်ခါပြီးတစ်ခါ ပြန်ဖတ်နေတယ်။ နောက် ကဗျာဆရာ တစ်ယောက်ကတော့ ခံစားမှုမပါဘဲနဲ့ ရေနွေး အေးစက်စက်တွေကို တစ်ခွက်ပြီးတစ်ခွက် ဆင့်ဆင့် သောက်နေတယ်။





ဖေဖေကတော့ ဆိုင်နံရံပေါ်မှာ တရွေ့ရွေ့ သွားနေတဲ့ ပုရွက်ဆိတ်တစ်ကောင်ကို လိုက်ကြည့် နေလိုက်တာပေါ့။

'ကျွန်းဈေးများဗျာ လေးသောင်းရှစ်ထောင်တဲ့၊ ကြောက်စမန်းလိလိပါပဲ'

သူက တစ်ဝိုင်းလုံးလုံးကို ခြုံငုံပြောလိုက်ရပေမဲ့ ဖေဖေတို့တစ်တွေက ဘာပြန်ပြောရမယ် မသိတတ်နိုင်ဘူး။ သူ့ကို တစ်ချက်ကြည့်လိုက်တာက လွဲလို့ ကဗျာ ဖတ်သူက ဆက်ဖတ်မြဲ။ ရေနွေး အေးစက်စက်ကို အတင်းမျိုချသူက ဆက်မျိုချနေမြဲ။ ဖေဖေကလည်း နံရံပေါ်က ပုရွက်ဆိတ်ကလေးကို လိုက်ကြည့်နေမြဲ။ သူကလည်း လက်ဖက်ရည်ခွက်ကို ကောက်မော့ကာ မသက်မသာ မျိုချနေဆဲ။ စာအုပ်ဆိုင်ပိုင်ရှင်ကတော့ သူ့မိတ်ဆွေ အနေမကျပ်အောင် ထင်ပါရဲ့။ 'မလွယ်ဘူးဗျာ' တဲ့။ တကယ်တော့ သူဟာလည်း ပြောမိပြောရာသာ ပြောချလိုက်ရတယ်။ ကျွန်းသစ်ဈေးကို စိတ်ဝင်စားလှဟန် မတူပါဘူး။

ဖေဖေတို့ ဝိုင်းကို နောက်မှ ရောက်လာသူဟာ သောက်လက်စ လက်ဖက်ရည်ခွက်နဲ့အတူ ထ ရ အခက်၊ ထိုင်ရအခက်နဲ့ ဆေးလိပ်ကိုသာ တွင်တွင်ဖွာနေပါတယ်။ ဖေဖေတို့ကရော သူ့ကို အသာထားပြီး ကဗျာအကြောင်း ဆက်ပြောနေဖို့ရာ အခက်။ တိတ်ဆိတ်နေတဲ့ ဝိုင်းမှာ သက်ပြင်းကိုယ်စီ ခိုးချနေဆဲမှာပဲ သူက စကားဆိုပြန်လာရဲ့။

'သစ်မာတောင်မှ နှစ်သောင်းဆိုတော့ဗျာ'

ဖေဖေတို့ဟာ သူ့ကို တစ်ချက်လှမ်းကြည့်ရုံက လွဲလို့ ဘာဝင်ပြောရမယ် ဆိုတာကို စဉ်းစားမရနိုင်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာပြန်ဖတ်၊ ရေနွေးပြန်သောက်၊ ပုရွက်ဆိတ် ပြန်ကြည့်။ စာအုပ်ဆိုင် ပိုင်ရှင်ကလည်း သူ့မိတ်ဆွေ အနေမကျပ် အောင် 'မလွယ်ဘူးဗျာ' နောက်တစ်ကြိမ် ထပ်ပြော။ ဝိုင်းက အသက်ရှုကျပ်စွာ တိတ်ဆိတ်သွားပြန်။

ပြောကြစို့ ဆိုရင်တော့ သမီးရယ်၊ ဖေဖေတို့က လည်း သူ့သစ်အကြောင်း ဝင်ရောဖို့ရာအခက်၊ သူကလည်း ဖေဖေတို့ ကဗျာအကြောင်း ဝင်နှောဖို့ရာ အခက်နဲ့ ကိုယ့် အသက်ရှုသံကို ကိုယ်ပြန်ကြားနေရတဲ့ လက်ဖက်ရည် ဝိုင်းဟာ တစ်ယောက်က 'ပြန်ကြစို့' လို့ စကားစလိုက်မှပဲ အနှောင်အဖွဲ့က လွတ်မြောက်သွားသလို လွတ်လပ်ပေါ့ပါး သွားပြီး အမြန်ဆုံး ဝိုင်းက ထ ဖြစ်လိုက်ကြပါတော့တယ်။

(သုံး)

တကယ်တော့ သမီးရေ၊ သူရော ကိုယ်ပါ အသက်ရှုကျပ် အောင် ဖြစ်ရတာကတော့ ဝိုင်းထဲကို နောက်မှ ဝင်လာ တဲ့ အဲသည့်လူကြောင့်ပါပဲ။ သည်နေရာမှာ ဖေဖေကတော့ ဖေဖေ့ မိတ်ဆွေတစ်ယောက်ကို အထူး သတိရမိတယ်။ တစ်ဖက်လူ အသက်ရှုချောင်ဖို့၊ တစ်ဖက်လူ လွတ်လပ် ပွင့်လင်းဖို့၊ တစ်ဖက်လူ အရှိန်မတန့်သွားဖို့ သိပ်ကို ကျွမ်း ကျင်တဲ့ လူတစ်ယောက်ပါပဲ။

တစ်ခါက တစ်ခုသော လက်ဖက်ရည်ဆိုင်ကလေး မှာ ပဲပေါ့။ ဖေဖေတို့တစ်တွေ ထိုင်နေလို့မှ မကြာတတ် သေးခင်မှာပဲ သူကလည်း လက်ဖက်ရည်သောက်ဖို့ ဆိုင် ထဲကို ဝင်လာခဲ့တယ်လေ။ ထုံးစံအတိုင်းပဲပေါ့။ ဖေဖေတို့ ဝိုင်းမှာ ထိုင်နေတဲ့ သူတွေထဲက သူနဲ့သိတဲ့ ဖေဖေရယ်၊





နောက်တစ်ယောက်ရယ်က လောကဝတ် ပြုမြဲအတိုင်း 'လက်ဖက်ရည် သောက်ပါဦး'လားပေါ့။ သူက ဖေဖေတို့ ဝိုင်းရှိရာကို လျှောက်လာပြီးတဲ့နောက် အားရပါးရပြုံးကာ မျက်နှာစိမ်း မျက်နှာကျက်၊ စကားစိမ်း စကားကျက် တစ်ခါတည်း နယ်နိမိတ် ပိုင်းဖြတ်လိုက်ကာ—

**'သောက်ပါဗျာ သောက်ပါ၊ ဟိုမှာ ထိုင်လိုက်ဦး မယ်၊ နောက်မှာ လူတွေ အများကြီး လိုက်လာမှာမို့လို့'**လို့ ဆိုပြီး စားပွဲခုံတစ်ခုမှာ တစ်ယောက်တည်း သွားထိုင်နေ လိုက်ပါတော့တယ်။

သမီးရယ်၊ တကယ်တော့ သူ့နောက်မှာ ဘယ်သူ မှ လိုက်လာစရာ အကြောင်းမရှိပါဘူး။ သူက အပေါင်း အသင်း မိတ်ဆွေ နည်းလွန်းလှသူလေ။ ဒါပေမဲ့ လူတွေ အများကြီး လိုက်လာဦးမှာမို့လို့ ဆိုကာ သူ လှလှပပ ကွင်းထွက်သွားတဲ့ ဖေဖေတို့ ဝိုင်းကလေးကတော့ စကား ပြော အရှိန်မပျက်။ လွတ်လပ်မှု အရှိန်မပျက်။ ကိုယ်ပြော မယ်လို့ ရွေးချယ်ထားတဲ့ ခေါင်းစဉ် အရှိန်မပျက်။ ကိုယ့်ချင်း ကိုယ့်ချင်းမို့ ပြောရဦးမယ်ဆိုတဲ့ နှစ်ကိုယ်ကြား၊ သုံးကိုယ် ကြား စကားလေးတွေ အရှိန်မပျက်။ သည်လို အရှိန်မပျက် အောင် သူက သူရှိနေရမယ့် နေရာကို အသေအချာ ရွေးချယ် ခဲ့တယ်။ မသိသား ဆိုးရွားစွာနဲ့ ဖေဖေတို့ဝိုင်းမှာ ဝင်ထိုင်ခဲ့ ရင် ဖေဖေတို့သာမက သူပါ ကြောင်တက်တက် ဖြစ်သွားနိုင် ပေမဲ့ ခုတော့ သူပါ လွတ်လပ်ပေါ့ပါးလို့။ ထရန်း ထိုင်ရန်း စိတ် အကျဉ်းအကျပ်တွေ၊ စကားဝင်ပြောရန်း မပြောရန်း စိတ် အကျဉ်းအကျပ်တွေ၊ ပိုက်ဆံ ဝင်ရှင်းရန်း မရှင်းရန်း စိတ်အကျဉ်းအကျပ်တွေ သူ့မှာ မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ လူတွေ အများကြီး လိုက်လာဦးမှာ မို့လို့ဆိုကာ ဖေဖေတို့ ဝိုင်းမှာ ဝင်မထိုင်ဘဲ တစ်ယောက်တည်း သွားထိုင်နေတဲ့ သူ့ကိုကြည့်ကာ ဖေဖေတော့ လေးစားနေမိတယ် သမီးရယ်။ သူ့ဘာသာသူ နောက်က လူတွေ လိုက်လာချင်လာ၊ မလာချင်နေ။

(လေး)

သမီးရေ....။

ဖေဖေတို့၊ သမီးတို့တစ်တွေဟာ ဘဝရဲ့ ခဏတာ အပန်းဖြေရာ ဆိပ်ကမ်းကလေးတွေအဖြစ် ခရီးတစ်ထောက် နားဖို့အတွက် လက်ဖက်ရည်ဆိုင်ကလေးတွေထဲ ဝင်ဖြစ်ခဲ့ကြတယ်။ အအေးဆိုင်ကလေးတွေထဲ ဝင်ဖြစ်ခဲ့ကြတယ်။ စားသောက်ဆိုင်ကလေးတွေထဲ ဝင်ဖြစ်ခဲ့ကြတယ်။ ဘီယာဆိုင်ကလေးတွေထဲ ဝင်ဖြစ်ခဲ့ကြတယ်။ အဲသည်အခါမှာ တွေ့ကြပြီပေါ့ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေး မျက်နှာစိမ်း မျက်နှာကျက်တွေ။

ဖေဖေတို့ဟာ ဘာဖြစ်လို့ သူများ စားပွဲဝိုင်းမှာ မသိသားဆိုးရွားစွာနဲ့ ဝင်ဝင် ထိုင်ဖြစ်နေခဲ့ကြတာလဲ။ ပင်ပန်းမှု တစ်ထောက် နားခိုရာနေရာမှာ ဘာဖြစ်လို့ နောက်ထပ် စိတ်ပင်ပန်းစရာ၊ အသက်ရှုကျပ်စရာတွေကို ဖေဖေတို့ နောက်ထပ် ဖန်တီးနေခဲ့ကြတာလဲ။ ပိုက်ဆံ ငွေကြေးသာမက အချိန်ကိုပါ ပေးဆပ်လိုက်ကြရပြီး စားပွဲဝိုင်းကနေ စိတ်မသက်မသာနဲ့ ထပြန်လိုက်ကြရမယ့် အဖြစ်မျိုးတွေဟာ လိုအပ်ပါသလား။

သမီးရယ်၊ ဖွင့်ထားတဲ့ တံခါးပေါက်တွေက တစ်





ဆင့် လောကကြီးမှာ သွားပါ လာပါ နေထိုင်စမ်းပါ။ ဒါပေမဲ့ ကိုယ့်ကြောင့် သူများတကာရဲ့ စားပွဲဝိုင်းတွေကို ဘယ်တော့မှ အသက်ရှုမကျပ်စေပါနဲ့။ သမီးကိုယ် သမီးလည်း ဘယ်တော့မှ အကျဉ်းအကျပ်ထဲကို ပို့မပစ်ပါနဲ့။ ကိုယ့်စားပွဲ ကိုယ့်နေရာကို အသေအချာ ရွေးချယ်ပါ။ လောကဝတ် ပျူငှာစွာနဲ့ တချို့က လှမ်းခေါ်ကြတဲ့တိုင် အကြောင်းပြစရာတွေက အများကြီးပါ သမီးရယ်။ ဖေဖေ့ မိတ်ဆွေလိုပေါ့။ "နောက်မှာ လိုက်လာမယ့် လူတွေ အများကြီး" ဆိုတာမျိုး။

[ ချယ်ရီ၊ ဖေဖော်ဝါရီ ၁၉၉၈ ]

www.burmeseclassic.com

www.burmeseclassic.com

# နှစ်ရက်ဆက် ငှားစရာ မလိုပြီ၊ မဂ္ဂဇင်း မဟေသီ

## (တစ်)

သမီးရေ....။

သည်တစ်ခါမှာတော့ ဟိုးတစ်ခါတုန်းဆီက ဖေဖေတို့၊ သမီးတို့တစ်တွေရဲ့ ဘ၀တာ ခရီးတစ်လျှောက်မှာ ခဏတာ ၀င်ရောက် ကွန်းခိုနားခဲ့ဖူးတဲ့ အညာက ကောလိပ်ကလေးတစ်ခုရဲ့ တစ်ခုသော ညနေခင်းကလေးကို ဖေဖေက သတိရမိတဲ့အကြောင်း သမီးကို ပြောပြချင်မိ ပြန်ပါရဲ့ကွယ်။ ဖေဖေ့သမီး သိထားပြီးတဲ့ အတိုင်းပါပဲ။ ဖေဖေတို့ ကောလိပ်ကလေးရဲ့ ရှေ့မှာက တစ်ဖက်သတ်သတ် စီတန်းပေါက်နေတဲ့ တမာတန်းကလေးလေ။ သည် တမာတန်းကလေးရဲ့ နံဘေးမှာက ရဲရဲနီနေတဲ့ လမ်းကလေး။ ညနေတိုင်းရင် သည်လမ်းကလေးပေါ်မှာ ဖေဖေ အမြဲတမ်း လျှောက်နေကျ။ ကောလိပ်ရှေ့ ကားလမ်းမကြီးတစ်ဖက်က စာအုပ်ဆိုင်ကလေး ရှိရာကို ဖေဖေက သွားနေကျ။

သမီးကို ပြောပြချင်တဲ့ အဲသည့် တစ်ညနေခင်းတုန်းကတော့ ဖေဖေနဲ့အတူ ဖေဖေ့လိုပဲ စာအုပ်တွေကို ချစ်တဲ့ မိတ်ဆွေတစ်ယောက်ကလည်း လမ်းကလေးအတိုင်း လိုက်လာခဲ့ပါတယ်။ သူကလည်း စာအုပ်ဆိုင်ကို သွားပြန်အပ်ဖို့အတွက် လက်ထဲမှာ မဂ္ဂဇင်းအသစ် တစ်အုပ်ကို ကိုင်လို့။





အဖေတို့နှစ်ယောက်ဟာ ညနေခင်းရဲ့ လမ်းကလေးပေါ်မှာ လျှောက်သွားနေခဲ့ကြရင်း၊ ထွေရာလေးပါး စကားတွေကို ဆိုကြရင်းက တစ်ဆင့် သူ့လက်ထဲမှာ ပါလာတာဟာ အခုလထုတ် မဂ္ဂဇင်းတစ်အုပ် ဖြစ်ကြောင်းနဲ့ မဟေသီမဂ္ဂဇင်း အသက်စက်စက် ဖြစ်တဲ့အကြောင်းတွေကိုပါ ဖေဖေ သိခဲ့ပါတယ်။ သမီးရေ၊ သူက ဖေဖေ ရုတ်တရက် ငိုင်ကျသွားစရာ စကားတစ်ခွန်းကို ဆိုပါတယ်။

**'မဟေသီကလည်းဗျာ၊ တစ်အိမ်လုံး ဝိုင်းဖတ်နေလိုက်ကြတာ၊ ကိုယ့်အလှည့် မရောက်ဘူး၊ တစ်ပုဒ်လား ဖတ်ရသေးတယ်၊ မတတ်နိုင်ဘူးလေ၊ ခု ပြန်အပ်ပြီး နောက်မှ ပြန်ငှားရမှာပဲ'**

ဩော် ကိုယ်၀ါသနာပါတဲ့ ကိစ္စပဲ သမီးရယ်၊ ဖတ်လည်း ဖတ်ချင်သေး၊ ဖတ်လည်း မဖတ်ရသေးဘူးလို့ဆိုရင် နောက်တစ်ရက် ဆက်ငှားထားလိုက်ရုံပဲပေါ့။ သည်တုန်းက မဟေသီမဂ္ဂဇင်းက တစ်ရက်ငှားဖတ်ခက ၆ ကျပ် ဥစ္စာ။ သူ့အတွက် ပြောရလောက်အောင်လည်း ၀န်ထုပ်၀န်ပိုးကြီး ဖြစ်မသွားနိုင်ပါဘူး။ ဒီလူ့နှယ် စစ်စီစရာ မဟုတ်တဲ့ ကိစ္စကို စစ်စီနေရပြန်လေခြင်းရယ် လို့ ဖေဖေ စဉ်းစားမိပြီး ပြောမနာဆိုမနာတွေမို့ စဉ်းစားမိတဲ့အတိုင်းပဲ ဖေဖေက ပြောချမိခဲ့ပါတယ်။ သူကတော့ ပြုံးလို့။ ပြီးတော့မှ စကားတွေ—စကားတွေ။

ပြောရရင်တော့ သမီးရယ်။ အပြုံးရဲ့ နောက်ကနေ တယ်ပါလာတဲ့ သူ့ရဲ့စကားတွေက ဖေဖေ့ကို ထပ်ပြီး ငိုင်တွေသွားစေခဲ့တာကတော့ အမှန်ပါပဲ။ သူက ပြောတယ်လေ မဟေသီ မဂ္ဂဇင်းကို သူ ကြိုက်တယ်တဲ့။ လတိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ငှားဖတ်တယ်တဲ့။ တစ်ရက်ငှားဖတ်ခ ၆ ကျပ်ကိုလည်း မနှမြောဘူးတဲ့။ တကယ်လို့ တစ်လလုံး ငှားထားမိပြီး ၁၈၀ ပေးလိုက်ရမယ် ဆိုရင်လည်း သူ့အတွက် ဘာမှ မဖြစ်လောက်ဘူးတဲ့။ ပေါ့ပေါ့ပါးပါးပဲ ပေးနိုင်ပါတယ်တဲ့။ ဒါပေမဲ့ သူ့လိုပဲ မဟေသီကို ဖတ်ချင်လို့ စာအုပ်ဆိုင်ကလေးမှာ လာလာ စောင့်နေသူတွေက တစ်ပုံတစ်ပင်လေတဲ့။ သူတို့ကို အားနာတယ် တဲ့။ ကိုယ်က ဦးဦးဖျားဖျား သွားငှားထားခဲ့ပြီး ငွေပေးနိုင်တယ် ဆိုတဲ့ အင်အားနဲ့ တခြားလူတွေရဲ့ အလှည့်၊ တခြားလူတွေရဲ့ စောင့်စားမှုကို သူ မသိချင်ယောင်ဆောင်ဖို့ နောက်ကျောမလုံဘူးတဲ့။ သမီးရယ်၊ ဖေဖေ သူ့မျက်နှာကို တလေးတစားနဲ့ အကြာကြီး ငေးကြည့်နေမိလိုက်တာ။ တမာရိပ်တွေ အုပ်မိုးထားတဲ့ ကောလိပ်ရှေ့က မြေနီနီ လမ်းကလေးပေါ်မှာလေ။

(နှစ်)

သမီးရေ....။

တခြားလူတွေလည်း ဖတ်ချင်ကြလို့ မျှော်နေတဲ့ မဟေသီ မဂ္ဂဇင်းကို တစ်ရက်ငှားဖတ်ခ ၆ ကျပ်နဲ့ တစ်လလုံးလုံး ငှားထားချင်ရင် ငှားထားနိုင်ပါတယ် ဆိုတဲ့ ဖေဖေ့မိတ်ဆွေရဲ့ စကားလိုပဲ ဖေဖေတို့၊ သမီးတို့ မှီတင်းနေထိုင်ရာ ကမ္ဘာမြေကြီးပေါ်မှာက ကိုယ့်အင်ကိုယ့်အားနဲ့ တတ်နိုင်လို့ ရယူကြမယ်ဆိုရင် ရယူစရာ အသီးအပွင့် အခွင့်အလမ်းတွေကဖြင့် တစ်ပုံတစ်ပင်ပါပဲ သမီးရယ်။ ဒါပေမယ့် စဉ်းစားဖို့ ကောင်းတာက ဖေဖေတို့၊ သမီးတို့ တစ်တွေဟာ ရတိုင်းကို ယူသင့်ကြသလား ဆိုတာပါပဲ။





"မိနစ်ကို ....ကျပ်" လို့ ရေးထားတဲ့ အများသုံးတယ်လီဖုန်းကလေးကို လက်က မချစတမ်း ကိုင်ထားကာ **"အလကား ပြောနေတာ မဟုတ်ဘူး၊ ပိုက်ဆံပေး ပြောနေတာ"** ဆိုတဲ့ မျက်နှာပေးနဲ့ တောင်စဉ် ရေမရတွေကို ပြောချင်တိုင်း ပြောနေတဲ့ မိန်းမကြီး တစ်ယောက်ကို ဖေဖေ တွေ့ဖူးခဲ့တယ်။ သူ့နောက်မှာကတော့ သာရေးတွေ နာရေးတွေ၊ သေရေးတွေ ရှင်ရေးတွေနဲ့ ဖုန်းပြောဖို့ရာ စောင့်နေရှာတဲ့ လူတွေ တစ်ပုံကြီး။

"သီချင်းတစ်ပုဒ် ၃၀ ကျပ်"လို့ ရေးထားတဲ့ ကာရာအိုကေ သီချင်းဆိုခန်းကလေးထဲမှာ မိုက်ကို လက်က မချစတမ်း ကိုင်ကာ "**အလကား ဆိုနေတာ မဟုတ်ဘူး၊ ပိုက်ဆံပေး ဆိုနေတာ**" ဆိုတဲ့ မျက်နှာပေးနဲ့ သီချင်းတစ်ပုဒ်ပြီး တစ်ပုဒ် ဆိုချင်တိုင်းဆိုနေတဲ့ လူငယ်တစ်ယောက်ကို ဖေဖေ တွေ့ဖူးခဲ့တယ်။ သူ့နောက်မှာကတော့ ပျော်ချင်ပါးချင်လွန်းလို့ သီချင်းဆိုဖို့ရာ စောင့်နေရှာတဲ့ လူတွေ တစ်လှေကြီး။

"တစ်ခါစီး ၁၀ ကျပ်"လို့ ရေးထားတဲ့ ဘုရားပွဲတော်တစ်ခုက ချားရဟတ်ကလေးတစ်ခုရဲ့ မော်တော်ကားရုပ်ကလေးထဲမှာ ကိုယ့်ရဲ့ ကလေးကို ကိုယ်ထည့်ပြီး "**အလကား စီးနေတာ မဟုတ်ဘူး၊ ပိုက်ဆံပေး စီးနေတာ**"ဆိုတဲ့ မျက်နှာပေးနဲ့ တစ်ကျော့ပြီးတစ်ကျော့ စီးခိုင်းနေတဲ့ မိဘနှစ်ပါးကို ဖေဖေ တွေ့ဖူးခဲ့တယ်။ သူတို့ နောက်မှာကတော့ အော်ချင် ဟစ်ချင်လွန်းလို့ ရဟတ်စီးဖို့ရာ စောင့်နေတဲ့ ကလေးတွေနဲ့ မိဘတွေ တစ်ထွေးကြီး။

"ခရီးစဉ် အစအဆုံး ၁၅ ကျပ်" လို့ ရေးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မှန်လုံ အမြန်ယာဉ်ငယ်လေး တစ်စီးပေါ်မှာ လူတစ်ယောက်တည်းက လက်မှတ်နှစ်စောင် ဝယ်ပြီး **"အလကား ထိုင်နေတာ မဟုတ်ဘူး၊ ပိုက်ဆံပေး ထိုင်နေတာ"**ဆိုတဲ့ မျက်နှာပေးနဲ့ ခုံနှစ်ခုံကို တစ်ယောက်တည်း ထိုင်နေတဲ့ လူတစ်ယောက်ကို ဖေဖေ တွေ့ဖူးခဲ့တယ်။ သူ့နောက်မှာကတော့ ထိုင်ခုံလွတ်ကို ရှာနေတဲ့ ကိုယ်ဝန်ဆောင်မိန်းမ တစ်ယောက်ရယ်၊ ကျောင်းသားငယ်လေး တစ်ယောက်ရယ်၊ အဒေါ် ဝဝဖိုင့်ဖိုင့်ကြီး တစ်ယောက်ရယ်၊ ရုံးဝန်ထမ်း ဖြစ်ဟန်တူသူ တချို့ရယ်နဲ့ လူတွေ တစ်စုကြီး။

ဩော် လူတွေ .... လူတွေ။

ပေးနိုင်သူက အကုန်ယူကြစတမ်းလား သမီးရယ်။

လောကကြီးမှာ သူများအတွက်လည်း အလှည့်ပေးဖို့ ဆိုတာ ဖေဖေတို့ မေ့လျော့နေမိခဲ့ကြလေပြီလား။

(သုံး)

အဲသည့်နေတုန်းက ကိုယ်မဖတ်ရသေးတဲ့ မယောသီကို ကိုယ့်အိမ်မှာ ကြာနေတဲ့အတွက် တခြားဖတ်ချင်သူတွေ မျှော်မော မနေရအောင် စာအုပ်ဆိုင်ကလေးဆီမှာ သွားပြန် အပ်ခဲ့တဲ့ ဖေဖေ့မိတ်ဆွေကို ကြည့်ရင်း ဖေဖေ စိတ်ကြည်နူးလိုက်တာ။

သမီးရေ .... ဖေဖေတို့၊ သမီးတို့တစ်တွေ တန်ရာတန်ကြေး ပေးထားတာပဲဆိုတဲ့ စိတ်နဲ့ ရတာကို အကုန်ယူမိရာက ကိုယ့်လို လောကသားတွေရဲ့ အလှည့်ကို လက်ဝါးကြီး မအုပ်မိကြစတမ်းနော်။ မှန်လုံကားကလေးပေါ်မှာက ခရီးသည်တွေ အများကြီး၊ တစ်ယောက်တစ်ခုံ စီးကြတာပေါ့ သမီးရယ်။ ဘုရားပွဲတော်မှာက ချားရဟတ် စီးမယ့်





လူတွေ အများကြီး၊ တစ်ယောက်တစ်လှည့် စီးကြတာပေါ့ သမီးရယ်။ ကာရာအိုကေခန်းထဲမှာက သီချင်း ဆိုမယ့် လူတွေ အများကြီး၊ တစ်ယောက် တစ်လှည့် ဆိုကြတာပေါ့ သမီးရယ်။ တယ်လီဖုန်းရုံကလေးထဲမှာက ဖုန်းပြောမယ့် သူတွေ အများကြီး၊ တစ်ယောက်တစ်လှည့် ပြောကြတာပေါ့ သမီးရယ်။

**"သူများတွေလည်း ဖတ်ချင်နေမှာပေါ့"** ဆိုတဲ့ အတွေးနဲ့ မယောသီကို သွားပြန်အပ်တတ်တဲ့ စိတ်ဓာတ်မျိုးတွေနဲ့ အတူ စာအုပ်ဆိုင်ကလေးရှိရာကို ဖေဖေ့သမီးကို သွားစေချင်လိုက်တာ။ သမီးရေ.... တစ်ရက်ကို ၆ ကျပ်နဲ့ တစ်လလုံး ငှားထားနိုင်တယ်ဆိုတဲ့ အရုပ်ဆိုးသော အတွေးညှို့သည်တွေ ဖေဖေတို့ဆီကို လာမလည်ကြစတမ်းနော်။ တစ်ယောက် တစ်လှည့် ဖတ်သွားကြရအောင်လား။

[ ရနံ့သစ်၊ ဖေဖော်ဝါရီ ၁၉၉၈ ]

www.burmeseclassic.com

www.burmeseclassic.com

## တောင်ကြီးမြို့သူရဲ့ နောက်ကွယ်က မုန့်ဟင်းခါးတစ်ပွဲ

(တစ်)

သမီးရေ....။

ဟိုး လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က ဖေဖေတို့၊ သမီးတို့ တစ်တွေ ရှမ်းမြို့တော် တောင်ကြီးရှိရာကို အလည်အပတ် သွားခဲ့ကြတဲ့ ခရီးစဉ်ကလေးကိုတော့ ဖေဖေ့သမီး တစ်ယောက် မှတ်မိနေလိမ့်ဦးမယ်လို့ ဖေဖေ ထင်မိတယ်လေ။ ဖေဖေတို့တစ်တွေ သွားလည်ကြတုန်းက ကမ္ဘာ့ဇဟာ အထူဆုံး အနွေးထည်ကို ဝတ်ထားရတဲ့ ဒီဇင်ဘာလကျန် ဆောင်းရက်တွေထဲမှာပဲပေါ့။

ချယ်ရီပန်းတို့ ပွင့်ဝေကြရာ၊ ပါးအို့ နီနီရဲရဲတို့ရဲ့ စကားသံကလေးတွေ ဝဲကြရာ ကမ္ဘာ့ဇတစ်ခွင်ကို ဖေဖေတို့ တစ်ဝ လည်ကြပြီးတဲ့နောက် မန္တလေးကို ခရီးဆက်မယ့် မနက်ကျတော့ အေးသာယာကို ဖေဖေတို့ ရောက်နေကြရပါရော။ အေးသာယာဆိုတာက တောင်ကြီးမြို့





ဆောက်ခြေက အဝေးပြေးကားတွေ စုဝေးရာ ဂိတ်စခန်းမြို့သစ်ကလေးလေ။

ဖေဖေတို့ အေးသာယာကို ရောက်တော့ အချိန်က ဆောက်တော်ကလေးကို စောပါသေးတယ်။ ဒါနဲ့ တစ်ခုခု စားကြ သောက်ကြရရင် ကောင်းမှာပဲဆိုပြီး နီးရာ ဆိုင်ကလေး တစ်ဆိုင်ထဲကို ဝင်ဖြစ်ခဲ့ကြပါရဲ့။ ဖေဖေတို့တစ်တွေ ဝင်ဆိုင်ဖြစ်လိုက်ကြတာက မိန်းကလေး နှစ်ယောက် ရောင်းနေတဲ့ မုန့်ဟင်းခါးဆိုင်ကလေး။ အင်းလေ၊ အဲသည့်ဆိုင်လေးမှာ ထိုင်မိခဲ့ကြရာကစလို့ ဖေဖေ့ သမီးကို ဖေဖေက ပြောပြချင်စရာတွေ ရှိလာရပြန်တာပဲပေါ့။

(နှစ်)

ပြောရရင်တော့ သမီးရယ်၊ ဟောသည့် ကမ္ဘာပေါ်မှာ မုန့်ဟင်းခါးဆိုင် တစ်ဆိုင်တည်းရှိပြီး အဲသည့်ဆိုင်ကလည်း မြောက်ဝင်ရိုးစွန်းမှာ သွားဖွင့်ထားတယ် ဆိုရင်တောင် သွားစားဖို့ ဝန်မလေးချင်တဲ့ သမီးနဲ့ သမီးမေမေတို့တစ်တွေ မုန့်ဟင်းခါးကို ကိုယ်စီ မှာကြပြီပေါ့။ ဖေဖေကတော့ ဟိုးခပ်လှမ်းလှမ်း လက်ဖက်ရည်ဆိုင်က လက်ဖက်ရည် တစ်ခွက်ကိုပဲ မှာခိုင်းလိုက်ခဲ့ပါတယ်။

တကယ့်တကယ်တမ်းကတော့ ဖေဖေဟာလည်း ယောကျ်ားမဆန်လွန်းစွာ မုန့်ဟင်းခါးကြိုက်သူဆိုတာ ဖေဖေ့ သမီး သိပါတယ်။ ဝါးခယ်မမှာ သင်္ဘောဆိုက်တဲ့အခါ ဆိပ်ကမ်းပေါ်ကို မဟားတရား ခုန်တက်ပြီး ပုစွန် ဦးနှောက်ကြော်နဲ့ ရောင်းတဲ့ မုန့်ဟင်းခါးကို ဖေဖေ ပြေးစားတတ်တာ သမီး အသိ။ လပွတ္တာရောက်ရင် မနက် ထမင်းညထမင်း

www.burmeseclassic.com



ကို အသာလေး လွှတ်ပေးလိုက်ပြီး ဇင်ရွဲတစ်လှည့်၊ မခွေးလေး တစ်လှည့် မုန့်ဟင်းခါးဆိုင်က ဖေဖေ မထတာ သမီး အသိ။ ရန်ကုန်မြို့တော်မှာ ဟင်းခါးရည်ကို ဆီမသတ်ဘဲနဲ့ ချက်တယ်လို့ နာမည်ကြီးတဲ့ မြောင်းမြ ဒေါ်ချိုတို့၊ ဘီတွတ် လှလှရီတို့ရဲ့ ဆိုင်တွေဘက်ကို ဖေဖေ လစ်လစ် ထွက်သွားတတ်တာ သမီး အသိ။ ဟသ်ာတက ငါးသလောက်ဥကြော်နဲ့ နာမည်ကြီးတဲ့ မြစ်ကျွေ့ကျောင်းလမ်း မုန့်ဟင်းခါးဆိုင်ကို ဖေဖေ ရောက်ရောက်သွားတတ်တာ သမီး အသိ။ ဒါပေမဲ့ သမီးရယ်၊ မုန့်ဟင်းခါးလို့ နာမည်တပ်ထားရုံနဲ့ ကြုံရာ အရပ်မှာ ကြုံရာပါးစပ်နဲ့ စားလိုက်ရအောင်ကတော့ ဖေဖေ့ ရသ တဏှာက အညှာမလွှယ်လှပြန်ဘူး။ ဟင်းချိုအောင် ဆိတ်ရိုး၊ အမဲရိုး ပြုတ်ထည့်တတ်တဲ့၊ ငါးပိလေး ဖွက်ထည့်တတ်တဲ့ မြောက်ပိုင်းက မုန့်ဟင်းခါးတွေကို ဖေဖေ ကြောက်တယ်လေ။ ပုဂံ–ညောင်ဦး၊ မိတ္ထီလာ၊ မန္တလေး၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း ဘယ်တော့မှ ဖေဖေ မုန့်ဟင်းခါး မစားခဲ့ဘူး။ ဒါကြောင့် တောင်ကြီးမြို့ ခြေရင်းမှာလည်း လက်ဖက်ရည် တစ်ခွက်ကိုသာ ဖေဖေ မှာသောက်နေခဲ့ပါတယ်။

မှတ်မိသေးတယ်။ အဲသည့်နေ့က သမီးရယ်၊ သမီး မေမေရယ်လေ တစ်ဇွန်း နှစ်ဇွန်းလောက် စားရသေးတယ်၊ မျက်နှာ ရှုံ့ခနဲ ဖြစ်သွားပြီး ဆက်မစားကြတော့ဘူး။ သမီးရေ.... စားဝတ်နေရေးအတွက် ဘယ်လိုမှ မလုပ်မဖြစ်တော့တာကြောင့် မချက်တတ် ချက်တတ်နဲ့ ချက်ရောင်းရရှာတဲ့ မုန့်ဟင်းရည်မို့များ သမီးတို့ ပါးစပ်ကို မတိုးလေရော့သလား။ ဒါမှမဟုတ် သူ့ရွာနဲ့ သူ့အထာ အကောင်းဆုံး ချက်ထားပါလျက်နဲ့ သမီးတို့ပါးစပ်နဲ့ စိမ်းနေလို့များ ခံတွင်း





မတွေ့လေရော့သလား။ ဒါတွေကိုတော့ ဖေဖေ မသိပါဘူး။ ဒါပေမဲ့ အဲသည့်တုန်းက သမီး မေမေတစ်ယောက် မုန့်ဟင်းခါးနှစ်ပွဲကို တစ်ပွဲတည်း ပေါင်းပြီး ဘေးနားက မြောင်းထဲကို သွန်ပစ်လိုက်ဖို့ ပြင်ဟာကိုတော့ ဖေဖေ သတိထားမိခဲ့လိုက်တယ်။

တော်သေးတာပေါ့ သမီးရယ်။ ဖေဖေက ဦးအောင်လှမ်းတားမိလိုက်လို့သာပေါ့။ မတားမိလိုက်ရင် သမီး မေမေ သွန်မယ့်အချိန်မှာ မိန်းကလေးတစ်ယောက်က လှမ်းကြည့်လို့။ ဘယ်လောက် မျက်နှာပူစရာ ကောင်းလိုက် လေမလဲ။ တကယ်တော့ သည် မုန့်ဟင်းခါးပွဲဟာ သွန်တော့ သွန်ပစ်ရမယ့် မုန့်ဟင်းခါးပွဲပေါ့ သမီးရယ်။ ဒါကို ဖေဖေ သိပါတယ်။

ဒါပေမဲ့ ဖေဖေတို့က မစားဘဲနဲ့ ပြန်ပေးပြီး ငွေပေးဖို့ ဆိုတာ မသင့်တော်သလို၊ ပိုက်ဆံပေးထားတာဆိုတဲ့ စိတ်နဲ့ သူ့ရှေ့မှာတွင် သွန်ပစ်လိုက်ဖို့ ဆိုတာဟာလည်း ရိုင်းသီးလွန်းတယ်လို့ ဖေဖေကတော့ ယူဆမိတယ်။ သည်တော့ ဖေဖေ ဘာလုပ်လိုက်သလဲ သိလား။ ဟိုး ကောင်တာရဲ့ နောက်မှာ မိန်းကလေး တစ်ယောက်က ပန်းကန်ကို ငုံ့ဆေးနေတုန်း၊ တစ်ယောက်က တခြားဝိုင်းကို သွားနေတုန်းမှာ သမီး မေမေရှေ့က မုန့်ဟင်းခါး ပန်းကန်ကို ဆတ်ခနဲ ဆွဲယူပြီး မြောင်းထဲကို သွန်ပစ်လိုက်တာပေါ့။ တောင်ကြီး မြို့ရဲ့ ခြေရင်းမှာ မိန်းကလေးတွေ မသိအောင် သွန်ပစ်လိုက်တဲ့ မုန့်ဟင်းခါးတစ်ပွဲကို ဖေဖေ့သမီး မှတ်မိနေလိမ့်ဦးမယ်လို့ပဲ ဖေဖေ ယုံကြည်မိပါတယ်။

www.burmeseclassic.com

(သုံး)

သမီးရယ်၊ လောကကြီးထဲမှာက ကာယကံရှင် မသိအောင် သွန်ပစ်ရမယ့် မုန့်ဟင်းခါးပွဲတွေက အများသားလို့ ဖေဖေ တော့ ယူဆမိတယ်။

ဟိုး တစ်ခါတုန်းက ဖေဖေနဲ့ ဖေဖေ့မိတ်ဆွေ တစ်ယောက်တို့ တောလက်ဖက်ရည်ဆိုင်ကလေး တစ်ခုမှာ ထိုင်ခဲ့ကြဖူးတယ်။ တစ်နေ့လုံးနေလို့မှ ခွက် ၅၀ ပြည့်အောင် ရောင်းရဟန်မတူတဲ့ ဆိုင်ကလေးထဲမှာက ပိုင်ရှင်လည်းသူ၊ ငွေကိုင်လည်းသူ၊ ဖျော်တာလည်းသူ ဖြစ်ဟန်တူသူက ဖေဖေ တို့ မှာတဲ့ လက်ဖက်ရည်နှစ်ခွက်ကို လာချပါတယ်။ ဘယ် လိုမှ သောက်မရတဲ့ လက်ဖက်ရည်ပါ သမီးရယ်။ ချိုရဲရဲ ပျစ်ချွဲချွဲကြီး။ ဖေဖေကတော့ တစ်ငုံ၊ နှစ်ငုံ သောက်ပြီး ခွက်ထဲကို ရေနွေးတွေ ထပ်လောင်းထည့်ကာ ရေနွေးသွန် သလို ဘာလိုလိုနဲ့ အသာ သွန်ပစ်လိုက်တာပေါ့။ ဖေဖေ့ မိတ်ဆွေကတော့ သွန်လည်း မသွန်၊ သောက်လည်း မသောက်။ ဒါနဲ့ နောက်ဆုံးမှာ ငွေရှင်းကြတော့ ဆိုင်ရှင်က ဖေဖေ့ မိတ်ဆွေရဲ့ လက်ဖက်ရည်ခွက်ကို ကြည့်ပြီး တော် တော်ကလေး မျက်နှာပျက်ရှာပါတယ်။

'နောင်ကြီး ဘာလိုလို့လဲဗျာ' တဲ့။

ဖေဖေ့ မိတ်ဆွေကတော့ လက်ပဲ ကာပြပါတယ်။ ရပါတယ်ပေါ့။ ဆိုင်ရှင်ဟာ ဖေဖေတို့ ပေးလိုက်တဲ့ ငွေ ကို မသက်မသာကြီး ယူထားရတဲ့ပုံနဲ့ တစ်ချက်ကလေးမှ မျက်နှာ မကောင်းရှာဘူး။ သူ တတ်သမျှ မှတ်သမျှ ဝန် ဆောင် ပေးလိုက်တဲ့အပေါ်မှာ တစ်ဖက်က အသိအမှတ်





ပြုလေခြင်းဆိုတဲ့ ခံစားမှုမျိုးနဲ့ပါ။ သမီးရယ် .... အစ ကတည်းက သည်လက်ဖက်ရည်ခွက်ကို သူ မသိအောင် ဖေဖေတို့ သွန်ပစ်ထားခဲ့မိရင် အကောင်းသားပါလား။

(လေး)

သမီးရေ....။

ကျောင်းဆရာတစ်ယောက်က အတန်းရှေ့မှာ အားရပါးရ သင်နေတုန်းမှာ ဝါးခနဲ သမ်းဝေလိုက်တဲ့ ကျောင်းသားမျိုးကို ဖေဖေတို့ တွေ့ဖူးတယ်။ စာရေးဆရာ တစ်ယောက်၊ ပညာရှင်တစ်ယောက် စင်မြင့်ပေါ်က ဟော ပြောနေတုန်းမှာ အလကားပါကွာဆိုတဲ့ မျက်နှာပေးနဲ့ ဝုန်းဝုန်းဒိုင်းဒိုင်း ထ ထွက်သွားသူတွေကို ဖေဖေတို့ တွေ့ဖူး တယ်။ စင်မြင့်ပေါ်မှာ အဆိုတော်တစ်ယောက်က ကြိုးစား သီဆိုနေတုန်း တော်ပါတော့ဗျို့လို့ အော်ထွက်သူတွေကို ဖေဖေတို့ တွေ့ဖူးတယ်။ ခြေရင်းက အိမ်က အမြတ်တနိုး ချက်ပို့လာတဲ့ အုန်းနို့ခေါက်ဆွဲကို မအီမသာ လက်ခံရင်း ကျွန်မတို့က အဆီအအိမ့် ကြောက်တာလို့ ပြောထွက်သူ အိမ်နီးချင်းတွေကို ဖေဖေတို့ တွေ့ဖူးတယ်။

သမီးရေ....။

ဆရာ့ရင်ထဲ ဆို့မသွားအောင် တိတ်တိတ်ကလေး မသမ်းဝေသင့်ဘူးလား။ စင်ပေါ်က ပညာရှင် ရင်ထဲ အောင့် မသွားအောင် ခပ်လျှိုလျှိုကလေး ထွက်မသွားသင့်ဘူးလား။ စင်မြင့်ထက်က အဆိုတော်ရင်ထဲ ညှိုးမသွားအောင် မှောင် ရိပ်ထဲကနေ အသာလေး ခိုးထမသွားသင့်ဘူးလား။ ကျေးဇူး ပဲနော်၊ စားချင်နေတာနဲ့ အတော်ပဲလို့ ဆိုကာ ယူထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးမှ အဲသည့် အုန်းနို့ခေါက်ဆွဲကို နောက်မေးပေါက်က သွန်မချလိုက်သင့်ဘူးလား။

လောကမှာ ကိုယ် ခံတွင်း မတွေ့နိုင်တာတွေက အများကြီးပါ။ ငြင်းပယ်ချင်စရာတွေကလည်း အများကြီးပါ။ ဒါပေမဲ့ တစ်ဖက်လူ ရင်ထဲမှာ အမာရွတ်ကြီးတွေ ထင်တဲ့ အထိတော့ ဖေဖေတို့ မျက်နှာပြောင် မတိုက်သင့်ကြဘူး။

သမီးရေ....။

သမီးတို့ မကြိုက်တဲ့ မုန့်ဟင်းခါးတစ်ပွဲကို ဖေဖေ သွန်ပစ်ပေးခဲ့ဖူးပါရဲ့။ ဒါပေမဲ့ ကမ္ဘောဇက မိန်းမပျိုလေး နှစ်ယောက်ကိုတော့ လုံးဝ လုံးဝကို ဖေဖေ သိခွင့်မပေးခဲ့ပါဘူး သမီးရယ်။

[ ရန်နသစ်၊ ဧပြီ ၁၉၉၈ ]

## Country Boy တို့ သဘောရှိတော် မှတဲ့အတိုင်း

### (တစ်)

သမီးရေ....။

ဟိုး တစ်နေ့တုန်းကတော့ ဖေဖေတို့ ထိုင်နေကျ ဆိုင်ကလေး တစ်ဆိုင်ဖြစ်တဲ့ ***Country Boy*** ဆိုတဲ့ လက်ဖက်ရည်ဆိုင်လေးထဲမှာ တော်တော့်ကို လူစုံတဲ့ နေ့ပါပဲ သမီးရယ်။ စနေနေ့မို့ တချို့လူတွေ ရုံးအားတာရော၊ ရပ်ဝေးကညှိသည် တစ်ယောက် နှစ်ယောက် ရောက်နေတာရော၊ ဆိုင်ကို အမြဲတမ်း ပုံမှန်လာနေကျ မဟုတ်တဲ့ သူတွေကပါ ရောက်လာကြတာရောမို့ ဖေဖေ့စိတ်ထင် ဖေဖေတို့ဝိုင်းဟာ လူဆယ်ယောက် ဝန်းကျင်လောက်ကို ရှိနေပါလိမ့်မယ်။ ဒါကြောင့်လည်း ဆိုင်က စားပွဲတစ်လုံးနဲ့ မဆံ့လို့ စားပွဲနှစ်လုံး ပူးပေးထားရတဲ့ အထိပါပဲ။

ဖေဖေတို့ ဝိုင်းမှာက ကဗျာဆရာ သုံး လေးယောက် ပါပါတယ်။ ဝတ္ထုတိုဆရာတစ်ယောက် ပါပါတယ်။ ပြီးတော့ အယ်ဒီတာတစ်ယောက်၊ တိုင်းတရားသူကြီး တစ်ယောက်၊ စာအုပ်ဆိုင်ပိုင်ရှင် တစ်ယောက်၊ ကျောင်းဆရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၊ ဆရာဝန်တစ်ယောက်။ တော်တော့်ကို လှုံ့ရုံ တက်ခုံတဲ့ မနက်ခင်း လက်ဖက်ရည်ဝိုင်းပဲပေါ့။

ဖေဖေတို့တစ်တွေ ထိုင်လိုက်ပြီးတာနဲ့ ဖေဖေတို့ တစ်တွေ ဘာမှာမလဲ ဆိုတာကို အသင့်စောင့်နေတဲ့ စားပွဲ ထိုးကလေးကို ဖေဖေ သတိထားမိလိုက်တယ်။ သူက စားပွဲနဲ့ မလှမ်းမကမ်းမှာ ရပ်လို့။ ဖေဖေ့ စိတ်ထင် ရှိလှမှ အသက် ၁၂ နှစ်၊ ၁၃ နှစ်ပေါ့။ လူက ပါးပါးသွယ်သွယ်ကလေး။ မျက်နှာကလေးကလည်း သေးသေးချွန်ချွန် ကလေးနဲ့။ အသားအရေကလည်း ညစ်ထပ်ထပ်၊ စွပ်ကျယ် ချိုင်းပြတ် ကလေးကလည်း ညစ်ထတ်ထတ်နဲ့။ သူ့စွပ်ကျယ် ရင်ဘတ် မှာက Country boy Tea-Shop တဲ့။ အင်း.... သည်ဆိုင် ထဲမှာတော့ သူ့လို ချာတိတ်ကလေးတွေ သုံး လေး ယောက် ပါပဲ။ တကယ့် Country boy ကလေးတွေ၊ တောသား ကလေးတွေ။ ဘဝရဲ့ ဝန်ထုပ်ဝန်ပိုးကို ကိုယ်တတ်နိုင်သမျှ လာထမ်းနေလိုက်ကြတာ။ သည် အနီးအနားက ရွာကလေး တွေများကလား မသိ။ ဖေဖေ သူ့ကို တော်တော်ကြာကြာ ငေးကြည့်နေမိတုန်းမှာပဲ သူက ဘာသောက်ကြမှာလဲလို့ ဖေဖေတို့ဝိုင်းကို မေးလာပါတယ်။ အဲသည့်မှာပဲ သမီးကို ဖေဖေ ပြောပြချင်စရာ အကြောင်းတွေက ရှိလာရပြန် တာပါပဲ သမီးရယ်။

(နှစ်)

သမီးရယ်၊ တကယ်တမ်း သမီးရဲ့ နားထဲမှာ ရှင်းခနဲ လင်းခနဲ ဖြစ်သွားအောင် ပြောရမယ်ဆိုရင်တော့ အဲသည့်နေ့က ဖေဖေ တို့ အားလုံးဟာ လက်ဖက်ရည်ချည်းပါပဲ။ ဒါပေမဲ့ သမီးရဲ့၊ လောကဟာ ဖေဖေတို့ ထင်ထားသလောက် မရှင်းသလို





လွယ်လည်း မလွယ်လှချေဘူး။ ကြည့်ပါဦး၊ အဲသည့်နေ့ တုန်းက ဖေဖေတို့ တစ်ဝိုင်းတည်းက တောင်းဆိုလိုက်တဲ့ အသံတွေက–

'ကလေးရေ၊ ဦးက ချိုပေါ့ကျကျွာ'

'ချာတိတ်၊ ငါ့ကို ချိုဆိမ့်လုပ်'

'ချိုကျ ဝမ်းကွာ'

'ကဲ ကဲ ငါ့ကို ပုံမှန်ဖျော်'

'သား ...ဦးက ချိုပေါ့'

'ပေါ့ကျ တစ်ခွက်'

'တစ်ခွက်က ချိုပျစ်မယ်'

ဩော် ဆန္ဒတွေ။ ချိုပေါ့ကျ၊ ချိုဆိမ့်၊ ချိုကျ၊ ပုံမှန်၊ ချိုပေါ့၊ ပေါ့ကျ၊ ချိုပျစ်။ သမီးရေ မရှုပ်ဘူးလား၊ မခက် ဘူးလား။ သည်စားပွဲထိုး ကလေးလေးတစ်ယောက် အတွက် ဘယ်လောက် ရှုပ်သွားမယ်၊ မရှုပ်သွားဘူးဆိုတာ အသာ ထား၊ ဖေဖေ ကိုယ်တိုင်တောင် တကယ့်ကို မျက်စိ လည် သွားခဲ့ရပါတယ်။ သူ့ခမျာ ဘယ်လို မှတ်သားသွားကာ ဘယ်လို သယ်ဆောင်လာမှာပါလိမ့်။ တစ်ဝိုင်းလုံးရဲ့ အာသာ ဆန္ဒ ဝန်ထုပ်ဝန်ပိုးများနဲ့ သူကလေးရဲ့ ခွန်အား မျှတပါစေ။ Country boy ထဲက အတောင် ၂၀ ဝတ်ကြီးတွေရဲ့ စားပွဲဝိုင်း တစ်ဝိုင်းထဲက တောင်းဆိုလိုက်သံများ။ စားပွဲထိုး ကလေးကတော့ သူ ဘာမှ နားမလည်ဘဲနဲ့ လိုက်ကူးထား တဲ့ သချာတစ်ပုဒ်ကို စိုက်ကြည့်နေပုံမျိုးနဲ့ ဖေဖေတို့ ဝိုင်းကို ကြည့်လို့။ ကိုယ့်စိတ်ကြိုက် လက်ဖက်ရည်တစ်ခွက်ကို မရမှာ စိုးသူတွေကတော့ နောက်ထပ်အသံတွေနဲ့ ထပ်ဆင့် တောင်းဆိုနေကြဆဲ။ ချိုပေါ့ကျ၊ ချိုဆိမ့်၊ ချိုကျ၊ ပုံမှန်၊



www.burmeseclassic.com

www.burmeseclassic.com



ချိုပေါ့၊ ပေါ့ကျူ၊ ချိုဖွစ် အသံတွေ။ ချာတိတ် သေသေချာချာ လုပ်ကွာ၊ အသံတွေ။ ဟော့ ကလေး မှားဖျော်မလာနဲ့နော်၊ အသံတွေ။ တောင်းဆိုသူ တစ်ဆယ်၊ အကောင့်အထည် ဖော်သူ တစ်ယောက်၊ အသံတွေ။

သမီးရေ၊ ဖေဖေကတော့ ဖေဖေ့ဆီကိုလည်း ကလေး မျက်နှာလေး ရောက်လာရော အလွယ်ဆုံး လက်ဖက်ရည် တစ်ခွက်ကို လှမ်းမှာလိုက်ခဲ့ပါတယ်။

'ကလေး ကြိုက်သလို ဖျော်ခဲ့ကွာ'

ဖေဖေ့ရဲ့ ကိုယ့်ဆန္ဒကို နောက်တစ်လှမ်း ဆုတ်ထားတဲ့ စကားသံကို ကြားတော့ တစ်ဝိုင်းလုံးက ဖျတ်ခနဲ လှမ်းကြည့်လိုက်ကြတာပေါ့။ ဟုတ်တယ်၊ သည်ကလေး အဆင်ပြေသလို သယ်ဆောင်လာတဲ့ လက်ဖက်ရည် တစ်ခွက်ကိုပဲ ဖေဖေ သောက်ချင်တော့လို့ ကြိုက်သလို ဖျော်ခဲ့ဖို့ အသေအချာ မှာကြားခဲ့တာပါပဲ။

(သုံး)

သမီးရေ၊ ဖေဖေကတော့ တစ်ခါတစ်ခါမှာ ကိုယ့် ပုဂ္ဂလိက ဆန္ဒတွေ၊ အစွဲအလမ်းတွေ၊ ရမ္မက်တဏှာတွေကို နောက်တစ်လှမ်းလောက် ဆုတ်ပေးလိုက်တဲ့အတွက် အများနဲ့ လုပ်ရတဲ့ အလုပ်တွေမှာ လွယ်လည်းလွယ်ပြီး ရှင်းလည်း ရှင်းသွားနိုင်တယ်လို့ အသေအချာကို ယုံကြည်နေမိတယ်။

ဟိုး တစ်ခါက လက်မလည်အောင် ရောင်းနေရတဲ့ မုန့်ဟင်းခါးဆိုင်ကလေး တစ်ဆိုင်ရှေ့ကို ဖေဖေ ရောက်သွားဖူးတယ်။ လူတွေက အုံ့ခဲလို့။ တစ်ယောက် တစ်ပေါက် မှာနေတဲ့ အသံတွေက ကြွက်ညံလို့။ ကျွန်မက ဘူးသီးနဲ့





ငါးဖယ် ထည့်မယ်နော်။ အစ်မရေ မုန့်အပိုပါ ထည့်ပါ။ ကျွန်တော်က ငါးသလောက်ဥကြော်နဲ့ ဘဲဥတစ်ခြမ်း။ နံနံပင် မထည့်နဲ့ဗျာ။ ပဲကြော်နဲ့ နှစ်ပွဲက ကြာပြီ။ ငရုတ်သီး စားဘူး အစ်မ။ မန္တလေးပဲကြော်နဲ့ ငါးဖယ်က ဒီနေ့ စားမယ်ဗျာ။ ပဲပြုတ်နဲ့ ဘဲဥတစ်ခြမ်း ထည့်မယ်။ ပဲသီးတွေ မထည့်နဲ့ဗျာ။ ဘူးသီးနဲ့ အီကြာကွေးက ကြာပြီဗျာ။ ကြက်သွန်ဥလေး ရှာပါဦး ညီမရဲ့။ ဟင်းရည်ထဲကို ပဲကြော် နှစ်ခုလောက် ချေထည့်လိုက်စမ်းပါ။

သြော် လိုချင်တာတွေ မလိုချင်တာတွေ၊ ကြိုက်တာတွေ မကြိုက်တာတွေနဲ့ ဆန္ဒတွေ ခြေချင်းလိမ်နေတဲ့ ကြားမှာ မုန့်ပြင်နေတဲ့ အစ်မကြီးခမျာ လူက ဝ ရတဲ့အထဲ မျက်နှာကို နေက ထိုးလို့၊ ဟင်းအိုးရဲ့ မီးရှိန်က ဟပ်လို့၊ မျက်နှာမှာ ချွေးသီးကြီးတွေက တစ်ပေါက်ချင်း လိမ့်ကျလို့။ ဖောက်သည်တွေ စိတ်ငြိုငြင်သွားမှာကိုလည်း ကြောက်၊ လက်ကလည်း ဘယ်ပွဲ စပြင်ရမှန်း မသိနဲ့ အကျပ်ရိုက်နေပုံကို ကြည့်ပြီး ဖေဖေ သက်ပြင်းချမိခဲ့တယ်။ ဒါကြောင့် လည်း....

'အစ်မရေ မုန့်ဟင်းခါးတစ်ပွဲ၊ ကြိုက်တဲ့အကြော် ထည့်လိုက်ဗျာ'လို့ပဲ ဖေဖေက မှာခဲ့တာပေါ့။ ဆန္ဒတွေ ပြုံခဲနေတဲ့ နေရာမှာ ဖေဖေ့ကြောင့် ပိုပြီး မကျပ်ခဲသွားရအောင် ဖေဖေက နောက်တစ်လှမ်း ဆုတ်ပေးလိုက်တာ ပါပဲ။

တစ်ခါတုန်းကလည်း ကားလက်မှတ် သွားဝယ်ဖို့ အပြင်ကို ထွက်လုထွက်ဆဲ ဖေဖေ့မိတ်ဆွေကို အလုပ်ထဲက လုပ်ဖော်ကိုင်ဖက်တွေက ကားလက်မှတ် ဝိုင်းမှာနေကြတာကို ဖေဖေ တွေ့ဖူးတယ်။ ရုံးပိတ်ရက်တိုင်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



မိသားစုရှိရာ မြို့ကို ပြန်ကြမယ့်လူတွေက ကား လက်မှတ် လမ်းကြုံ မှာနေကြတာလေ။

တစ်ယောက်က ရှေ့ဆုံးခုံကို ရအောင် ဝယ်ပါတဲ့။ တစ်ယောက်က ဒရိုင်ဘာနောက်က ခုံကလေး ရအောင် လုပ်ပေးနော် တဲ့။ တစ်ယောက်ကတော့ အဆင်းအတက်ကြီး နားက မလိုချင်ဘူးတဲ့။ နောက်တစ်ယောက်ကတော့ ပြတင်းပေါက် ဘေးက လုပ်ပေးပါတဲ့။ နောက် တစ်ယောက်က ကျပြန်တော့ ခြေထောက်ချရတာ မလွတ်လပ်လို့ ဘီးပေါ်က မယူပါနဲ့တဲ့။ နောက်တစ်ယောက်က ကျပြန်တော့လည်း နောက်ပိုင်းကျလွန်းရင် မထိုင်ချင်ဘူးတဲ့။ တော်ပါသေးရဲ့ သမီးရယ်၊ ကိုယ့်ဆန္ဒကို နောက်တန်း ပို့ပစ်တတ်တဲ့ သူတစ်ယောက်က **'အဆင်ပြေတဲ့ နေရာကပဲ ဝယ်ခဲ့ပါဗျာ'**လို့ ပြောဖော်ရသေးလို့သာပေါ့။ ဪ လူတွေနဲ့ သူတို့ရဲ့ ဆန္ဒရောင်စုံများ။

(လေး)

တကယ်တော့ သမီးရယ် .... ဖေဖေတို့၊ သမီးတို့ လူတိုင်း ကိုယ်စီမှာက ဘယ်ဟာကိုမှ ဆိုတဲ့ ပုဂ္ဂလိက စိတ်ရဲ့ တိမ်းညွတ်မှုတွေကတော့ ကိုယ်စီကိုယ်ငှပါပဲ။ ဒါပေမဲ့ ဖေဖေတို့ဟာ ကိုယ့်ဆန္ဒ၊ ကိုယ့်အစွဲအလမ်း၊ ကိုယ့်ရမ္မက် တဏှာကို နေရာမရွေး၊ အချိန်မရွေး၊ အခြေအနေမရွေး ဖော်ထုတ်သင့်ကြရဲ့လား။ လူအထပ်ထပ်၊ ဆန္ဒအထပ်ထပ်ကြားမှာ ကျပ်ညပ်ပြီး မလှုးသာ မလွန့်သာ ဖြစ်နေတဲ့ သူတစ်ယောက်အတွက် ဖေဖေတို့ဆန္ဒကို ဖေဖေတို့ နောက်တန်းကို ပို့မထားသင့်ဘူးလား။

အဆင်ပြေသလို ဝယ်လာတဲ့ ခုံကပဲ တက်စီးသွား





လိုက်စမ်းပါ သမီးရယ်၊ ခရီးသည်တွေ အသွားအလာ များနေတဲ့ အချိန်မျိုးမှာ။ အဆင်ပြေသလို ထည့်ပေးလာတဲ့ မုန့်ဟင်းခါးတစ်ပွဲကိုပဲ စားလိုက်စမ်းပါ သမီးရယ်၊ စားမယ့်သူတွေ သည်လောက်များပြားနေတဲ့ အချိန်မျိုးမှာ။ အဆင်ပြေသလို ဖျော်ပေးလာတဲ့ လက်ဖက်ရည် တစ်ခွက်ကိုပဲ သောက်လိုက်စမ်းပါ သမီးရယ်၊ လက်ဖက်ရည်ဆိုင်ထဲမှာ လူတွေ ကျပ်ခဲနေတဲ့ အချိန်မျိုးမှာ။

ဖေဖေလေ Country boy ဆိုတဲ့ လက်ဖက်ရည်ဆိုင်ကလေးထဲမှာ ဖေဖေ့ရဲ့ ဆန္ဒတွေကို တကယ့်ကို နောက်တစ်လှမ်း ဆုတ်ပေးထားခဲ့ဖူးပါတယ်။ ချိုပေါ့ကျ၊ ချိုဆိမ့်၊ ချိုကျ၊ ပံ့မှန်၊ ချိုပေါ့၊ ပေါ့ကျ၊ ချိုပျစ်ဆိုတဲ့ လက်ဖက်ရည် ရောင်စုံတွေ ကြားထဲမှာ Country boy ရဲ့ စားပွဲထိုးကလေးက ဖေဖေ့အတွက် ဘယ်လို လက်ဖက်ရည်မျိုးကိုပဲ လာချချ၊ ဖေဖေက သောက်ရန် အသင့် ရှိနေခဲ့ဖူးပါတယ် သမီးရယ်။

[ ချယ်ရီ၊ မေ ၁၉၉၈ ]

www.burmeseclassic.com

# ရှင်းရန်မလိုသည့် အမှိုက်များ

(တစ်)

သမီးရေ....။

သည်တစ်ခါတော့ ဖေဖေ တစ်ခါက နယ် ကောလိပ်လေး တစ်ခုမှာ တာဝန်ကျတုန်းက ဖေဖေတို့ နေခဲ့တဲ့ ကောလိပ်ရွှေ့က အိမ်ကလေးနဲ့ မလှမ်းမကမ်းက ဆရာဝန် မိသားစုရဲ့ အကြောင်းကို သမီးကို ပြောပြရရင် ကောင်းလေ မလားလို့ ဖေဖေ အောက်မေ့မိတယ်။

ဖေဖေတို့ကလည်း သည်မြို့ကလေးကို ရောက်စ၊ အဲဒီ ဆရာဝန်မိသားစုကလည်း ပြောင်းလာခါစ။ ကောလိပ်ရှေ့က ရပ်ကွက်ကလေးကလည်း လူနေကျဲပါး လွန်းလှတာကြောင့် တစ်ယောက်နှင့် တစ်ယောက်၊ တစ်အိမ်နှင့် တစ်အိမ် လွယ်လွယ်ကူကူပဲ ရင်းနှီးသွားကြတယ်လေ။ ဖေဖေတို့ မိသားနှစ်စုဟာ သာမန် ပြုံးပြ နှုတ်ဆက်ရုံ၊ မေးထူး ခေါ်ပြောရုံမျှသာ မကတော့ဘဲနဲ့ တစ်ယောက်ရဲ့ စိတ်အရိပ်အယောင်တွေကို တစ်ယောက်က အကဲဖမ်းနိုင်လောက်တဲ့အထိ ရင်းနှီးသွားခဲ့ကြတယ် လို့ပဲ ဆိုကြပါစို့ သမီးရယ်။



(နှစ်)

ဆေးခန်းဖွင့်ထားတဲ့ ဆရာဝန်အိမ်လို့ ဆိုပေမဲ့ မြို့စွန်ပိုင်းကို တော်တော်ရောက်လို့လား မသိပါဘူး။ လူနာ အဝင်အထွက်ကတော့ တော်တော့်ကို ပါးရှားလွန်းလှပါတယ် သမီးရယ်။ ညနေတိုင်ပြီ ဆိုရင် ရောက်လာတတ်ကြတာက နှာစေးချောင်းဆိုးသမားကလေးတွေ၊ ကျောပူ ခေါင်းပူသမားကလေးတွေ တစ်ယောက်စ နှစ်ယောက်စ ပါပဲ။

ဖေဖေကတော့ ဖေဖေ့မိတ်ဆွေ ဆရာဝန်ရဲ့ ဆေးခန်းကလေးကို ရောက်ရောက်လာတတ်တဲ့ လူနာ ရှားရှားပါးပါးတွေထဲက မိသားစု သုံးယောက်ကိုတော့ ထူးထူးခြားခြားကိုပဲ မှတ်မိနေခဲ့ပါတယ်။ လူနာက အမျိုးသားကြီးပါ။ ရောဂါက ကင်ဆာလေ။ လည်ပင်းတစ်ခုလုံး ပွင့်ထွက်လို့။ ဖေဖေ့အထင် ပန်းဂေါ်ဖီပွင့် ခပ်ကြီးကြီး တစ်ပွင့်လောက်တောင် ရှိလမလားပဲ။ မီးတောင် ပွင့်ထွက်နေတဲ့အတိုင်း အပေါက်တွေ အပေါက်တွေက အနာရည်တွေ စီးကျလို့။ သူ့ကို ကိုက်ပိုတာက သူ့မိန်းမ ခပ်ရွယ်ရွယ်ရယ်၊ ဆယ်နှစ်ဝန်းကျင် သူ့သားကလေးရယ်။ နောင်မှ သိရတာက အဲဒီ ချာတိတ်ကလေးက သည်တုန်းက သမီးနဲ့ တစ်ခန်းတည်း သုံးတန်းကျောင်းသားကလေး တဲ့။

သမီးရေ၊ မြင်ရုံနဲ့တင် သည်မိသားစုဟာ လောကဓံရဲ့ အထုအနှက်အောက်မှာ စိစိညက်ညက် ကြေခဲ့ပြီးသားဆိုတာ ပေါ်လွင်လွန်းလှပါတယ်လေ။ ကင်ဆာဖြစ်နေတဲ့ လူကြီးဟာ သည်သုံးလေးနှစ် အတွင်းမှာ ဘာကိုမှ မလုပ်နိုင်တော့ပါဘူး။ ကောလိပ်နဲ့ မလှမ်းမကမ်းက ခြံဝင်းကြီးထဲမှာ ခြံစောင့်အဖြစ် ထားခဲ့တဲ့ ပိုင်ရှင်က ထားမြဲ ထားခဲ့လို့သာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခမျာ နေစရာလေး ရှိနေခဲ့ရှာတာပေါ့။ ခြံထဲက နှင်းဆီပန်းကလေးတွေ ခူးရောင်းလိုက်၊ မာလကာသီးလေးတွေ ခူးရောင်းလိုက်၊ ဒန့်သလွန်သီးလေးတွေ ခူးရောင်းလိုက်။ ဘဝမှာ အသက်ရှင်လို့ ရတယ် ဆိုရုံကလေး၊ ငွေ့ငွေ့ကလေးနဲ့ သူတို့တစ်တွေ ဖြတ်သန်းနေထိုင် သွားခဲ့ကြတယ်။

တကယ့်တကယ်တမ်းကတော့ သည်လူကြီးဟာ ဘဝရဲ့ နောက်ဆုံးတံခါးတစ်ချပ် ပွင့်ချိန်ကို ထိုင်စောင့်နေတဲ့အချိန် ရောက်နေခဲ့ပါပြီလေ။ ဆရာဝန် မိသားစုဟာ သူ့အပေါ်မှာ လူသားအဆန်ဆုံး ကြင်နာခဲ့ကြပါတယ်။ အကိုက်အခဲ ပျောက်နိုင်ရာရာ စားဆေး၊ ထိုးဆေး အကုန်ပေးခဲ့တယ်။ အပေါက်တွေ ဗရပွနဲ့ ပွင့်ထွက်နေတဲ့ လည်ပင်းကြီးကို အတတ်နိုင်ဆုံး ဆေးကြော သန့်စင်ပေးခဲ့တယ်။ ငွေကြေးဥစ္စာ ဘာတစ်ပြားတစ်ချပ်ကိုမှ မယူခဲ့ဘူး။

တစ်နေ့ ညနေခင်းမှာတော့ ရောဂါသည် လူကြီး မပါဘဲ သူ့မိန်းမရယ်၊ သူ့သားကလေးရယ် ဆေးခန်း အိမ်ကလေးရှိရာကို ရောက်လာကြပြန်ပါတယ်။ အမျိုးသမီးက အပြောရခက်နေပုံနဲ့ ဆရာဝန့် အိမ်ခေါင်းရင်းက မြေကွက်လပ်ကြီးကို ငေးလို့။ ကွက်လပ်ထဲမှာကတော့ တောထအောင် ပေါက်ချင်တိုင်း ပေါက်နေတဲ့ မြက်ရိုင်းတွေ။ အမျိုးသမီးက အဲဒီမြက်ရိုင်းတွေကိုပဲ ငေးကြည့်လို့ နေခဲ့တာပါ။ ပြီးတော့မှ ဆရာဝန်လုပ်သူကို သည်လို ပြောချခဲ့ပါတယ်။

**'ဆရာ....ကျွန်မနဲ့ ကျွန်မသား....ဒီအမှိုက်တွေကို ရှင်းပေးချင်လို့ပါ'**

သြော်....ဖေဖေ့ရင်ထဲမှာ စူးခနဲ စစ်ခနဲဖြစ်အောင် နာကျင်ရပါရဲ့ သမီးရယ်။ ဆေးဖိုးဝါးခတွေ၊ ကုသ လမ်း





ညွှန်မှုတွေအတွက် အလကားဆိုတာကြီးကို သူ အနေရခက်နေရှာဟန် တူပါတယ်။ ဒါကြောင့် သူက မြက်ရိုင်းတွေ၊ အမှိုက်တွေကို ရှင်းပေးချင်ပြန်ပါသတဲ့။ ဆရာဝန်ကတော့ သည်အမျိုးသမီးကို တလေးတစား ကြည့်လို့။

**'ဒီအမှိုက်တွေလား....ဘယ်က ရှင်းရမှာလဲဗျာ၊ တမင် ထားတာပါ....မလိုပါဘူး အစ်မရယ်'**

ဆရာဝန့်စကားကိုကြားတော့ ဖေဖေ့ရင်ထဲမှာ ပိုလို့ စူးစစ်စစ် ဖြစ်ရပြန်ပါရဲ့။ သည်အမှိုက်တွေက ရှင်းစရာ မလိုတဲ့ အမှိုက်တွေဆိုလား၊ တမင်ထားတဲ့ အမှိုက်တွေတဲ့။ ထာထနေတဲ့ မြက်ရိုင်းများ။

သမီးရေ၊ နောင် မကြာမတင် ရက်ပိုင်းတွေမှာတော့ သည်လူကြီးလည်း ဆုံးသွားခဲ့ရှာပါပြီ။ မိတ်ဆွေ ဆရာဝန်ရဲ့ အိမ်ခေါင်းရင်း မြေကွက်လပ်က မြက်ရိုင်းတွေ၊ အမှိုက်တွေလည်း ရှင်းလင်းသွားခဲ့ပါပြီ။ ဒါတွေကို ရှင်းပေးခဲ့သူကတော့ ရှင်းပေးပါရစေလို့ တောင်းဆိုလာတဲ့ အမျိုးသမီး မဟုတ်ဘဲ အခကြေးငွေနဲ့ ယူလုပ်တဲ့ ရပ်ကွက်ထဲက အလုပ်သမား တစ်ယောက်ဆိုရင် သမီးတစ်ယောက် အံ့သြသွားလေ မလားပါပဲ။ ဟုတ်တယ် သမီးရဲ့၊ တစ်ခါတစ်ခါကျတော့ လောကကြီးထဲမှာက ရှင်းစရာမလိုတဲ့ အမှိုက်တွေ ရှိနေခဲ့တတ်ကြတယ်လေ။

(သုံး)

သမီးရေ....။

ဖေဖေတို့၊ သမီးတို့ မှီတင်းနေထိုင်ကြရာ ပတ်ဝန်းကျင် လောကဆိုတာကြီးမှာက အများအားဖြင့်က ဆန်းပေးလို့ ဆေးရကြတဲ့ လောကကြီးပါ သမီးရယ်။



www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက် မှတ်မိလေဦးမလားတော့ မပြောတတ်ပါဘူး။ တစ်ခါက ဖေဖေတို့တစ်တွေ ရန်ကုန်ကို ပြန်ဖို့အတွက် အညာက ကောလိပ်ကျောင်းကလေး ကနေ ဆယ်မိုင်ကျော်ကျော်လောက် ဝေးတဲ့ ဘူတာရုံကလေး တစ်ခုဆီကို ဆင်းခဲ့ကြတုန်းကလေ။ ဝန်စည်စလယ် ကလေးတွေ နည်းနည်းပါနေတဲ့အတွက် ဖေဖေတို့ မိသားစု ဆလွန်းကားကလေး တစ်စီးငှားပြီး ဘူတာကို ဆင်းခဲ့ကြတဲ့ အခေါက်ပေါ့။

ဖြစ်ချင်တော့ အဲဒီနေ့က ရန်ကုန်ကို ပြန်မယ့် ဆရာမတစ်ယောက်က သူလည်း ဘူတာရုံကို ခရီးကြို လိုက်ပါရစေလို့ ဆိုတဲ့အတွက် ဖေဖေတို့လည်း တင်ခေါ်သွားခဲ့ကြတာပါပဲ။ အဲဒီ ဆရာမက ဘူတာရုံကို ရောက်တာနဲ့ ဖေဖေတို့ကို အအေးတိုက်ဖို့ စီစဉ်တော့တာပါပဲလေ။ ဖေဖေ ဘာလုပ်ခဲ့သလဲ သမီး အသိဆုံးပါ။ ဖေဖေ ငြင်းခဲ့တယ်။ ဖွတ်တရွတ်ကြီးပါလားလို့ ကောက်ချက်ဆွဲသွားလောက် အောင်ကို ဖေဖေ ငြင်းခဲ့တယ်။ အခြား အချိန်၊ အခြားနေရာ တစ်ခုခုမှာ တိုက်ခဲ့ရင် သည်ဆရာမရဲ့ အအေးတစ်ခွက်ကို ဖေဖေ သောက်ကောင်း သောက်မိမှာ ဖြစ်ပေမဲ့ အဲဒီနေ့ အဖို့တော့ ဖေဖေ မသောက်ချင်ဘူး။ ကိုယ့်ကားပေါ်မှာ အကြုံလိုက်လာတဲ့နေ့က အအေးတစ်ခွက်ကို ဖေဖေ အလို မရှိဘူး။

သမီး သိပါတယ် .... သမီးရဲ့။ အဖေတို့တစ်တွေ နယ်မြို့ကလေးတစ်မြို့မှာ ခဏတာ နေခဲ့တုန်းက အဖြစ် တစ်ခုလေ။ ဖေဖေတို့နေရာနဲ့ မလှမ်းမကမ်းက ရပ်ကွက် လေးတစ်ခုမှာ မီးအကြီးအကျယ် လောင်ပါရောလား။ အိမ်





တော်တော်များများ ပြာကျသွားတဲ့အထိ မီးလောင်ပြီးလို့ နောက် လေးငါးရက်လောက် အကြာမှာတော့ ဖေဖေတို့နဲ့ မျက်စောင်းထိုးအိမ်က အဒေါ်ကြီးတွေ ကောင်လေး ခပ်ငယ် ငယ်တစ်ယောက်ကို ခေါ်ခေါ်လာပြီး အကျႌအဝတ်အစား အဆောင်းလေးတွေ ပေးလိုက်၊ စားစရာ သောက်စရာလေး တွေ ပေးလိုက်နဲ့။ မီးလောင်တဲ့ အထဲမှာ ပါသွားတဲ့ မုဆိုးမ မိသားစုကို သနားလို့ဆိုလား အသံသဲ့သဲ့လည်း ကြားလိုက် ပါသေးရဲ့။ နောက်တော့ မကြာပါဘူးလေ။ လှေကား အမြင့် ကြီးကို အိမ်နံရံမှာ မှီထောင်ကာ ခါးတောင်းကလေး မြှောင် အောင် ကျိုက်လို့ ရေနံတက်သုတ်ပေးနေရှာတဲ့ ကောင် ကလေးကို အဲသည် အဒေါ်ကြီးတွေရဲ့ အိမ်မှာ တွေ့လိုက် ရတော့တာပါပဲ။

(လေး)

သမီးရယ် ....။

သမီးတို့၊ ဖေဖေတို့တစ်တွေ လူသားတစ်ဦးက လူသားတစ်ဦး အပေါ်မှာ ထားရှိအပ်တဲ့ မေတ္တာတွေ၊ ကရုဏာတွေ၊ စေတနာတွေမှာ ဘာမျှော်လင့်ချက်၊ ဘာနှောင် ကြိုး၊ ဘာအတုံ့အပြန်မှ မထားရှိကြဘဲနဲ့ ကျောက်ခက် ကျောက်လက်တွေကြားကနေ စိမ့်စမ်းရေတွေ စီးကျလာ ပုံမျိုးနဲ့ စီးဆင်းလာခဲ့ကြရင် မကောင်းပေဘူးလားကွယ်။ ဘာကြောင့်များ ဖေဖေတို့တစ်တွေက နေရာတိုင်းမှာ အရောင်းအဝယ် ဆန်ချင်နေကြရတာပါလဲ။ ဘာကြောင့် များ အပေးအယူတွေ တည့်ချင်နေကြရတာပါလဲ။ အစွန်း အထင်းတွေက များပြားလွန်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကတော့လေ....

တချို့လူတွေကို အမှိုက်တွေကိုလည်း မရှင်းပေးစေချင်ဘူး။ အအေးတွေကိုလည်း မတိုက်စေချင်ဘူး။ ရေနံတွေကိုလည်း မသုတ်စေချင်ဘူး သမီးရယ်။ စိတ်ကူးထည်ဝွမ်းစိုင် ဖြူဖြူကြီးတွေကို သူ့ဘာသူ ရှင်းသန့်နေပါစေတော့လား။

[ ချယ်ရီ၊ ဇွန် ၁၉၉၈ ]

## အနီးဆုံး ဆိပ်ကမ်းများ

### (တစ်)

သမီးရေ....။

နွေ မဝင်တစ်ရက် ဝင်တစ်ရက် ရက်တွေထဲက သိပ်မကြာမတင်လှသေးတဲ့ ရက်တစ်ရက်မှာတော့ ဖေဖေတစ်ယောက် တောရွာကလေးတစ်ရွာကို ရောက်သွားခဲ့သေးတယ်။ အဲဒီရွာကလေးက တိုးမြစ်ကမ်းပါးမှာ မေးတင်ထားတဲ့ ရွာကလေး၊ ဖေဖေ့ရဲ့ ငယ်ဘဝ ပုခက်ကြိုးတွေကို ဆွဲချိတ်ထားခဲ့ဖူးရာ ရွာကလေး၊ ဖေဖေတို့ ဘိုးစဉ်ဘောင်ဆက် ဇာတိချက်မြှုပ်ခဲ့ကြရာ ရွာကလေးလေ။

မြို့တော်ကနေ ရန်ကုန်မြစ်ကိုဖြတ်ကာ တစ်ဖက်ကမ်းကို ကူး၊ အဲသည်ကနေ ကား နှစ်နာရီလောက် စီးလိုက်တဲ့အခါ တောမြို့ကလေးတစ်မြို့ကို ဖေဖေ ရောက်ပါတယ်။ အဲသည့်မြို့ကလေးကနေ တစ်မိုင်ကျော်ကျော်လောက်ဝေးတဲ့ အရပ်မှာတော့ ဖေဖေသွားမယ့် ရွာကလေး။ တာလမ်းမကြီးအတိုင်း ဆိုက်ကားပဲ စီးသွားသွား၊ ချောင်းရိုးလေးကနေ သမ္ဗန်ပဲ စီးသွားသွား ဖေဖေတို့ရဲ့ ရွာကလေးကို ရောက်နိုင်ပေမဲ့ ဖေဖေကတော့ သမ္ဗန်နဲ့ပဲ သွားဖို့ ဆုံးဖြတ်လိုက်တယ် သမီးရယ်။ လမုတွေ၊ လတာတွေ၊ ခရာ



www.burmeseclassic.com

www.burmeseclassic.com



ဆူးချုံတွေ၊ ဗုံလုံသီးတွေနဲ့ မြစ်ဝကျွန်းပေါ်နဲ့ နည်းနည်း သင်းမယ်လို့ ထင်တဲ့အတွက် ချောင်းရိုးကလေး အတိုင်း သွားဖို့ ဖေဖေက ရွေးချယ်လိုက်ခဲ့တာပါပဲ။

(နှစ်)

မြို့ကလေးရဲ့ ဆိပ်ကမ်းကနေ ဖေဖေတို့သမ္ဗန် ခွာခဲ့တော့ နေတောင်မှ မွန်းတည့်သွားခဲ့ပါပြီ။ တပေါင်းနေမို့ပဲ ထင်ပါရဲ့ သမီးရယ်။ နေက ချစ်ချစ်တောက်အောင်ကို ပူနေတော့တာပါပဲ။ သမ္ဗန်ပေါ်မှာကတော့ ဖေဖေရယ်၊ တခြားခရီးသွား လေးငါးယောက်ရယ် ပေါင်းမိုးမပါ ဘာမပါနဲ့။

ရက်က ရေထ ရက် ထင်တယ် သမီးရဲ့။ အချိန်ကလည်း ရေတက်ချိန်ကြီး။ တိုးမြစ်ကတစ်ဆင့် ထိုးဝင်လာတဲ့ရေဟာ ချောင်းရိုးတစ်လျှောက် စီးဝင်လာလိုက်တာ တကယ့်ကို ဝါးလုံးထိုးပါပဲ။ နွံရောင်အယပ်ထပ်နဲ့ ရေဆန်လေဆန်ထဲမှာ ဖေဖေတို့ သမ္ဗန်ကလေးဟာ ရွေ့တယ်လို့ ဆိုရုံကလေး။

သမ္ဗန်ဆရာကြီးဟာ အသက်ကြီးလွန်းလှပါပြီ။ ဖေဖေ့စိတ်ထင် ၆၀ နီးနီးများ ရှိလေမလားပဲ။ လမ်းဆောကနေ အသင့် ကောက်ဝယ်တပ်ထားပုံရတဲ့ ကျွဲကော်ကိုင်းမျက်မှန် အထူကြီးနဲ့၊ ဝါးခမောက်ကြီးနဲ့။ သမ္ဗန်ပဲ့ဖျားကို ခြေစုံကန်ကာ သူ့ခန္ဓာကိုယ်ကြီး တစ်ခုလုံးကို ခတ်တက်နှစ်ချောင်းပေါ် အားကုန်လွှဲချပြီး ဖိဖိခတ်လိုက်တဲ့ အခါတိုင်း အကြောတွေက အပြိုင်းပြိုင်းထလို့။ အနှစ်နှစ် အလလ မိုးထဲ လေထဲ လုပ်စားခဲ့ရှာလို့ ထင်ပါရဲ့၊ အသားကလည်း တကယ့်ကိုမှ အာဖရိက။ နေရောင်အောက်မှာ ချွေးတွေနဲ့





ရွှဲနစ်နေပြီး ဆားပွင့်တော့မတတ် ပြောင်လက်နေတဲ့ ဦး့ကို ဖေဖေ အသာကလေး ခိုးကြည့်မိရင်းက အငြိမ့်သား ထိုင်လိုက်နေရတာကို မလုံမလဲ ဖြစ်လိုက်တာ သမီးရယ်။ ရွာကို မြန်မြန်ရောက်ပါတော့လို့ပဲ တစ်လမ်းလုံး အောက်မေ့မိခဲ့ပါရဲ့။

(သုံး)

သမီးရေ....။

ဒီတစ်သက် ရွာကို ရောက်မှ ရောက်ပါဦးတော့မလားလို့ ထင်ရလောက်တဲ့အထိ တကယ့်ကို ရွေ့တယ်ဆိုရုံမျှ ရွေ့ရုံကလေး သွားနေခဲ့တဲ့ သမ္ဗန်ကလေးဟာ နောက်ဆုံးတော့လည်း ရွာကို ရောက်သွားတာပါပဲ။ ဖေဖေက ဟိုး ရွာဖျားမှာရှိတဲ့ ဝဲကြီးပိုင်းကို သွားရမှာလေ။ လှမ်းမြင်နေရလောက်အောင် နီးနေပြီဆိုပေမဲ့ သည် ရေစီးကြီးကို ဆန်ခတ်သွားဖို့ဆိုတာက နောက်ထပ် ၁၀ မိနစ်လောက် ခတ်ရလိမ့်ဦးမယ် ထင်တယ်။ ဒါကြောင့်လည်း ဖေဖေက အနီးဆုံးဆိပ်ကမ်းမှာ သမ္ဗန်ကိုကပ်ခိုင်းပြီး ရွာလမ်းအတိုင်း တက်လျှောက်သွားရင် ကောင်းမယ်လို့ ဆုံးဖြတ်မိခဲ့တယ်။

'ဦးရေ...ကျွန်တော့်ကို ကျောင်းစုပိုင်းတံတားမှာပဲ ကပ်ပေးပါ'

ဖေဖေ ငယ်ငယ်က ဆော့ကစားခဲ့ရာ၊ သက်န်းခိုင့်တနိုင်နဲ့ ကိုရင်ဝတ်ခဲ့ရာ အရှေ့ကျောင်းလို့ ခေါ်တဲ့ ဘုန်းတော်ကြီးကျောင်းရဲ့ ရှေ့က တံတားဆိပ်မှာ ကပ်ပေးဖို့ ဖေဖေက လက်ညှိုးညွှန်တော့ သမ္ဗန်သမားကြီးက အံ့ဩသွားပုံ ရပါတယ်။ သမ္ဗန်ခကို တန်ရာတန်ကြေး ပေးစေးထားပြီး ကိုယ်သွားချင်တဲ့ ဆိပ်ကမ်းရောက်အောင် လိုက်



www.burmeseclassic.com

www.burmeseclassic.com



မပို့ခိုင်းဘဲ လမ်းကနေ ဖြတ်ဆင်းဖို့လုပ်တဲ့ ဖေဖေ့ကို သူ နားအလည်ရ ခက်သွားဟန် တူပါတယ်။

ဟုတ်တယ် သမီးရယ်။ ဝဲကြီးပိုင်းထိအောင် သွားမှာ မှန်ပေမဲ့ ကျောင်းစုပိုင်းတံတားမှာပဲ ဆင်းဖို့ ဖေဖေ ဆုံးဖြတ်ခဲ့တယ်။ ရေချိုးထားတယ်လို့ ထင်ရလောက်တဲ့အထိ ချွေးတွေနဲ့ ရွဲနစ်နေတဲ့ သမ္ဗန်ဆရာကြီးရဲ့ ဝါးလုံးထိုး ထိုးစီးနေတဲ့ ရေစီးကိုဆန်ကာ တအိအိတက်နေသော သမ္ဗန်ပေါ်မှာ ဘာဝန်ထုပ်ဝန်ပိုးမှ မပါတဲ့ ဖေဖေက မိန့်မိန့်ကြီး ထိုင်ရင်း တန်ရာတန်ကြေးနဲ့အညီ လိုရာ ဆိပ်ကမ်းကို ရောက်အောင် မလိုက်ပါလိုတော့ဘူး။ အနီးဆုံး ဆိပ်ကမ်းက တစ်ဆင့် တက်ရောက်သွားပြီး လျှောက်သွားလိုက်ရင် ခဏလေးပါ သမီးရယ်။

'ကဲဗျာ....ကျွန်တော်တို့လည်း ဒီဆိပ်မှာပဲ ဆင်းလိုက်ပါတော့မယ်'

တခြားခရီးသည်တွေကလည်း ဘာစိတ်ကူး ပေါက်သွားကြတယ် မသိပါဘူး။ ဖေဖေ့လိုပဲ ကျောင်းစုပိုင်း တံတားမှာပဲ ဆင်းကြတော့မလို့တဲ့။ သူတို့တွေကလည်း သူတို့လိုရာ ဆိပ်ကမ်းကို မရောက်သေးဘဲနဲ့ အဆင်သင့်ရာ ဆိပ်ကမ်းမှာပဲ တက်ပြီး လျှောက်သွားကြဖို့ ဆုံးဖြတ်ခဲ့ကြပုံတွေပါပဲ။ သမ္ဗန်ဆရာကြီးရဲ့ မချိမဆံ့ လုပ်အားကို အားနာကြဟန် တူပါရဲ့။ ဖေဖေတို့ တစ်တွေလည်း ဆိပ်ကမ်းပေါ်ကို တက်ပြီးရော သမ္ဗန်ကလေးဟာ ပေါ့ပါးလို့ သွားလိုက်တာ သမီးရယ်။ အနီးဆုံး ဆိပ်ကမ်းမှာပဲ တက်သွားကြတဲ့ ဖေဖေတို့ တစ်တွေကြောင့် ကမ္ဘာမြေကြီးဟာလည်း ပိုမိုလို့ ပေါ့ပါးသွားလေမလားလို့ ဖေဖေတော့ စဉ်းစားနေမိပြန်တယ်လေ။



(လေး)

သမီးရေ၊ တကယ့်တကယ် မထောက်မညှာစတမ်း ပြောကြစို့လို့ ဆိုကြရင်ဖြင့် ဖေဖေတို့၊ သမီးတို့ မှီတင်းနေထိုင်ရာ ကမ္ဘာမြေကြီးပေါ်မှာက တချို့ တချို့တွေဟာ ရင့်သီးလွန်းလှ၊ ရက်စက် ပက်စက်လွန်းလှတယ်လို့ ဖေဖေတော့ ထင်မိတယ် သမီးရယ်။ ဖေဖေတို့၊ သမီးတို့ တစ်တွေဟာ တန်ရာတန်ကြေးဆိုတဲ့ စကားရဲ့ နောက်ကွယ်ကနေ ကိုယ့်ဘက်က တစ်လှမ်းမှ ဆုတ်မပေးဘဲနဲ့ လောကကြီးဆီကနေ ရသလောက် ညှစ်ထုတ်ယူဖို့ သရဲမရဲ စီးနေခဲ့ကြတာတွေလေ။

သမီး မှတ်မိနေလိမ့်ဦးမယ် ထင်ပါတယ်။ ဟိုတစ်ခါ ဖေဖေတို့မိသားစု ရန်ကုန်ကနေ ကောလိပ်ပေါက်စကလေး တစ်ခုရှိရာ နယ်မြို့ကလေးတစ်မြို့ကို ပြန်ကြတုန်းကလေ။ မြို့ကလေးကို ဝင်ပြီဆိုတာနဲ့ ကားစပယ်ယာက ထုံးစံအတိုင်း ဆင်းမယ့်နေရာတွေကို ကြိုမေးပါတယ်။ တနင်္လာပတ် ပါသေးလား။ ဗုဒ္ဓဟူးပတ် ပါသေးလား။ ကျောက်တိုင် ပါသေးလား။ ဟသ်ာဦး ပါသေးလား။ စာတိုက် ပါသေးလား။ ကားက ရပ်ပေးလိုက်၊ ဆင်းတဲ့သူတွေ ဆင်းသွားလိုက်။

အင်း....တစ်နေရာ အရောက်မှာတော့ စိတ်ညစ်စရာ မိန်းမကြီးတစ်ယောက်ကို ဖေဖေတို့ တွေ့လိုက်ကြရတော့တာပါပဲ။ ကားက ဟသ်ာဦးရှေ့မှာ ခဏရပ်ပေးလို့ ခရီးသည် လေးငါးယောက် ဆင်းသွားကြတုန်းက အဲသည် မိန်းမကြီးက မဆင်းသေးဘူးလေ။ ကားက ဟသ်ာဦးရှေ့က



www.burmeseclassic.com

www.burmeseclassic.com



တွက်ပြီး ဘီး လေးငါးဆယ်ပတ်လား လိမ့်ရသေးတယ်၊ အဲသည်ကျတော့မှ သူက....

'ရပ်ဟေ့ ရပ်ဟေ့ ဆင်းမယ်'တဲ့။

ဩော်....ကျန်းမာရေး မကောင်းလို့၊ ဒါမှမဟုတ် ဝန်စည်စလယ်တွေ များလွန်းလို့ ကိုယ့်အိမ်ရှေ့ရောက်မှ တိတိကျကျ ဆင်းတာနဲ့ တူပါရဲ့လို့ ဖေဖေ ထင်လိုက်မိပေမဲ့ သူကတော့ မဟုတ်ပါဘူး သမီးရယ်။ လူကလည်း ကျန်းကျန်းမာမာ၊ ဝန်စည်စလယ် အလေးအပင် ဆိုလို့လည်း ဘာတစ်ခုမှ မပါ။

'အဒေါ်ကြီးရာ အခုန တစ်ခါတည်း ဆင်းလိုက်ရသားနဲ့'

**'အိုကွယ်.... မင်းတို့ ပိုက်ဆံပေးစီးတဲ့ဟာ ကိုယ်ဆင်းချင်တဲ့နေရာ ကိုယ်ဆင်းမှာပေါ့'**

မိန်းမကြီးက စပယ်ယာကလေးရဲ့ စကားကို ကြက်ခေါင်းဆိတ်မခံ ပြန်ပက်ရင်း ကားပေါ်က ဆင်းသွားတဲ့အခါ ဖေဖေတို့ ကားပေါ်က ခရီးသည်တွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြပါတယ်။ ပြီးတော့ သက်ပြင်းချ သူကလည်း ချလို့။ စိတ်ညစ်စရာကြီး သမီးရယ်။

တကယ်တမ်းကတော့ ကားသွားရာ လမ်းတစ်လျှောက်မှာ ကိုယ်ဆင်းချင်တဲ့နေရာ ကိုယ်ဆင်းနိုင်ခွင့် ရှိတာ အမှန်ပါပဲ။ ကားဆရာကလည်း ရပ်ပေးရမှာပါပဲ။ ဒါပေမဲ့ သမီးရယ်၊ ဟသာဦးရှေ့မှာ ရပ်ပေးတုန်းက ဆင်းလိုက်ရင် ရရဲ့သားနဲ့ နောက်ထပ် ခြေလှမ်း ဆယ့် လေးငါး လှမ်းစာနဲ့ ကားကို တစ်ခါထပ်ရပ်ခိုင်းပြီး တိုင်းတိုင်းတိတိ အခွင့်အရေး ယူလိုက်ပုံကြီးကတော့ လောကကြီး အပေါ်မှာ စီးပိုးလွန်းသလားလို့ ဖေဖေ ထင်မိတယ်။





သမီး မှတ်မိဦးမှာပါ။

ဟိုးတစ်ခါ ဖေဖေတို့တစ်တွေ အညာက ကောလိပ်ကျောင်းကလေးမှာ နေခဲ့တုန်းက ဈေးကနေ မုန့်စားပြီး ပြန်လာကြတဲ့အခါ တစ်ခါတစ်ခါ ခရီးသည် နည်းနည်းပါးတဲ့ နေ့မျိုးတွေမှာ မြင်းလှည်းကို စီးလုံးငှားပြီး ပြန်ခဲ့ကြတာတွေလေ။ ဖေဖေကတော့ ဘယ်လိုပဲ စီးလုံးငှားလာလာ လမ်းမှာတွေ့တဲ့ ခရီးသည်ကို တင်ခိုင်းတာပဲ။ လမ်းကနေ တက်လိုက်လာတဲ့ ခရီးသည်က ဖေဖေတို့ကောလိပ်ကျောင်းကလေးရှေ့မှာ မဆင်းဘဲ ဟိုး ကျောက်ခန်းတောင်းဘက် အထွက်က ကျောက်မှုးအထိအောင် သွားမယ် ဆိုခဲ့ရင်၊ ဖေဖေတို့မှာလည်း ဘာဝန်ထုပ်ဝန်ပိုးမှ မပါခဲ့ရင် နဂိုတုန်းက ကျောင်းထဲထိအောင် လိုက်ပို့ဖို့ ပြောခဲ့ပေမဲ့ ကျောင်းရှေ့မှာတင် ဖေဖေတို့တော့ ဆင်းခဲ့ကြတာပဲ။ အဲသည်အခါမျိုးမှာ ဖေဖေတို့ရဲ့ အတ္တကို ဖော့လိုက်လို့ ပေါ့ပါးသွားတဲ့ မြင်းလှည်းကလေးပေါ်က မြင်းလှည်းဆရာရဲ့ ဝင်းပသွားတဲ့မျက်နှာဟာ ချမ်းမြေ့စရာ ကောင်းလိုက်တာ။ သူ့အတွက် ခရီးတွေ၊ ဝန်ထုပ်ဝန်ပိုးတွေ ဘယ်လောက်ကျုံ့သွားရှာသလဲ။ ဖေဖေတို့ကလည်း နည်းနည်းကလေး ဆင်းလျှောက်လိုက်ရတဲ့အတွက် ဘယ်လောက်များ ပင်ပန်းသွားမှာလဲ။

(ငါး)

သမီးရေ....။

ဝဲကြီးပိုင်းထိအောင် သွားမယ့် ခရီးသည်တွေက ...ဝ်ရာ ကျောင်းစုပိုင်းတံတားကနေ တက်သွားလို့ ရေခဆန်



www.burmeseclassic.com

www.burmeseclassic.com



လေဆန်ကို တွန်းခတ်ရမယ့် သမ္မန်ဆရာကြီးခမျာ မထင်မှတ်လောက်အောင် ပေါ့ပါးသွားခဲ့ရရှာပါပြီ။

ကိုယ့်အိမ်ရှေ့ကို မရောက်သေးတာ မှန်ပေမဲ့ ဟသ်ာဦးရှေ့မှာတင် ဖေဖေတို့ ဆင်းလိုက်ကြရအောင်လား။ ကောလိပ်ထဲထိအောင် ငှားထားခဲ့တာ မှန်ပေမဲ့ ကောလိပ်ရှေ့မှာတွင် ဖေဖေတို့ ဆင်းလိုက်ကြရအောင်လား။ တစ်ဖက်လူ အသက်ရှူရတာ ပေါ့ပါးလန်းဆန်း သွားဖို့အတွက် တစ်ခါတလေ ဖေဖေတို့ရဲ့ ခြေလှမ်း အနည်းငယ်မျှနဲ့ ဖေးမသင့်ကြတယ်လို့ ဖေဖေတော့ ယုံကြည်နေမိပြန်တယ် သမီးရယ်။

[ ရန့်သစ်၊ ဇွန် ၀၉၉၈ ]

## ဘေးလူတွေ ဒွေးဖြစ်မသွားကြရအောင်

### (တစ်)

သမီးရေ....။

ဖေဖေ အလုပ်လုပ်ခဲ့ဖူးတဲ့ တက္ကသိုလ် ကောလိပ်ကျောင်းတွေကို စဉ်ပြီး ကြည့်လိုက်တဲ့အခါ အခု နိုင်ငံခြားဘာသာ တက္ကသိုလ်လို့ အမည်ပြောင်းထားတဲ့ နိုင်ငံခြားဘာသာသိပ္ပံဟာလည်း တစ်ခု အပါအဝင်ပဲပေါ့ သမီးရယ်။ အဲသည့် ကျောင်းကလေးမှာက ပြင်သစ်ရယ်၊ ဂျပန်ရယ်၊ ဂျာမန်ရယ်၊ ရုရှရယ်၊ တရုတ်ရယ်၊ ထိုင်းရယ်၊ တောင်ကိုရီးယားရယ် နိုင်ငံခြားဘာသာ သင်ပေးနေတဲ့ ဌာနတွေ တော်တော်များများ ရှိတယ် သမီးရဲ့။ အဲသည့် အထဲမှာ ဖေဖေတို့ကလည်း မြန်မာစာဌာနကလေး သွားဖွင့်ထားပြီး နိုင်ငံခြားကနေ မြန်မာစာလာသင်တဲ့ လူမျိုးခြားတွေကို သင်ပေးနေခဲ့ရတယ်ပေါ့။

ဖေဖေ အဲသည့်ကျောင်းမှာ အတော်ကြာကြာကလေးကို အလုပ် လုပ်ခဲ့ဖူးပါတယ်။ အဲသည့် နိုင်ငံခြားဘာသာသိပ္ပံမှာ အလုပ်လုပ်ခဲ့ရတဲ့ နှစ်ကာလတွေအတွင်း ဖေဖေကြုံခဲ့ရတဲ့ အဖြစ်ကလေးတစ်ခုကိုဖြင့် ခုထိတိုင် အောင်ပဲ ရင်ထဲမှာ စွဲထင်နေဆဲပါပဲ သမီးရယ်။ ဟုတ်တယ်၊ ဖေဖေ အပါအဝင် ဖေဖေတို့ လုပ်ဖော်ကိုင်ဖက် အချို့ကို ဒွေးဖြစ်ခဲ့ရတဲ့ အဖြစ်လေ။ သည်တစ်ခါတော့ အဲသည့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုပဲ သမီးကို ပြန်ပြောပြရင် ကောင်းမယ်လို့ ဖေဖေ စဉ်းစားလိုက်မိတယ်။

## (နှစ်)

အခု သမီးကို ဖေဖေပြောပြမယ့် အဖြစ်အပျက်ကလေး ဖြစ်တဲ့နေ့က နွေဦးဝင်စ နေ့ကလေးတစ်နေ့ဖြစ်ပြီး အဲသည်နေ့ မနက်ခင်းပိုင်းမှာတုန်းက ဖေဖေတို့ကျောင်းမှာ ဝန်ထမ်းတွေကို ဆန်ပေးဝေခဲ့တယ်လို့ပဲ ဖေဖေက မှတ်မိနေမိတယ်လေ။ အဲသည့်နေ့ နေ့လယ်ခင်းလောက်ကို ရောက်တော့ ဖေဖေရယ်၊ အခြားဆရာ ဆရာမ လေးငါးယောက်ရယ်ဟာ လက်ဖက်ရည်သောက်ရအောင် အပြင်ကို ထွက်ဖြစ်ခဲ့ကြပါတယ်။

သမီးရေ၊ ဖေဖေတို့ ကျောင်းထဲမှာက လက်ဖက်ရည်ဆိုင် ရှိနေပေမဲ့ လက်ဖက်ရည် ကောင်းကောင်းကိုမှ ကြိုက်တဲ့ ဖေဖေတို့ကတော့ အပြင်ကိုပဲ အမြဲတမ်း ထွက်သောက်ဖြစ်ကြမြဲလေ။ ဖေဖေတို့ နိုင်ငံခြားဘာသာသိပ္ပံနဲ့ မလှမ်းမကမ်းမှာက Smile ဆိုတဲ့ လက်ဖက်ရည်ဆိုင်ကလေး ရှိခဲ့ဖူးတယ် မဟုတ်လား။ အင်းလျားလမ်းနဲ့ တက္ကသိုလ်ရိပ်သာ လမ်းထောင့်မှာ ရှိနေတဲ့ Smile က ဖေဖေတို့ လမ်းလျှောက်သွားဖို့ရာအတွက် ဝန်တာမကြီးလှခဲ့ဘူးလေ။

ပြောရရင်တော့ သမီးရေ၊ အဲသည့်နေ့တုန်းက ဖေဖေတို့ တစ်တွေလည်း လက်ဖက်ရည်ဆိုင်က ပြန်ထလာကြရော တက္ကသိုလ်ရိပ်သာလမ်းမကြီး တစ်နေရာမှာ စိတ်ညစ်စရာ ဖြစ်ရပ်နဲ့ ရင်ဆိုင်တိုးခဲ့ရတော့တာပါပဲ။





သည်တုန်းက အဲသည့်ဆရာမကလည်း အပြင်ကို သွားမလို့ ထင်ပါရဲ့၊ ကျောင်းထဲက ထွက်လာခါစ သမီးရဲ့။ ဖေဖေတို့ အဖွဲ့နဲ့လည်း ရင်ဆိုင်တိုးရော 'ဟယ် အတော်ပဲ၊ ဆရာတို့အဖွဲ့ကို မေးစရာရှိလို့' လို့ ဆိုလာတဲ့အတွက် ဖေဖေတို့တစ်တွေ လမ်းဘေးက သစ်ပင်ရိပ်ကလေး အောက်ကို ဝင်ဖြစ်လိုက်ကြတယ်။ သူက စိတ်လွတ်ကိုယ်လွတ်ကြီးပါပဲ၊ ဖေဖေတို့တစ်တွေကို မေးနေ ပြောနေပုံက။

'ဆရာတို့တစ်တွေ ကျောင်းက ပေးတဲ့ ဆန်ကို ယူကြသလား၊ မယူဘူးဆိုရင် ကျွန်မကို ပေးပါလား၊ သူများတွေ ပေးသလိုပဲ အမြတ်ပေးပါ့မယ်'....စတာတွေ စတာတွေပေါ့ သမီးရယ်။ သည်လောက် အထိကတော့ဖြင့် Smile ထဲကနေ ထွက်လာကြတဲ့ ဖေဖေတို့ မျက်နှာပေါ်က အပြုံးတွေကို အဟန့်အတား တစ်စုံတစ်ရာ မဖြစ်ပေါ်စေနိုင်ခဲ့ပါဘူး။ ဒါပေမဲ့လည်းလေ ဆက်ပြောလာတဲ့ စကားအချို့ကျတော့ ဖေဖေတို့အားလုံးရဲ့ မျက်နှာပေါ်က အပြုံးကို တန့်ခနဲ ဖြစ်သွားစေခဲ့ပြီ။ မကောင်းတတ်လို့သာ ခပ်ယဲ့ယဲ့ ဆက်ပြုံးနေရပေမဲ့ ရင်ထဲမှာကတော့ ဒဏ်ရာအနာတရတွေနဲ့ပေါ့။ သူ ဆက်ပြောပုံတွေက....

**'ကျွန်မလည်း စားဖို့တော့ မဟုတ်ပါဘူး။ အိမ်မှာက ဆွေးတွေက မနည်းမနော မွေးထားတာ ဆိုတော့....'**

ဟုတ်တယ်၊ သည်နေရာမှာတွင်ပဲ ဖေဖေတို့ အားလုံးကို ထိမှန်ကုန်ခဲ့ကြရတာပါပဲ။ ဖေဖေတို့ထဲက အားလုံးလိုလိုဟာ ကျောင်းက ဆန်ကိုပဲ စားကြတယ်လေ။ တချို့ဆရာ၊ ဆရာမတွေဆို သားတွေ သမီးတွေ တစ်ပုံတပင်ကြီးနဲ့ ကိုယ့်ခွဲတမ်းနဲ့ မလောက်လို့ တခြားလူရဲ့ ခွဲတမ်း

www.burmeseclassic.com



ကိုတောင် ယူစားနေရတဲ့ သူတွေ ပါကြသေး။ ပြောတဲ့သူကတော့ ဘယ်သူ့ကို ထိခိုက်နာကျင်ပါစေတော့ ဆိုတဲ့ စိတ်မျိုးနဲ့ ပြောခဲ့တာတော့ မဟုတ်လေဘူးပေါ့။ ဒါပေမဲ့ သမီးရယ်၊ ကိုယ်ပြောချင်ရာ ပြောချလိုက်တဲ့ စကားတစ်ခွန်းမှာ တခြားလူတွေ ခွေးဖြစ်သွားကြရလို့ မျက်နှာ ဘယ်လိုထားရမှန်း မသိတတ်အောင် ဖြစ်သွားရတာမျိုးဟာ မလိုလား အပ်ဘူးလေ။ သေးလူကို ခွေးဖြစ်အောင် မစဉ်းမစားနဲ့ ပြောချင်ရာ ပြောချတတ်တဲ့ လူမျိုးကို သူ့ပတ်ဝန်းကျင်က မနှစ်လိုကြဘူးပေါ့။ သူ့ကို တွယ်တာဖို့၊ လေးစားဖို့ ဆိုတာ တော့ ဝေးမှ ဝေးပါလေရော။

(သုံး)

အသိမိတ်ဆွေတွေ ဆုံကြတွေ့ကြရာက တွေ့ရာလေးပါး စကားဝိုင်းဖွဲ့ဖြစ်ကြရင်း ကိုယ့်အကြောင်းကိုယ် တစ်ခါ တစ်ခါ ပြောဖြစ်ကြတဲ့အခါ မထင်မှတ်ဘဲ တခြားလူကို ခွေး ဖြစ် ဖြစ်သွားစေတဲ့ အပြောအဆိုမျိုးတွေကို ဖေဖေ မကြာမကြာ ကြားခဲ့ရဖူးတယ်။

ဟိုး တစ်ခါတုန်းဆီက စကားဝိုင်းတစ်ခုမှာ ဖေဖေ့ မိတ်ဆွေ ဆရာဝန်တစ်ယောက်ရဲ့ ပါးစပ်ကနေ သည်စကား မျိုးကို ဖေဖေ ကြားခဲ့ဖူးတယ်လေ။ သူက အသက် ၃၅ နှစ် ဝန်းကျင်လောက်၊ အိမ်ထောင်မရှိ။ ဆေးကုသတဲ့ လုပ်ငန်းထက် အခြားစီးပွားရေး လုပ်ငန်းတစ်ခုကြောင့် တော်တော်လေး အဆင်ပြေနေတဲ့လူပါ။ ဖေဖေတို့ စကား ဝိုင်းမှာ ဟိုအကြောင်း သည်အကြောင်း ပြောနေကြရင်းက အချစ်ရေးတွေ၊ အိမ်ထောင်ရေးတွေ အကြောင်းကို ရောက်





သွားကြပါလေရော။ သည်တော့ အားလုံးက ဆရာဝန်ကို ဝိုင်းပြီး မေးမေး နောက်နောက် ပြောကြပါတယ်။ ချစ်သူတွေ ဘာတွေ မရှိခဲ့ဘူးလား၊ ဘာဖြစ်လို့ ကွဲသွားရတာလဲ၊ အချစ်ရေးကို ဘာကြောင့် အလေးမပေးတာလဲ ဆိုတာ တွေပဲပေါ့ သမီးရယ်။

သည်မှာ ဆရာဝန်က အဖြေတစ်ခုကို ဖျတ်ခနဲ ပေးလိုက်ခဲ့ပါတယ်။ **'အချစ်ရေးကို အလေးပေးခဲ့ရင် ခွေးဖြစ်နေတာ ကြာပေါ့ဗျာ'** တဲ့။ အခြားသူတွေတော့ မသိ။ ဖေဖေတို့ဝိုင်းမှာ ထိုင်နေတဲ့ တစ်ယောက်သောသူ ခမျာ မှာတော့ သိသိသာသာကြီးကိုပဲ မျက်နှာကွက်ခနဲ ပျက်သွား ခဲ့ပါတယ်။ ဟုတ်တယ် သမီးရယ်၊ သူ့ခမျာ ကျောင်း ဘဲ့ပိုင်းတစ်စနဲ့ အိမ်ထောင်ကျသွားရှာသူပေါ့။ သား တစ်ဖက်၊ မယားတစ်ဖက်နဲ့ ဘွဲ့ရအောင်ကို မနည်း ရုန်းကန် ခဲ့ရှာသူပါ။ ခုထိလည်း ခြေကုန်လက်ပန်း ကျလုလု ရှာနေ ရှာနေရသေးဆဲ။ ဆရာဝန်ရဲ့ စကားက သူ့ကို တမင် ချိန်ပစ်သလိုတောင် ဖြစ်သွားတယ်လို့ ဖေဖေကတော့ ခံစား နေမိတယ်။ မရည်ရွယ်ဘဲ ပြောလိုက်တာ မှန်ပေမဲ့ ထိမှန် သူ တစ်ယောက်တလေသော်မှ ရှိသွားခဲ့ပြီ ဆိုရင်ဖြင့် အဲဒီပစ်ချက်ဆိုမှာ တာဝန်တစ်စုံတစ်ရာ ရှိနေသင့်တယ်လေ။

တစ်ခါတုန်းက ဆိုရင်လည်း နှစ်သစ်ကူးပွဲတော် ရက်တွေထဲမှာ ဖေဖေတို့ သူငယ်ချင်းတစ်သိုက်က လူစုံ တက်စုံ ပျော်ကြပါးကြရအောင်ဆိုပြီး သူငယ်ချင်း တစ် ယောက်ရဲ့ အိမ်ကို အခေါ်သွားကြတယ်။ ပွဲစားကြီး တစ်ယောက်အဖြစ် တော်တော်လေး ချမ်းသာအောင်မြင် နေပြီဖြစ်တဲ့ သူငယ်ချင်းက အိမ်မှာ ရှိမနေခဲ့ပါဘူး။ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့ မျက်နှာနည်းနည်းစိမ်းတဲ့ သူ့ဇနီးကပဲ ညှော်ခံစကား ပြောခဲ့ပါတယ်။ ဒါပေမဲ့ သမီးရယ် **‘ရှင်တို့ သူငယ်ချင်းက မအားပါဘူး။ သူ့အလုပ်နဲ့ သူ အသားကျနေတာဆိုတော့ ကာလသားစိတ်နဲ့ ပျော်ဖို့ပါးဖို့၊ စိတ်အလိုလိုက်ဖို့ အချိန်ကို အပိုမရှိတာ’**ဆိုတဲ့ စကားသံတွေအောက်မှာ ဖေဖေတို့ တစ်တွေ အေးစက်စက် ကော်ဖီခွက်တွေ နင်အောင် သောက်ရင်း လည်စင်း ပေးခဲ့ရဖူးပါတယ်။ ဖေဖေတို့က ကာလသား စိတ် မကုန်သေးသူတွေလား။ ပျော်ဖို့ပါးဖို့၊ စိတ် အလိုလိုက်ဖို့ အချိန်ပို ရှိနေသူတွေလား။ ကိုယ့်စကားကြောင့် သောလူတွေ ခွေးဖြစ်သွား၏၊ မဖြစ်သွား၏။

(လေး)

သမီးရေ....။

ဖေဖေတို့တစ်တွေဟာ လူ့အဖွဲ့အစည်းကြီးထဲမှာ နေထိုင်ကြရင်း လူတစ်ယောက်နဲ့ လူတစ်ယောက် မဖြစ်မနေ တွေ့ကြဆုံကြရတယ်၊ ပြောကြဆိုကြရတယ်။ ကိုယ့်ဆီကို လူတွေ ရောက်လာကြသလို ကိုယ်ကလည်း လူတွေရှိရာကို သွားကြရတယ်။ သည်အခါမှာ ဖေဖေတို့ဟာ ကိုယ့်ကိုယ် ကိုယ် ဘယ်လို နေရာချထားကြမလဲ။ မထင်မှတ်ဘဲ ပြော လိုက်တဲ့၊ ပြုမူလိုက်တဲ့ ကိုယ့်ရဲ့ စကားတစ်ခွန်း၊ လုပ်ရပ် တစ်ခုကြောင့် သောလူတွေ ခွေးဖြစ်သွားသင့် မသွားသင့်။ ဖေဖေ့သမီးတစ်ယောက် နဖူး လက်တင်ပြီး စဉ်းစားခန်း ဝင်ဖြစ်လိမ့်မယ်လို့ပဲ ဖေဖေကတော့ မျှော်လင့်မိတယ်ကွယ်။

[ ချယ်ရီ၊ ဇူလိုင် ၁၉၉၈ ]

# ပိန္နဲသီးကြိုက်သူများ ခဏ စောင့်ပါ

(တစ်)

သမီးရေ....။

သမီးမေမေက သမီးအတွက် အဖော်ရအောင်လို့ ဆိုပြီး မောင်လေး ပေါက်စနတစ်ယောက်ကို မွေးပေးပြီးခဲ့ ခါစ ရက်ပိုင်းတွေတုန်းကဖြင့် သမီးတို့တစ်တွေရဲ့ စားရေး သောက်ရေးအတွက် ဝယ်ဖို့ ခြမ်းဖို့ ကိစ္စတွေဟာ ဖေဖေ့ ကိစ္စတွေ ဖြစ်လာရပြန်တာပဲပေါ့ သမီးရယ်။ သည်တုန်းက မနက်တိုင်း လင်းပြီဆိုတာနဲ့ အိပ်ရာက စောစော ထလို့ ဈေးကိုရောက်အောင် သွားရတာက ဖေဖေ့တာဝန်တွေပါပဲ။ ဖေဖေလေ ခရိုင်မြို့ကြီးတစ်မြို့ရဲ့ အကြီးဆုံး ဈေးကြီး တစ်ဈေးထဲမှာ ငါးရင်း၊ မောရင်း၊ ဝယ်ရင်း၊ ခြမ်းရင်းနဲ့ တလည်လည်ဖြစ် ဖြစ်နေမိရာက သမီးကို ပြောပြချင်စရာ လေးတွေက ရှိ ရှိ လာရပြန်တာပါပဲ။

www.burmeseclassic.com

(နှစ်)

ဖေဖေ ဈေးကို ထွက်ဖြစ်နေတဲ့ ရက်တွေက မိုးရွာတော့ မယ် ဖြစ်နေတဲ့ နွေနှောက်မြီးရက်တွေလေ သမီးရဲ့။ ပိန္နဲ သီးတွေ လှိုင်လှိုင်ပေါ်တဲ့ ရက်တွေပဲပေါ့။ ဈေးကြီးရဲ့ သားတန်းငါးတန်း၊ ကုန်စိမ်းတန်း၊ ကုန်ခြောက်တန်းတွေ ရှိရာကို ဝင်တဲ့ အပေါက်လေးပေါက်ထဲက သုံးပေါက်ရဲ့ အဝမှာ ပိန္နဲသီးတွေကို ခွဲရောင်းနေတဲ့ အသည်တွေနဲ့ ပြည့် နေတဲ့ ရက်တွေပါပဲ။

ဖေဖေကတော့ ကုန်ခြောက်တန်းအဝမှာ အမြဲတမ်း ထိုင်ထိုင်ရောင်းနေတတ်တဲ့ အစ်မကြီးတစ်ယောက်ဆီကပဲ ဝယ်နေနေကျ။ သူက သမီး တအားကြိုက်တဲ့ အိမ်မာတစ်မျိုး တည်းကိုလည်း ရောင်းတယ်။ သူ့အိမ်ကြီးတွေကလည်း ကြီးတယ်။ ပြီးတော့ တစ်အိမ်စ၊ နှစ်အိမ်စကိုလည်း ဖေဖေ့ ကို အမြဲတမ်း အပိုပေးတယ်။ ဒါတွေကြောင့် ဖေဖေ ဈေး ထွက်ဖြစ်လို့ ပိန္နဲသီး ဝယ်တဲ့အခါ သူ့ဆီမှာပဲ ဝယ်ဖြစ် နေခဲ့တယ် ဆိုပါတော့။

(သုံး)

တစ်ရက်မှာတော့ ဖေဖေတစ်ယောက် ဈေးကို တော်တော် စောစောကလေး ရောက်သွားဖြစ်တယ်။ ထုံးစံအတိုင်းပဲ ပေါ့။ ဖေဖေ့ ဖောက်သည် အစ်မကြီးက လင်ပန်းတစ်ချပ်၊ ပိန္နဲသီး သုံးလေးလုံးနဲ့အတူ ဈေးပေါက်ဝမှာ ရောက်နှင့် လို့ နေပါပြီ။ သူက ပိန္နဲသီးတစ်လုံးကို ထက်ခြမ်းခွဲပြီး ပိန္နဲသီး အမြှာတွေကို တစ်မြှာချင်း တစ်မြှာချင်း နှိုက်ယူကာ လင်ပန်း ထဲသို့ ထည့်လို့။ သူ့ရှေ့မှာက ဈေးခြင်းတောင်းကို သားမှာ ချထားတဲ့ မိန်းမကြီးတစ်ယောက်က ဆောင့်ကြောင့်ထိုင်လို့။





ဖေဖေက မိုးတိုးမတ်တတ်ကနေပဲ ပိန္နဲသီးဈေးကို မေးမိ ဝါတယ်။

'အစ်မရေ ဘယ်လိုလဲ'

'တစ်ဆယ်ဖိုး ခြောက်မြှာပဲ ယူလေ၊ အိမ်ကြီးတွေ ကောင်းလိုက်တာ'

ဖေဖေလည်း အသာထိုင်ချလိုက်ရင်းက အစ်မကြီး နှိုက်နှိုက်ထည့်ပေးနေတဲ့ လင်ပန်းထဲက ပိန္နဲသီးပုံကနေ ကိုယ့်စိတ်ကြိုက် အမြှာကြီးတွေကို ရွေးမယ်လို့ဆိုပြီး လက်ဟန်ပြင်လိုက်မိပါရဲ့။ စိတ်ညစ်ညူးစရာ ဖြစ်ရပ်က ဖေဖေ့ဆီကို ရောက်လာတော့တာပါပဲ။ ဖေဖေ့အရင် ရောက်နေတဲ့ မိန်းမကြီးလေ၊ ပိန္နဲသီးပုံကို နှိုက်နှိုက်ပြီး အကောင်းဆုံး အမြှာကြီးတွေကို ရွေးနေရာက ဆတ်ဆို လက်နဲ့ ကာလိုက်ပြီး ဖေဖေ့ကို မလိုလားတဲ့ မျက်လုံးတွေ နဲ့ ကြည့်ကာ....

'နေဦးလေကွယ်၊ ဒီမှာ ရွေးနေတဲ့ဥစ္စာ မင်းက' တဲ့။

သမီးရယ်၊ ဖေဖေလေ တကယ့်ကို ဘာပြန်ပြော ရမှန်း မသိအောင်ကို ကြောင်သွားမိတာ အမှန်ပါပဲ။ ဒါဟာ ရှက်ဖို့ကောင်းတဲ့ ကိစ္စလား၊ ဒေါသဖြစ်ဖို့ ကောင်းတဲ့ ကိစ္စလား၊ စက်ဆုပ်ဖို့ ကောင်းတဲ့ ကိစ္စလား။ ဘာမှန်းလို့ကို ဖေဖေ ရုတ်တရက် မခွဲခြားနိုင်တော့ပါ။ ဈေးသည် အစ်မ ကြီးကို အားနာပေမဲ့ အပြန်မှပဲ ဝယ်တော့မယ်လို့ စိတ်ထဲ မှာ ဖြစ်သွားပြီး လှည့်ထွက် လာခဲ့မိတော့တာပါပဲ။

(လေး)

တကယ်တမ်း ပြန်စဉ်းစားကြည့်လိုက်တော့ ပိန္နဲသီးသည် အစ်မကြီးရှေ့က လင်ပန်းထဲမှာ ချပေးလာနေတဲ့ ပိန္နဲသီး



www.burmeseclassic.com

www.burmeseclassic.com



အမြွာတွေထဲက အကြီးဆုံး၊ အကောင်းဆုံး အိမ်ကြီးတွေ အားလုံးကို သည်အဒေါ်ကြီး ဘယ်ဝယ်လိမ့်မလဲ သမီးရယ်။ သူ ဘယ်ဝယ်လိမ့်မလဲ။ ဒါပေမဲ့ သည်အဒေါ်ကြီးက သူဝယ် မယ့် ပိန္နဲသီး အမြွာတွေရော၊ သူ မဝယ်မယ့် ပိန္နဲသီး အမြွာ တွေရော အားလုံးကို သူ့စာမေးပွဲမှာ အောင်ရှုံးပေးပြီးမှ ကျောင်းထွက်လက်မှတ် ထုတ်ပေးချင်ပုံ ရပါတယ်။ လောက ကြီး တစ်ခုလုံးကို ကိုယ့်ရွေးကျမှ ပေးချင်တဲ့ စိတ်ဓာတ် မျိုးပေါ့။ ဒါမျိုးတွေကို နေရာတိုင်း နေရာတိုင်းလိုလိုမှာ ဖေဖေတို့၊ သမီးတို့ ကြုံတွေ့နေခဲ့ကြရတာပါ။

ဟိုးတစ်ခါက ပုစွန်တွေ တအားရှားတဲ့ နွေခေါင် ခေါင်ရက်ကြီးထဲ မြစ်ငါးတွေချည်းပဲ သီးသန့်ရောင်းတဲ့ မိန်းမရွယ်ကလေးရဲ့ ရှေ့မှာ ပုစွန်တုပ် ခပ်လတ်လတ်တွေ ကို လှမ်းတွေ့လိုက်တာနဲ့ ဖေဖေ ရောက်သွားမိတယ်။ သမီးရယ်၊ အရွယ်တော်ကလေးတွေ။ စိမ်းလို့၊ လတ်လတ် ဆတ်ဆတ်ကြီးတွေ။ ဈေးကလည်း ၁ ပိဿာ ထောင့် သုံးရာဆိုတော့ မဆိုးလှပါဘူးလို့ စဉ်းစားမိပြီး ဖေဖေက လည်း ဝယ်ဖို့ပေါ့။ ဒါပေမဲ့ သမီးရေ၊ မိန်းမတစ်ယောက် က ပုစွန်ပုံရှေ့မှာ ကားရားခွထိုင်လို့။ လက်တစ်ဖက်က ပုစွန်ပုံကို ကာလို့။ လက်တစ်ဖက်က စိတ်ကြိုက် အကောင် ရွေးလို့။ ဖေဖေလေ ပုစွန်ဝယ်ဖို့ မတ်တတ်ရပ် စောင့်နေ ကြတဲ့ ဆွဲခြင်းကိုယ်စီနဲ့ အမျိုးသမီး သုံး လေးယောက်ကို လှမ်းကြည့်ရင်း ပြုံးမိတယ်။ သူတို့တွေ အကုန်လုံး မျက်နှာ တွေ တွန့်ခေါက်ကာ စက်ဆုပ်တဲ့ အမိပ္ပာယ်တွေနဲ့။ ဟိုမိန်းမ ကတော့ နှစ်ဆယ်သားလောက်လည်း ရရော တစ်လောက လုံး အတွက် သူ့ရွေးကျတွေ ထားခဲ့ရတယ်ဆိုတဲ့ မျက်နှာ





ပေးမျိုးနဲ့ ကုန်စိမ်းတန်းဘက်ဆီကို ကော့လန် ကော့လန်နဲ့ ထွက်သွားလို့။ ဖေဖေ သက်ပြင်းချမိပါတယ်။

တစ်ခါတုန်းကလည်း ရန်ကုန်ကနေ ပုဂံညောင်ဦး ကို လေကြောင်းနဲ့ ဖေဖေ ခရီးသွားဖူးတယ်။ မင်္ဂလာဒုံ လေဆိပ်မှာ ဆိုက်နားထားတဲ့ လေယာဉ်ပေါ်ကို ခရီးသည် တွေ တက်ကြတော့ ဖေဖေက တတိယမြောက်သူလေ။ လေယာဉ်ပေါ်မှာက ထိုင်ခုံနံပါတ်မရှိဘဲ ကိုယ် ကြိုက်ရာ နေရာမှာ ကိုယ်ထိုင်ရတာဆိုတော့ ရှေ့ဆုံးက တက်သွားတဲ့ မှာရယ်လေ။ နောက်ကို ပြေးသွားလိုက်၊ ရှေ့ကို ပြန်ပြေး လာလိုက်နဲ့။ လူသွားလမ်းက ထိုင်ရင် ကောင်းမလား၊ ဦးပိုင်း က ထိုင်ရင် ကောင်းမလား၊ ဘေးဘက်က ထိုင်ရင် ကောင်း မလား၊ အလယ်အုကြောင်းက ထိုင်ရင် ကောင်းမလား၊ ပြီးနိုင်တော့ပါဘူး သမီးရယ်။ နောက်က လူတွေက သူ့ကို ကျော်ပြီး သွားဖို့ဆိုတာကလည်း လူသွားလမ်း ကျဉ်းကျဉ်း ကလေးမှာ သူက ပိတ်ရပ်ထားတာဆိုတော့ ဘယ်လိုမှ သွားမရနိုင်ဘူး ဖြစ်နေတာပေါ့။ အင်း.... နောက်ဆုံးမှာ မောင်မင်းကြီးသားက သူ့အကြိုက်တကာ့ အကြိုက်ဆုံး ထိုင်ခုံမှာ ဝင်ထိုင်ချလိုက်တော့မှပဲ ပိတ်နေတဲ့ ခရီးသည် တန်းကြီး ပွင့်သွားခဲ့ပါလေရဲ့။ ခရီးသည်တွေ အားလုံး သက်ပြင်း ချမိကြပါတယ်။

(ငါး)

ရန်ကုန်-ညောင်ဦး ခရီးစဉ်ဆိုတာက တစ်နာရီတောင်မှ ပြည့်တတ်ချင်တဲ့ ခရီးစဉ်ပါ။ ကိုယ့်အကြိုက်ဆုံးခုံကို ကိုယ့်ဘာသာ ကိုယ်ရွေးပြီး ထိုင်ချလိုက်ရင် နောက်လူတွေ



www.burmeseclassic.com

www.burmeseclassic.com



အတွက် လမ်းပွင့်မသွားပါလား။ သည်လိုပဲ ကိုယ် ဝယ်မှာက ပုစွန်တုပ် ၂၀ သား၊ ၃၀ သား။ ကိုယ်ရွေး သူရွေး ရွေးယူလိုက်ကြရင် သည်ပုစွန်ဗန်းကလေး ရှေ့မှာ အသက်ရှူချောင်မသွားပါလား။ ကိုယ်ဝယ်မှာက ပိန္နဲသီးလေး ၁၀ မြွာ၊ ၁၅ မြွာ။ ကိုယ်ရွေး သူရွေး ရွေးလိုက်ကြရရင် သည်ပိန္နဲသီး ဗန်းကလေးရှေ့မှာ စိတ်ဓာတ်တွေ မချောင်ချိသွားပါလား။ ဘေးလူတွေကို ကိုယ့်ရွေးကျွပဲ ပေးဝေချင်တဲ့ စိတ်အပုပ် အသိုးတွေနဲ့ ပိန္နဲသီးဗန်းကလေးတွေကို လက်နဲ့ မကာထားချင်စမ်းပါနဲ့လား သမီးရယ်။

[ ချယ်ရီ၊ ဩဂုတ် ၁၉၉၈ ]

## မနက်စာ နှစ်ထပ်ကွမ်း

### (တစ်)

သမီးရေ....။

သည်တစ်ခါတော့ လွန်ခဲ့တဲ့နှစ် ခရစ္စမတ်ပွဲတော်နေ့မှာတုန်းက ဖေဖေ ကြုံခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုကို သမီးကို ပြောပြရရင် ကောင်းမှာပဲလို့ စိတ်ကူးရမိတယ်။ ဆဖေ့ တစ်သက်နဲ့ တစ်ကိုယ်မှာ တော်တော်ကလေးကို စိတ်ညစ်ညူးခဲ့ရတဲ ဖြစ်ရပ်ကလေးပါပဲ သမီးရယ်။ ဖေဖေတို့ မိသားတစ်စု နယ်ကောလိပ်ကျောင်းကလေး တစ်ခုကို ရောက်ရှိသွားကြတုန်းက အဲသည့်မြို့ကလေးမှာ သိခဲ့ ကျွမ်းခဲ့၊ ခင်ခဲ့မင်ခဲ့ရတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ ဘယ်လိုမှ မထင်မှတ်ထားတဲ့ ဆက်ဆံမှုကနေ ရရှိလာတဲ့ စိတ်ညစ်ညူးစရာ ဖြစ်ရပ်ကလေးပါပဲ။

သမီး မှတ်မိသေးတယ် မဟုတ်လား။ ဖေဖေရယ်၊ သမီးရယ် ဧရာဝတီမြစ်ကြီးဘေးက တာကြီးအတိုင်း လမ်းလျှောက်ဖြစ်ကြတဲ့အခါ တစ်ခါတစ်ခါ အပြန်မှာ ဝင်ဝင်ထိုင်ရတာတဲ့ ကွန်ပျူတာနဲ့ မိတ္တူကူးစက် ထောင်ထားတဲ့ အိမ်က ဖေဖေ့မိတ်ဆွေလေ။ ဟုတ်တယ် သမီးရယ်၊ သူ့



www.burmeseclassic.com

အကြောင်းပါပဲ။ သူကတော့ အဲသည့် ခရစ္စမတ်နေ့တုန်းက သူ ဖေဖေတို့ကို ဘယ်လို ဆက်ဆံမိလိုက်တယ် ဆိုတာကို သတိဆောင်မှ ထားခဲ့မိရဲ့လား မပြောတတ်ပါဘူး။ အင်းလေ ထားပါတော့၊ သူ သတိမူမိတာ မမူမိတာထက် ဖေဖေက တော့ ဖေဖေ့ရဲ့ အမှတ်ရချက် တချို့ကို သမီး မြင်သာ ထင်သာအောင် ပြန်ပြီး ပြောပြချင်မိသေးတယ် သမီးရယ်။

(နှစ်)

တကယ့်တကယ်တမ်း ပြောကြရစတမ်းလို့ ဆိုရရင် အဲသည့် ဖေဖေ့မိတ်ဆွေဆိုတဲ့ ပုဂ္ဂိုလ်ဟာ စိတ်သဘောထား ဆိုးဆိုး ရွားရွားကြီးထဲက လူတစ်ယောက်တော့လည်း မဟုတ်ပြန် ရှာဘူး သမီးရဲ့။ သူက သူ့မြို့ကလေးမှာ အတန်အသင့် ပြည့်စုံတဲ့သူပါ။ အနုပညာကိုလည်း နှံ့မင်တယ်လေ။ ပြီး တော့ သူက လူတစ်ဖက်သားကို ကူညီဖို့အတွက် ဘယ် တော့မှ လက်မနှေးတတ်တဲ့လူ။ ပြောရရင် သမီးရယ်၊ အစိမ်း သက်သက် မြို့ကို ရောက်သွားရတဲ့ ဖေဖေတို့ကိုတောင်မှ သူက မိသားစု အရင်းအချာလို ကူညီခဲ့တဲ့အတွက် ဖေဖေ တို့ တစ်တွေဟာ အချိန်တိုတိုနဲ့ မိတ်ဆွေတွေ ဖြစ်သွားခဲ့ ကြရတာ မဟုတ်လား။

ဒါပေမဲ့လည်းလေ၊ ကျောက်ကောင်းမှန်ရင် အနာ မစင်ဘူးဆိုတဲ့ စကားလိုများလားတော့ မသိပါဘူး သမီး ရယ်။ အဲသည့် ခရစ္စမတ်နေ့တုန်းက သူ ဖေဖေတို့အပေါ်မှာ မထင်မှတ်ဘဲ ပြုမူလိုက်တဲ့ လူမှုဆက်ဆံရေး ဇာတ်ကွက် တစ်ကွက်ကတော့ တော်တော့ကို အရုပ်ဆိုးလှတယ်လို့ပဲ ဖေဖေကတော့ ခံစားနေမိခဲ့တယ်။



(သုံး)

သူ အပါအဝင် အဲသည့် မြို့ကလေးမှာ ဖေဖေတို့ တွဲဖြစ်ကြတဲ့ အစုအဝေးကလေးက လေးငါးခြောက်ယောက် လောက်ပဲ ရှိမှာပါလေ။ မြေစာရင်းက ပါတယ်။ တရားစီရင်ရေးက ပါတယ်။ စာအုပ်ဆိုင်က ပါတယ်။ ကဗျာ ဆရာ ပါတယ်။ စာရေးဆရာ ပါတယ်။ ဒါလောက်ပါပဲ။

ဖေဖေတို့တစ်တွေ စုမိကြရင် လက်ဖက်ရည်ဆိုင် ထိုင်ချင် ထိုင်ကြမယ်။ အကြော်ဆိုင် ထိုင်ချင် ထိုင်ကြမယ်။ တစ်ခါတလေကျတော့မှ စားသောက်ဆိုင်ကလေး ဘာ ကလေး သွားချင်သွားကြမယ်။ အဓိကကတော့ ပိုင်းဖွဲ့ ထားပြောရတဲ့ အရသာကို အားလုံးက တပ်မက်ကြတာ ပါပဲ။

သမီးရေ၊ အဲသည့် ခရစ္စမတ်နေ့တုန်းကတော့ ဖေဖေ တို့ သမီးကို ပြောပြနေတဲ့ ဇာတ်လမ်းမှာ အဓိက ပုဂ္ဂိုလ် ဖြစ်တဲ့ ကွန်ပျူတာနဲ့ မိတ္တူက မိတ်ဆွေက ဖေဖေတို့ အဖွဲ့ကလေးကို သူ့အိမ်ကိုလာဖို့ ဖိတ်ပါတယ်။ ခရစ္စမတ် ညမှာ သောက်ရင်းစားရင်း ဆုံကြရအောင်တဲ့။ သူ အရက် တစ်လုံး ဝယ်ထားမယ်တဲ့။ ညနေ ငါးနာရီလောက် ထွက်ခဲ့ ကြပေါ့တဲ့။ တွေ့တော့မှ အိမ်မှာ သောက်ချင်ရင်လည်း အိမ်မှာ စီစဉ်ရအောင်၊ အိမ်မှာ မကြိုက်ရင်လည်း တစ်နေရာ မှာ တစ်ဆိုင်ဆိုင် ထွက်ကြတာပေါ့ တဲ့။

ပြောရရင်တော့ သမီးရယ်၊ အဲသည့် ခရစ္စမတ်နေ့ ညနေက ဖေဖေတို့တစ်တွေဟာ ဆုံနေကျ လက်ဖက်ရည် ဆိုင်ကလေးမှာ စုဆုံကြပြီးတဲ့နောက် ချိန်းထားသူ မိတ်ဆွေ ရှိရာ အိမ်ကို သွားဖြစ်ခဲ့ကြတယ်လို့ပဲ ဆိုကြပါတော့။

www.burmeseclassic.com

(လေး)

ဖေဖေတို့တစ်တွေ သူ့အိမ်ကို ရောက်သွားကြတော့ သူက အပြင်ကို ထွက်လုထွက်ခင် သမီးရဲ့။ အဝတ်အစားတွေကလည်း သူ့ကို မြင်ရုံနဲ့ ဒါဟာ ဆောင်းပဲလို့ ပြောရလောက်အောင်ကို ဝတ်လို့ စားလို့။ သူ့အပြင် သူ့ဧည့်ခန်းမှာ တွေ့ရတာက ဖေဖေ တစ်ခါမှ မမြင်ဖူးတဲ့ မျက်နှာစိမ်း နှစ်ယောက် သုံးယောက်။

ဖေဖေတို့တစ်တွေ ဧည့်ခန်းမှာ ထိုင်ကြလို့ ခဏပဲ ရှိသေးတယ်။ ဖေဖေ့မိတ်ဆွေက အရက်ပုလင်းနှစ်လုံးကို စက္ကူနဲ့ ပတ်ထွက်လာပြီး စားပွဲပေါ်မှာ အဆင်သင့် တင်ထားကာ ဖေဖေတို့ကို စကားဆိုပါတယ်။ ဘယ်လိုမှ မထင်မှတ်ထားတဲ့ စကားလေ။

**'ကဲဗျာ၊ စိတ်တော့ မရှိကြပါနဲ့၊ ဒီမှာ လာခေါ်နေကြတာနဲ့ တစ်နေရာကို လိုက်သွားစရာ ရှိနေလို့။ ခင်ဗျားတို့ အဖွဲ့ အရက်နှစ်လုံး ယူသွားပြီး တစ်နေရာရာ သွားသောက်ကြဗျာ။ အမြည်းဖိုးလည်း ကျွန်တော် ပေးလိုက်ပါ့မယ်'**

'အိုဗျာ....မဟုတ်တာ'

ဖေဖေတို့အားလုံး အထိတ်တလန့် ရေရွတ်မိလိုက်ကြပြီး မျက်နှာတွေလည်း ကွက်ခနဲပျက်ကာ သူ အတင်းထိုးပေးလာနေတဲ့ ပုလင်းတွေကို ဖွတ်အတင်း ပြန်ချထားခဲ့ပြီး ကြည့်ကောင်းအောင် နှုတ်ဆက်လို့ ပြန်လာခဲ့ကြတာပါပဲ သမီးရေ။ အဲသည့်ညနေက မိတ်ဆွေတစ်စုတို့ ရောဝတီမြစ်ကြီးဆားက တာကြီးပေါ်မှာ တစ်လှမ်းချင်း တစ်လှမ်းချင်း လျှောက်သွားနေခဲ့ကြရင်းက ဖေဖေတို့ရဲ့ စိတ်တွေဟာလည်း





ခြေလှမ်းနဲ့အတူ လေးလံ ထိုင်းမှိုင်းလွန်းလိုက်တာ။ ဘာစကားမှ မပြောကြဘဲ ကိုယ့်အတွေးနဲ့ကိုယ် လျှောက်နေကြရင်းက တစ်ခါတစ်ခါ ရေရွတ်မိလိုက်ကြတာက 'ခက်တယ်ဗျာ' 'မလွယ်ပါဘူး' စတဲ့ စကားတွေပါပဲ။

ဟုတ်တယ် သမီးရယ်၊ လောကကြီးကို မလွယ်အောင်၊ ခက်အောင် တချို့လူတွေ လုပ်မိနေခဲ့ကြတယ်လေ။

(ငါး)

သမီးရေ....။

ဖေဖေတို့၊ သမီးတို့အဖို့ ဖေဖေတို့တွေနဲ့ ပတ်သက်ဆီစပ်နေရတဲ့ မိတ်ဆွေတွေဆီက တချို့တချို့သော အရာတွေကို လိုချင် တောင့်တမိတာတော့ အမှန်ပဲ သမီးရေ။ လက်ဖက်ရည်တစ်ခွက်ကို အလိုရှိတယ်။ အရက်တစ်ခွက်ကို အလိုရှိတယ်။ ထမင်းတစ်နပ်ကို အလိုရှိတယ်။ ဒိုင်ယာရီလှလှလေးတစ်အုပ်ကို အလိုရှိတယ်။ ဘောလ်ပင် ကောင်းကောင်းလေး တစ်ချောင်းကို အလိုရှိတယ်။ သစ်ခွပန်းလှလှတစ်ခက်ကို အလိုရှိတယ်။ ဒါပေမဲ့လည်းပေါ့၊ သူ့ချည်းသက်သက်ကိုတော့ဖြင့် ဖေဖေတို့ အလိုမရှိပေဘူး။

ဖေဖေတို့တစ်တွေ လိုချင်နေကြတာက လေးစားမှုပါတဲ့ လက်ဖက်ရည်တစ်ခွက်။ အသိအမှတ်ပြုမှု ပါတဲ့ အရက်တစ်ခွက်။ စာနာမှုပါတဲ့ ထမင်းတစ်နပ်။ ချစ်ခြင်းမေတ္တာပါတဲ့ ဒိုင်ယာရီတစ်အုပ်။ အမှတ်ရခြင်း ပါတဲ့ ဘောလ်ပင် တစ်ချောင်း။ အကြင်နာတရား ပါတဲ့ သစ်ခွပန်းတစ်ခက်။ ဒါတွေကိုသာ ဖေဖေတို့ ရချင် လိုချင် မိတတ်ကြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

(ခြောက်)

ဖေဖေ မှတ်မိနေသေးတယ်။

တစ်ခါက ဖေဖေ့ဆီကို ဖေဖေ့ရဲ့ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် ရောက်လာတယ်။ သူက သဘော ကောင်း မနောကောင်း၊ ဖတ်အားမှတ်အား ကောင်းကောင်းနဲ့ တကယ့်ခင်တွယ်စရာ မိတ်ဆွေကောင်း တစ်ယောက်ပါ။ သူ ဖေဖေ့ဆီ ရောက်လာတုန်းက တော်တော့်ကို စီးပွားရေး ပျက်ယွင်းနေရှာပါပြီ။ ဖေဖေ့ကို သတိရလို့တဲ့၊ လှည့်ဝင် လာတာ။

သူ ရောက်လာတော့ ထမင်းစားချိန်ကြီး သမီးရဲ့။ နေ့ခင်း ၁၂ နာရီ ထိုးလုထိုးခင်ပါပဲ။ သူ့ခမျာ ထမင်း မစားရရှာသေးဘူးလေ။ ဒါနဲ့ ဖေဖေလည်း ဖေဖေ့အလုပ် နားက ဖေဖေ စားနေကျ ထမင်းဆိုင်ကလေးရှိရာကို သူ့ကို ခေါ်သွားခဲ့လိုက်တယ်။ ဖေဖေက စားပွဲနှစ်ပွဲ ပြင်ခိုင်းလိုက် တဲ့ အခါ အံ့သြသွားတဲ့ ထမင်းဆိုင်ပိုင်ရှင်ကိုတော့ သူငယ် ချင်း မသိအောင် မျက်စိမှိတ်ပြလိုက်ရတာပေါ့။ အင်းလေ၊ မကြာခင်ကမှ ထမင်းလာစားသွားတဲ့ ဖေဖေက ခုတစ်ခါ ပြန်လာပြီး ထမင်းထပ်စားနေတာဟာဖြင့် အံ့တော့လည်း အံ့သြစရာပေါ့။

မတတ်နိုင်ဘူးလေ၊ ဖေဖေက စားပြီးပြီလို့ဆိုကာ သူ့ကို လိုက်ကျွေးမယ်လို့ ဆိုခဲ့ရင် သူက လိုက်စားမယ့် သူငယ်ချင်း မဟုတ်ဘူး။ ပြီးတော့ ဆိုင်မှာ ဖေဖေက ငုတ် တုတ် ထိုင်ကြည့်နေတဲ့ ရှေ့မှောက်မှာ သူတစ်ယောက်တည်း စားနေရတဲ့ အချိန်တစ်လျှောက်လုံး ဖေဖေတို့ဟာ ဖေဖေတို့ ဘဝတွေကို ဘယ်လိုနည်းနဲ့ မေ့ထားကြရမလဲ။ ဖေဖေက





သော့ ဒုက္ခရောက်နေတဲ့ သူငယ်ချင်းကို နည်းနည်းပါးပါး အဆင်ပြေသူ လူတစ်ယောက်က ကူညီနေရပြီဆိုတဲ့ ခံစား ချက် ဝင်မလာစေဘဲ သူငယ်ချင်းနှစ်ယောက် တွေ့တုန်း ဆုံ ခိုက် တောင်ပြောမြောက်ပြော ရယ်ကြမောကြနဲ့ သည် မနက် စာကို ပေါ့ပေါ့ပါးပါးကလေး ပြီးဆုံး သွားစေချင်တယ်။ ဒါကြောင့်လည်း ဖေဖေပါ မစားရသေးတဲ့ပုံနဲ့ ထမင်း ကလေး ခပ်ပါးပါးထည့်ပြီး သူ့ မနက်စာထဲမှာ ဝင်ရော နေခဲ့လိုက်တာပေါ့။

သမီး စဉ်းစားကြည့်လေ။ ဖေဖေက စားပြီးပြီလို့ ဆိုကာ သူတစ်ယောက်တည်း လိုက်ကျွေးပြီး ငွေ ထရှင်း လိုက်လို့ သင့် မသင့်။ သည့်ထက်ပြောရရင် သမီးရယ်၊ ဖေဖေက စားပြီးပြီမို့ ကိုယ့်အလုပ်ကိုလည်း လက်စမဖြတ် ထားခဲ့ချင်လို့ သူငယ်ချင်းကို မင်းတစ်ယောက်တည်း သွား စားလိုက်ကွာလို့ ဆိုကာ ထမင်းဖိုး ထုတ်ပေးလိုက်ရင် ရော့ သည့် မနက်စာဟာ ဒဏ်ရာ ရ မရ။

အင်းလေ၊ ဖေဖေကတော့ မနက်စာကိုလည်း နှစ်ထပ်ကွမ်း စားခဲ့ဖူးပါသော်ကော သမီးရယ်။

(ခုနစ်)

သူငယ်ချင်းလုပ်တဲ့သူက ပွဲရုံဖွင့်ထားတယ်။ မတွေ့တာ ကြာပြီဖြစ်တဲ့ သူငယ်ချင်းက သူ့ဆီ လာလည်တယ်။ ပွဲရုံ ပိုင်ရှင် သူငယ်ချင်းက ပိုက်ဆံတွေ ရေနေရလို့ မအားတဲ့ အတွက် သူ့အလုပ်သမားကို လှမ်းခေါ်ပြီး သူ့ဆီ လာလည် တဲ့ သူငယ်ချင်းကို အပြင်မှာ တစ်ခုခု လိုက်ကျွေးဖို့ ခိုင်းတယ်။ ဒါမျိုးကို ဖေဖေတို့ တွေ့ဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က ဆေးရုံခုတင်ပေါ်မှာ နာတာရှည် ရောဂါကြီးနဲ့ လဲနေတယ်။ တွေ့ချင်လွန်းတဲ့အတွက် သူ့ရဲဘော်ရဲဘက် တစ်ယောက်ကို လူကြုံနဲ့ သတင်းပါးတယ်။ အဲသည့် ရဲဘော်က ဘာလီရှည်တစ်ပုလင်း လူကြုံနဲ့ ပို့လိုက်တယ်။ ဒါမျိုးကို ဖေဖေတို့ မြင်ဖူးတယ်။

ဘယ်မှာလဲ လေးစားမှု။
ဘယ်မှာလဲ အသိအမှတ်ပြုမှု။
ဘယ်မှာလဲ စာနာမှု။
ဘယ်မှာလဲ ချစ်ခြင်းမေတ္တာ။
ဘယ်မှာလဲ အမှတ်ရခြင်း။
ဘယ်မှာလဲ အကြင်နာတရား။

သမီးရေ၊ အမြည်းဖိုးလည်း ပေးလိုက်ပါ့မယ်။ ခင်ဗျားတို့ဘာသာ အပြင်မှာ သွားသောက်ကြဗျာလို့ ဆိုရင်း စားပွဲပေါ်မှာ ချပေးလာတဲ့ အရက်နှစ်လုံးကို ပါးနပ်စွာ ကျောခိုင်းခဲ့ရင်းက ဖေဖေတို့တစ်သိုက် ဧရာဝတီမြစ်ဆားကတာကြီးပေါ်မှာ တအိအိ လျှောက်ပြန်ခဲ့ကြဖူးပါတယ်။ တစ်ခုသော ခရစ္စမတ် ညနေခင်းတုန်းကပဲပေါ့။

[ ရှက်နဆေ၊ ဇူလိုင်လ ၁၉၉၀ ]

# ပေါင်မုန့်ကို ထောပတ်သုတ်ထားတဲ့ဘက်က အမြဲတမ်း

(တစ်)

သမီးရေ....။

ဟိုး လွန်ခဲ့တဲ့ နွေဦးတုန်းကဖြင့် ဖေဖေတစ်ယောက် ဗလွန်ဆိုတဲ့ မြို့ပေါက်စကလေးတစ်မြို့ ရှိရာကို ရောက်သွားခဲ့သေးတယ်။ သွားတုန်းကတော့ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတစ်ခုကို လုပ်ဖို့အတွက် သွားခဲ့တာပါပဲ။ ဒါပေမဲ့ ဖေဖေလုပ်ရမယ့် ကိုယ်ရေးကိုယ်တာကိစ္စတွေက အစောကြီး ပြီးနေတဲ့အတွက် အချိန် တော်တော်များများလည်း ရနေသေးတာကြောင့် ဗလွန်ဘုရားကို ဝင်ဖူးဖြစ်တယ်လေ။ ဗလွန်ဘုရား ဆိုတာက ပြည်တော်ပြန် ဘုရားရယ်လို့ ထင်ရှားပြီး ဖြစ်တဲ့အတွက် သမီး ကောင်းကောင်း သိပြီးသား ဘုရားတစ်ဆူပါပဲ။

အဲသည့်နေ့က ဖေဖေ ဘုရားဖူးပြီးလို့ ဟသ်ာတကို ပြန်မယ်လုပ်တော့ ဗလွန် ဟသ်ာတ ကားဂိတ်က နည်းနည်းကလေး လှမ်းနေတဲ့အတွက် ဘုရားနဲ့ မလှမ်းမကမ်းမှာရှိတဲ့ လမ်းဆုံကနေပဲ လာတဲ့ကားကို စောင့်စီးဖို့ သွားပြတ်

www.burmeseclassic.com



လိုက်မိတယ်။ သည်လမ်းဆုံမှာက ရန်ကုန်က လာတဲ့ကားကို တားစီးစီး၊ ခနေပြူက လာတဲ့ကားကို တားစီးစီး၊ ဇလွန် ဂိတ်ကနေ ထွက်လာတဲ့ကားကို တားစီးစီး အဆင်ပြေ တယ်လေ။

ဖေဖေ လမ်းဆုံကနေ စောင့်လို့ ခဏကြာတော့ ဇလွန်ဂိတ်ကနေ ထွက်လာတဲ့ ကားတစ်စီး ရောက်လာ ပါတယ်။ ဖေဖေက အဲသည့်ကားနဲ့ပဲ ဟင်္သာတကို လိုက် ဖို့ ဆုံးဖြတ်လိုက်ပြီး လှမ်းတားလိုက်မိတယ် ဆိုပါတော့ သမီးရယ်။ အင်း....ကားကလည်း ရပ်ပေးပါရဲ့။ ဖေဖေ ကလည်း တက်ခဲ့ပါရဲ့။ အဲသည့်မှာတွင်ပဲ သမီးကို ပြောပြ ချင်စရာ အကြောင်းတွေကလည်း ကားပေါ်မှာ တွေ့လာ ခဲ့ရပြန်တာပါပဲ သမီးရယ်။

## (နှစ်)

ကားက ဒိုင်နာ (Dyna)သမီးရဲ့။ ဘေးတန်းက နှစ်တန်း။ အလယ်တန်းက တစ်တန်း။ ဖင်ထိုင်ခုံပေါ်မှာ ဆေးဖြူ လေးတွေနဲ့ ကန့်ကာ ကန့်ကာထားပြီး နံပါတ်ကလေးတွေ ထိုးထားတဲ့အတွက် သူ့နေရာနဲ့သူ ထိုင်ရမယ်ဆိုတဲ့ သဘော ပါပဲ။ ဒါပေမဲ့ အဲသည့်နေ့က ဂိတ်က စထွက်လာ ကတည်း က ကားပေါ်မှာ လူတော်တော်ပါးတဲ့အတွက် ထင်ပါရဲ့။ ခရီးသည်တွေဟာ သူ့နေရာ ကိုယ့်နေရာရယ် လို့တောင် မဟုတ်တော့ပါဘူး။ ကြုံရာနေရာမှာ ခပ်ကျဲကျဲပဲ ထိုင်နေ ကြပါတယ်။

သမီးရေ၊ အဲသည့်နေ့က ဖေဖေ ကားပေါ်တက် ပြီးပေမဲ့ ကားက တော်တော်နဲ့ မထွက်ဘူး သမီးရဲ့။ ခရီး





သည် စောင့်ရဦးမှာတဲ့။ မနက်က ဂိတ်မှာ ကြိုဆောင်ပြီး လက်မှတ်လာဖြတ်သွားခဲ့တဲ့ ဘုရားဖူးတဲချို့က လမ်းဆုံ က စောင့်ပါလို့ မှာထားခဲ့တယ်ဆိုလား။ သူတို့တွေ ပြည် တော်ပြန် ဘုရားထဲက ထွက်လာကြမှာဆိုတဲ့ စကားသံ သဲ့သဲ့ကိုလည်း ဖေဖေ ကြားလိုက်မိပါရဲ့။ အင်းလေ ဖေဖေ တို့က စောင့်ကြရုံပဲပေါ့။

သိပ်တော့ မစောင့်လိုက်ရဘူး သမီးရဲ့။ တအောင့် လောက်ကြာရင်ပဲ ဘုရားထဲကနေ ပြေးထွက်လာကြတဲ့ မိန်းမ ယောကျ်ား ဆယ်ယောက်ဝန်းကျင်လောက်ကို လှမ်း တွေ့လိုက်ကြရတာပါပဲ။ ဇလွန်ကနေ ဟင်္သာတကိုပါ ဘုရားဖူး ဆက်မယ်ပုံရတဲ့ မျက်နှာစိမ်း ခရီးသွားတွေလေ။

လက်ပံပင်ပေါ်မှာ ဆက်ရက်ကျသလို ကျွက်ကျွက် ညံနေတဲ့ အသံတွေနဲ့ သူတို့တစ်သိုက် ကားပေါ်ကို တက် လာကြတဲ့အချိန်မှာ ဖေဖေ အပါအဝင် ခရီးသည် လေးငါး ယောက်က ဘေးတန်းမှာ ထိုင်လို့။ ကားရဲ့ ဘယ်ဘက်၊ အရပ်လေးမျက်နှာနဲ့ ပြောရင် အနောက်ဘက်အခြမ်းမှာ ပေါ့။ ကြည့်ရတာက သူတို့တွေ ကြိုဝယ်ထားတယ်ဆိုတဲ့ နေရာကလည်း ဖေဖေတို့တွေ ထိုင်နေကြတဲ့ ဘေးတန်းပဲ ဖြစ်ပုံရပါတယ်။ ဒါကြောင့်လည်း တစ်တန်းလုံး လွတ်နေ တဲ့ အလယ်တန်းမှာ အားလုံးလိုလိုက အလွယ်တကူ ဝင်ထိုင် လိုက်ကြပြီးတာနဲ့ ခေါင်းဆောင်သူ ဖြစ်ဟန်တူတဲ့ မိန်းမ ခပ်လတ်လတ် တစ်ယောက်က မကျေမနပ် စကား ဆိုပါ တော့တယ် သမီးရေ။

'ကျွန်မတို့က ခုံနံပါတ် ၁ ကနေ ၁၂ အထိ ကြိုဝယ် ထားတာလေ။ ကိုယ့်နေရာကိုယ် ထိုင်ကြမှပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဩော်...သူပြောတဲ့ ခုံနံပါတ် ၁ ကနေ ၁၂ ဆိုတာက ဖေဖေတို့ လေးငါးခြောက်ယောက် ထိုင်နေခဲ့ကြတဲ့ ဘယ်ဘက် ဘောတန်းပဲလေ။ သည်တော့လည်း အားလုံးက အားတုံ့အားနာနဲ့ အလယ်တန်းကို ရွှေ့ထိုင်ဖို့ ဟန်ရေးပြင်လိုက်ကြတာပေါ့။ ဒါပေမဲ့ သမီးရဲ့၊ အဲသည့် မိန်းမ ခပ်လတ်လတ်ကဖြင့် ပေါင်မုန့်ကို ဘယ်ဘက်မှာ ထောပတ် သုတ်ထားသလဲ ဆိုတာကို အလွယ်တကူနဲ့ သိစွမ်းနိုင်တဲ့ အမျိုးသမီး တစ်ယောက်ဆိုတာ ဖေဖေ အကဲဖမ်းလိုက်မိပါတယ်။ ဘောတန်းက ကိုယ့်ခုံမှာ ကိုယ်မထိုင်ရဘဲ အလယ်မှာ ဝင်ထိုင်လိုက်ရလို့ မကျေမနပ် ဖြစ်သွားတဲ့ သူ့မျက်နှာဟာ ခဏအတွင်းမှာ ဖျတ်ခနဲ ပြောင်းသွားတယ်လေ။ မျက်နှာသာမက သူ့အတွက်ကပါ ဖျတ်ခနဲ နေရာပြောင်းသွားခဲ့ပါရဲ့။

**'ရပါတယ်လေ၊ ထိုင်ပါ ထိုင်ပါ။ ကျွန်မက ပြောပြတာပါ။ အလယ်ခုံမှာပဲ ထိုင်လိုက်ကြပါ့မယ်'**

ဩော်...သမီးရယ်၊ ကလေးလေးတွေမှ မဟုတ်ကြတာပဲကွယ်။ သူ ဘာ့ကြောင့် အလယ်တန်းကိုပဲ ရုတ်တရက် ရွေးလိုက်တယ် ဆိုတာကို ဖေဖေ ရိပ်မိတာပေါ့။ ဖေဖေတို့ကသာ အမှုမထားကြတာလေ။ သည်တုန်းက နေတော်တော်စောင်းသွားခဲ့ပေမဲ့ ကျနေဖြစ်လို့ ဖေဖေတို့ဘက် အခြမ်းမှာက ပူသင့်သလောက် ပူတုန်း သမီးရဲ့။ လောကကို အရိုးရော အသားရော ဝါးစားဖူးထားတဲ့ ဟန်မျိုး ရတဲ့ အဲသည့်အမျိုးသမီးက သူ့လူတွေ သူကြည့်ပြီး မျက်နှာရိပ် မျက်နှာကဲနဲ့ ဟွန်း အလယ်မှာပဲ ထိုင်ကြဆိုတဲ့ စကားကို





မျက်လုံးနဲ့ ဝေ့ပြောလိုက်ပုံကို သမီးကို ဖေဖေ ပြချင်စမ်းလှတယ် သမီးရယ်။

(သုံး)

ပြောရရင် သမီးရယ်၊ ဖေဖေတို့ကား ဟာ သည်လိုနဲ့ပဲ ဆက်ထွက်လာခဲ့ကြတယ် ဆိုပါတော့လေ။ ဖေဖေတို့ကလည်း ဘောတန်းမှာ ထိုင်လို့။ သူတို့တွေကလည်း အလယ်တန်းမှာ ထိုင်လို့။ ကျနေကလည်း ဖေဖေတို့ ဘောတန်းက လူတွေအပေါ်ကို အတန်အသင့် ထိုးကျလို့။ ဖေဖေ အခုန အမျိုးသမီးကို ကြည့်ရတာ သူတို့ ဝယ်ထားခဲ့တဲ့ ဘောတန်းမှာ သူတို့ မထိုင်လိုက်ရတာကိုပဲ ကံကောင်းလေစွလို့ သဘောရနေတဲ့ပုံပါ။

ဒါပေမဲ့ သမီးရဲ့၊ သူ တို့ စိတ်ကြိုက်ရွေးချယ်ထားခဲ့ကြတဲ့ အလယ်တန်းကလည်း အနာလွတ် အပြစ်လွတ်ကြီးတော့လည်း မဟုတ်လှပါဘူး။ အမိုးက နည်းနည်းနိမ့်တယ်လေ။ လမ်းက လမ်းကြမ်းဆိုတော့ ကား ခုန်ခုန်သွားတဲ့အခါ အဲသည့်အလယ်တန်းက လူတွေအဖို့ ခေါင်းနဲ့ အမိုးနဲ့က ဆောင့်ချင်ချင်ရယ်ပါ။ အထူးသဖြင့်က အဲသည့်အုပ်စုရဲ့ မူဝါဒရေးရာတာဝန်ခံ ဖြစ်ဟန်တူသူ ခပ်လတ်လတ် အမျိုးသမီးက အလယ်တန်းရဲ့ အရှေ့ဆုံးမှာဆိုတော့ ခေါင်မိုးမှာ တပ်ထားတဲ့ မီးလုံးနဲ့ သူ့ခေါင်းနဲ့က မလွတ်လှဘူး။ ခေါင်းငုံ့ထားရတယ်လေ။ ဒါကို ထိုင်ပြီး ခဏလောက် နေတော့မှ သူက သတိပြုမိသွားပုံ ရပါတယ်။ သတိပြုမိသွားပြန်တော့လည်း သူ့မျက်နှာက ရှုံ့တွလို့၊ အလယ်တန်းကို ရွေးထိုင်လိုက်တာတော့ မှားပါပြီဆိုတဲ့ အဓိပ္ပာယ်မျိုးက ချက်ချင်းပြောင်းသွားပြန်ပါရော။



www.burmeseclassic.com

www.burmeseclassic.com

## (လေး)

သမီးရေ၊ သည်လိုနဲ့ပဲ သွားနေခဲ့ကြရင်းက လမ်းတစ်ဝက်လောက်ရောက်တော့ ကားဘီးပေါက်တော့တာပါပဲ။ ကားဘီးကို လဲလို့ တပ်လို့ပြီးတော့ ညနေကလည်း အတော်စောင်းသွားခဲ့ပြီလေ။ ကျနေကလည်း အေးသွားခဲ့ပြီပေါ့။ ကားဘီး လဲနေတုန်း ဟိုအုပ်စုကို လှမ်းကြည့်လိုက်တော့ အော်ရေးရှား ပိတောက်ပင်ပုကလေး အရိပ်မှာ စုစု စုစု၊ တိုးတိုး တိုးတိုးနဲ့။ ထုံးစံအတိုင်းပေါ့၊ မူဝါဒရေးရာ တာဝန်ခံနဲ့ တူတဲ့ အရွယ်ခပ်လတ်လတ် အမျိုးသမီးကပဲ မျက်နှာကို မဲ့ကာရွဲ့ကာ တွန့်ကာခေါက်ကာနဲ့ ဦးဆောင်ပြောနေပါလေရဲ့။

ဒါနဲ့ ခရီးသည်တွေ ကားပေါ် ပြန်တက်ကြတော့ ခုတင်က အမျိုးသမီးက ဖျိုးဖျိုးဖျတ်ဖျတ် ဆိုသလို ကားပေါ် ဦးအောင် တက်သွားပြီး ဖေဖေတို့ ထိုင်ခဲ့တဲ့ ဘေးတန်းမှာ ထိပ်ဆုံးက နေရာယူလိုက်တယ်လေ။ ပြီးတော့ သူ့လူတွေကိုလည်း ဘေးတန်းမှာပဲ ထိုင်ကြဖို့ ဆော်ဩနေပြန်ပါလေရဲ့။

'ကဲဟေ့ ထိုင်ကြ ထိုင်ကြ၊ ကိုယ့်နေရာနဲ့ ကိုယ်ပဲကောင်းပါတယ်'တဲ့။

ဩော်....လောကရဲ့ အပြောင်းအလဲ မြန်ဆန်လွန်းလှသော အမှုအရာများ။ နေထိုင်နေတုန်းကတော့ အလယ်တန်းမှာပဲ နေလိုက်ပါတော့မယ်တဲ့။ နေအေးသွားတော့ ဘေးတန်း ကိုယ့်နေရာမှာပဲ ကိုယ်ပြန်နေပါတော့မယ်ဆိုလား။ ဖေဖေတို့ကလည်းလေ ဘာမှ မဖြစ်လောက်တဲ့ နေရာကလေးတစ်ခုအတွက် အချိန်တိုကလေးအတွင်းမှာ





ကားပြောမနေချင်တော့တာနဲ့ အလယ်တန်းမှာပဲ ဝင်ထိုင်ခဲ့လိုက်ကြပါတယ်။ လောကကြီးမှာ ခင်တွယ်စရာ မကောင်းသော စိတ်အဆင်အကွက်နဲ့ ခရီးထွက်လာကြသူများ။

## (ငါး)

သမီးရေ၊ မုန်လာခင်းကို ဝေစုခွဲကြတုန်းကတော့ မြေကြီးအောက်က ဥတွေကိုပဲ ယူပါ့မယ်လို့ဆိုပြီး၊ ကန်စွန်းခင်းကို ဝေစုခွဲချိန်မှာတော့ မြေကြီးအထက်က အရွက်တွေကိုပဲ ယူပါတော့မယ်ဆိုတဲ့ ယုန် လူလည်အကြောင်းကို ပုံပြင်တစ်ပုဒ်ထဲမှာ ဖေဖေ ဖတ်ဖူးတယ်။

ဟိုး တစ်ခါတုန်းကလည်း အိမ်မှာ မိသားစုတွေ စုံလင်လင်နဲ့ လူတွေ များနေတဲ့အချိန်မှာ အဝတ်လျှော်တဲ့ အစ်မကြီးကို လခနဲ့လုပ်ဖို့ ပြောခဲ့ပေမဲ့ မိသားစု တစ်ယောက်စ နှစ်ယောက်စပဲ အိမ်မှာရှိရော၊ အထည်အရေအတွက်နှုန်းနဲ့ လျှော်ဖို့ စကားပြင်ခဲ့တဲ့ မိန်းမကြီး တစ်ယောက်ကို ရုပ်ကွက်ထဲမှာ ဖေဖေ တွေ့ဖူးတယ်။

တစ်ခါသား ကျပြန်တော့လည်း ကျောင်းသားကလေး ၅ ယောက်စ၊ ၁၀ ယောက်စ ရှိနေတုန်းကတော့ တစ်ယောက်ချင်းနှုန်းနဲ့ လစာရှင်းပေးနေခဲ့ပြီး မထင်မှတ်ဘဲ ကျောင်းသားတွေလည်း ရာကျော် ရှိလာရော၊ လခ အပြတ်သဘောနဲ့ ပေးချင်လာတဲ့ သင်တန်းတည်ထောင်သူ တစ်ဦးကို စာသင်ခန်းထဲမှာ ဖေဖေ တွေ့ဖူးပြန်တယ်။

သမီးရယ်၊ ပေါင်မုန့်ကို ဘယ်ဘက်မှာ ထောပတ်သုတ်သလဲ ဆိုတာကို သိတာဟာဖြင့် အပြစ်ကြီးတစ်ခု တော့လည်း မဟုတ်ပါဘူး။ သိလည်း သိသင့်ပါရဲ့၊ ရွေး



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွေးချယ်သင့်ပါရဲ့။ ဒါပေမဲ့လေ ထောပတ်သုတ်ထားတဲ့ဘက်ကိုပဲ အမြဲတမ်းယူမယ် ဆိုတာကျပြန်တော့….။ သူတစ်ပါးကို လုံးဝ အခွင့်အရေး မပေးသလိုချည်းများ ဖြစ်မနေဘူးလား။ နေပူတော့ အလယ်တန်းမှာ ထိုင်မယ်၊ နေအေးတော့ ဆားတန်း ပြန်ထိုင်မယ်၊ မိုးရွာရင် အလယ်တန်း ပြန်ရွှေ့မယ်၊ မိုးတိတ်ရင် ဆားတန်း ပြန်ထိုင်မယ်။ တခြားတခြားသော လူတွေက အမြဲတမ်း ကိုယ့်ရွေးကျကို စောင့်နေကြရမှာတဲ့လား။

သမီးရယ်….။

မေမေတို့လည်း ပေါင်မုန့်ကို ထောပတ် သုတ်ထားတဲ့ ဘက်ကပဲ ကြိုက်တတ်ကြတယ် ဆိုတာကို ဇလွှန်ဟသာ်တ သွား ဒိုင်နာ(Dyna) ကားပေါ်က မိန်းမ ခပ်လတ်လတ် တစ်ယောက်ကိုဖြင့် သိစေချင်လိုက်တာလေ။

[ ရှုက်နဝေ၊ ဩဂုတ် ၁၉၉၈ ]

BURMESE CLASSIC .com

# မအူပင်ဆိပ်ကမ်းမှာ

## (တစ်)

သမီးရေ….။

အဲသည့်နေ့တုန်းက သမီးရယ်၊ သမီး မေမေရယ် ဖေဖေ့ကို လိုက်ပို့ကြပြီးလို့ ပြန်သွားပြီး သိပ်မကြာခင်မှာပဲ ဝိစုရကြီး ရန်ကုန်ဆိပ်ကမ်းကနေ ခွာခဲ့ပါတယ်။ သမီးရယ်၊ တကယ်က အဲသည့်နေ့က မိုးနေ့ သမီးရဲ့။ ဒါပေမဲ့ မနက်လင်းကတည်းက ရွာလိုက်တဲ့မိုးဟာ ဖေဖေတို့ သင်္ဘောထွက်မယ့် နေ့ခင်း ၂ နာရီ ဝန်းကျင်လောက်ကို လည်း ရောက်ရော ဘာသဘောကောင်းသွားတယ် မသိ၊ တိတ်သွားပါလေရော။ အဲသည့်နေ့က သင်္ဘောမထွက်ခင် ကတည်းက တိတ်သွားတဲ့မိုးဟာ ဖေဖေတို့ရဲ့ ဝိစုရ တွဲတေးတူးမြောင်းကို လွန်ပြီး တိုးမြစ်ထဲကို ဝင်တော့မှပဲ သဲသဲမဲမဲနဲ့ တစ်ခါ ပြန်ရွာချလာပြန်ပါရဲ့။ တော်သေးရဲ့ သမီးရယ်၊ အဲသည့်နေ့က မြစ်ထဲမှာ လေ မပြင်းထန်လှဘူး။ ဒါပေမဲ့ ရေက ငွေ့ငွေ့ကလေး ဆန်နေတာရယ်၊ မိုးမှောင်ကျနေတာရယ်၊ သင်္ဘောကို ထိန်းထိန်းသိမ်းသိမ်း မောင်းရတာရယ် တွေကြောင့် ဝိစုရကြီး မအူပင်ဆိပ်ကမ်းကို ကပ်တော့ ည



www.burmeseclassic.com

www.burmeseclassic.com



၇ နာရီ ထိုးလုပြီ။ မိုးအောက်မှာ စိုတိစိုဖတ် လင်းနေတဲ့ မီးသီးတွေ၊ မီးချောင်းတွေနဲ့ အတူ မအူပင်မြို့ကို ဖေဖေ လှမ်းမြင်ခဲ့ရပါတယ်။

(နှစ်)

သမီးရေ....။

မအူပင်ဆိပ်ကမ်းကို ဖေဖေတို့ရဲ့ ဝိရူရ ကပ်ခဲ့ရ တုန်းက ဆိပ်ခံဟောတဲတားကို ဘေးချင်းယှဉ်ပြီး ကပ်ခဲ့ရ တာ မဟုတ်ဘူး သမီးရဲ့။ ကြားမှာက တခြားသင်္ဘောတွေ လေးငါးစင်းတောင် ခြားထားသေးတယ်။ ဒါပေမဲ့လည်း လေ၊ တစ်ဝမ်းတစ်ခါးအတွက် သင်္ဘောတစ်စင်းပြီး တစ်စင်း ကျော်ဖြတ်ကာ ရောက်လာလိုက်ကြတဲ့ ဈေးသည်လေးတွေ ဟာ မနည်းမနောပါပဲလား။ တံမြက်စည်းသည်ကလေး တွေ၊ မုန့်ဟင်းခါးသည်လေးတွေ၊ ဖျာသည်လေးတွေ၊ သရက်ပျဉ်သည်လေးတွေ၊ ငှက်ပျောခြောက်သည်လေးတွေ၊ မုန့်ဖက်ထုပ်သည်လေးတွေ အစုံမှ အစုံပါပဲ။ အများဆုံး ကတော့ ထမင်း ရမယ်၊ ခေါက်ဆွဲကြော် ကြာဆံကြော် ရမယ် ဆိုတဲ့ ချာတိတ်ကလေးတွေ ပါပဲ။

အဲသည့်အထဲကမှ ထမင်း ရမယ်၊ ထမင်း ရမယ် ဆိုတဲ့ ချာတိတ်ကလေး တစ်ယောက်နဲ့ ဖေဖေတို့ရဲ့ ဝိရူရ သင်္ဘောပေါ်က ခရီးသွား ယောကျ်ားကြီးတစ်ယောက်တို့ ရဲ့ အကြောင်းကို သမီးကို ဖေဖေက ပြောပြချင်တာပါပဲ သမီးရေ။

(သုံး)

ချာတိတ်ကလေးက ငယ်ရှာပါသေးတယ် သမီးရယ်။ ဖေဖေ့ စိတ်ထင်ပြောရရင် ဆယ့်သုံးလေးနှစ်ထက်ကို မပိုလောက်





ပါဘူး။ ဖေဖေတို့သင်္ဘော ကပ်လုကပ်ခင်မှာတွင်ပဲ တစ်ဖက် က သင်္ဘောရဲ့ အပေါ်ထပ်လက်တန်းကို ခြေကန်ပြီး ဆွဲထား ရာက မျောက်ကလေးတစ်ကောင် သစ်ကိုင်းကို ခုန်ကူးသလို သည်ဘက်သင်္ဘောကို ခုန်ကူးလာလိုက်တာလေ။ ထမင်း ရမယ်၊ ထမင်း ရမယ်နဲ့ အသံကို စာနေတာပဲ။

သင်္ဘောအပေါ်ထပ်ကို ဇွေ့ခနဲ ဇွေ့ခနဲ ရောက် လာကြကာ ခြေချင်းလိမ်နေကြတဲ့ ဈေးသည်တွေ အများ ကြီးထဲကမှ အဲသည့် ချာတိတ်ကလေးကို လှမ်းခေါ်ခဲ့သူ ကတော့ ဖေဖေ့ မလှမ်းမကမ်းမှာ ထိုင်နေတဲ့ ယောကျ်ား ကြီး တစ်ယောက်ပါ။ သူက ကြက်သားနဲ့ ထမင်းတစ်ထုပ် မှာပါတယ်။ ငါးပိတို့စရာ ထည့်ခဲ့ဖို့၊ ခပ်သွက်သွက် ပြန် လာဖို့ကိုလည်း မှာနေပါသေးတယ်။ ချာတိတ်ကလေး လေ အော်ဒါရရှာလို့ ထင်ပါရဲ့၊ မျက်လုံးကလေးတွေ ဝင်းခနဲ သွားပြီး သင်္ဘောတစ်စီးကနေ တစ်စီး ဖျတ်ခနဲ ဖျတ်ခနဲ ခုန်ကူးသွားကာ မိုးရွာထဲမှာ ပျောက်သွားခဲ့ပါရဲ့။

သမီးရေ၊ ချာတိတ်ကလေး ထွက်သွားလို့မှ ဘာမှ ကြာလိုက်ပါဘူး။ မျက်လုံးပြူးစရာ လုပ်ရပ်တစ်ခုကို ခုန ကလူကြီး လုပ်နေခဲ့ပြီလေ။ နောက်ထပ် ရောက်လာတဲ့ ဈေးသည်လေး တစ်ယောက်ဆီက အသင့်ကြော်လာပြီးသား ခေါက်ဆွဲကြော်တစ်ထုပ်ကို ဝယ်နေခဲ့တာပဲပေါ့။ ဆိပ်ကမ်း ပေါ်က ထမင်းဆိုင်မှာ ထမင်း ပြေးထုပ်နေတဲ့ ချာတိတ် ကလေး ပြန်လာရင် ဘယ်လိုဖြေရှင်းမှာပါလိမ့်။ သမီးရယ်၊ စဉ်းစားကြည့်ယ်ကိုမှ ဖေဖေ ထင်တဲ့ အတိုင်းပါပဲ။ ထမင်းထုပ် ကလေး လက်က ဆွဲပြီး အပြေးပြန်လာတဲ့ ချာတိတ်ကလေး

www.burmeseclassic.com



ဆို အဲသည့်လူကြီး ဖြေရှင်းလိုက်ပုံက လွယ်ကူလွန်းလှပါတယ်။ **'မယူတော့ဘူးကွာ'**တဲ့။

ဖေဖေရော၊ တခြားခရီးသွားတွေရော အားလုံးရဲ့ အကြည့်တွေက အဲသည့်ပြဿနာဆီကို ရောက်သွားကြပါတယ်။ ချာတိတ်ကဖြင့် ငိုတောင် ငိုနေပြီလေ။ **'ပိုက်ဆံ ပေးဗျာ၊ ပိုက်ဆံ ပေးဗျာ'**နဲ့လည်း တတွတ်တွတ် တောင်းနေရဲ့။ **'မယူချင်ရင် ဦးလေး အစက ဘာလို့ မှာသေးလဲ ဗျ'**လို့လည်း ပြောနေလိုက်သေး။ လူကြီးကလည်း ရှုတ်ပါပဲ။ 'ငါ **မယူချင်လို့ မယူတာကွာ**'တဲ့။ **'မင်းဟာမင်း ကြိုက်တာလုပ်'**တဲ့။

ထမင်းထုပ်ကို မှာပြီးခါမှ ခေါက်ဆွဲကြော်ဘက်ကို အာရုံပြောင်းသွားလို့များ သူ သည်လို လုပ်လိုက်တာလား။ ဒါမှမဟုတ် သဘော်ထွက်တဲ့အထိ ချာတိတ် ရောက်မလာခဲ့ရင် ညစာအတွက် ခက်မှာစိုးလို့များ သူ သည်လို **စီစဉ်** လိုက်တာလား။ ဒါကိုဖြင့် ကာယကံရှင်ကသာ သိနိုင်လိမ့်မှာပေါ့။ ဒါပေမဲ့လည်းလေ၊ ဖေဖေတို့ တွေ့နေရတဲ့ မိုးညမြင်ကွင်းကဖြင့် တော်တော့်ကို အကြည့်ရ ဆိုးလွန်းလှပါတယ် သမီးရယ်။ သည်လိုနဲ့ပဲ ဝိရုရကြီးလည်း မအူပင်ဆိပ်ကမ်းက ခွာခဲ့ပါတယ်။ ထမင်းတစ်ထုပ်ကို ၅ ကျပ်စား ၁၀ စားနဲ့ ထမင်းဆိုင်ကနေ မှာပေးရရှာတဲ့ ချာတိတ်ကလေး တစ်ယောက်ကတော့ ဘာလုပ်ရမှန်း မသိတဲ့ ထမင်း တစ်ထုပ်ကို ကိုင်လို့ မျက်ရည်လည်ရွဲနဲ့ ကျန်ခဲ့ပြီ။ လူ တစ်ယောက်ရဲ့ သူ့ နှုတ်ထွက်စကားအပေါ်မှာ တာဝန်မယူခဲ့ခြင်းအတွက် သည်ချာတိတ် ဘယ်လောက် အကျပ်ကျရှာလေမလဲ။ သမီးတစ်ယောက် ခန့်မှန်းကြည့်နိုင်မှာပါ။



(လေး)

သမီးရေ....။

သမီးတို့၊ ဖေဖေတို့ သက်ရှင်နေထိုင်ကြရာ ကမ္ဘာလောကကြီးပေါ်မှာက ကိုယ် မှာယူထားတဲ့ ထမင်းထုပ်ကလေး တစ်ထုပ်အတွက်တောင် တာဝန် မယူချင်၊ မယူနိုင်ကြတဲ့ ခရီးသွား ယောက်ျားကြီးလို လူမျိုးတွေ ရှိသလို ကိုယ့်နှုတ်ထွက်စကားအတွက် တန်ရာတန်ကြေးပေးဖို့ ဘယ်တော့မှ ဝန်မလေးတဲ့ လူတွေလည်း ရှိကြပါတယ်လေ။

**'အစ်မရေ၊ ကျွန်တော့်အတွက် ဒီည သင့်ဘဝ မဂ္ဂဇင်း ချန်ထားပါဗျာ'**လို့ စာအုပ်အငှားဆိုင်က အစ်မကြီးကို မှာခဲ့တယ်။ ဒါပေမဲ့ အဲသည့်ညမှာ ကိစ္စတစ်ခုပေါ်လာလို့ စာအုပ်ဆိုင်ကို မသွားဖြစ်ခဲ့ဘူး။ နောက်တစ်နေ့ကျမှ သင့်ဘဝကို သွားယူဖြစ်ပြီး တစ်ရက် ဖတ်ပြီးတဲ့နောက် ပြန်အပ်တဲ့အခါ နှစ်ရက်ဖတ်ခ ပေးလိုက်တယ်။ စာအုပ်ဆိုင်ရှင်က အတင်းပြန်ပေးနေတဲ့ကြားက ရှုတ်ကို နှစ်ရက်ဖတ်ခ ပေးမှဖြစ်မယ်ဆိုတဲ့ စာဖတ်သူတစ်ဦးကို ဖေဖေ တွေ့ဖူးတယ်။ ချန်ထားပါ ဆိုပြီး လာမယူဖြစ်တဲ့ ညအတွက် သူ့မှာ တာဝန်ရှိတယ်လို့ကို ရှင်းရှင်းလင်းလင်း ခံယူထားတဲ့ပုံလေ။ နောက်တစ်ခါ သူမှာရင် ဆိုင်က လေးစားစွာနဲ့ ချန်ထားရပြီပေါ့။ သည်လို စာဖတ်သူနဲ့ စာအုပ်အငှားဆိုင်ကလေးကြားက ကမ္ဘာလောက ဟာဖြင့် တကယ့်ကို သေချာလွန်းတဲ့ ကမ္ဘာလောကပါပဲလား သမီးရယ်။

**'ဦးလေးရေ၊ မနက်ကျရင် လေးနာရီထိုး ထွက်မယ့် ထား မီအောင် ကားကြီးကိတ်ကို ပို့ပေးစမ်းပါ'**လို့ မြင်းလှည်းဆရာကြီးကို ကြိုမှာထားတယ်။ နောက်နေ့ မနက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ့်လိုပဲ ရန်ကုန်ဆင်းမယ့် လူတစ်ယောက်ကို လိုက်ပို့မယ့်ကားနဲ့ ကြုံနေတယ်။ အဆင်သင့်လို့ လိုက်သွားပေမဲ့ မြင်းလှည်းဆရာကြီးလာရင် မြင်းလှည်းခ မဖြစ်မနေ ပေးဖို့ အိမ်ကိုမှာခဲ့တယ်။ အိမ်ကလည်း မယူ ယူအောင်ကို ဖွတ်ပေးတယ်။ နောက်တစ်ခါ သူမှာရင် မြင်းလှည်းကလေးက သေချာစွာနဲ့ အသော့ နှင်လာရဲ့ပြီပေါ့။ သည်လို ခရီးသည်နဲ့ မြင်းလှည်းဆရာကြီးကြားက ကမ္ဘာလောကဟာလည်း တကယ့်ကို နောက်ကျောလုံရလွန်းတဲ့ ကမ္ဘာလောကပဲပေါ့ သမီးရယ်။

သမီးရေ၊ တစ်ခါတုန်းဆီကတော့ ဝိရူရ ဆိုတဲ့ သင်္ဘောပေါ်က လူတစ်ယောက်က သူ မှာယူထားတဲ့ ထမင်းတစ်ထုပ်ကို သူနဲ့ မဆိုင်တော့ပါဘူးရယ်လို့ ဖွတ် ခေါင်းခါခဲ့ဖူးတယ်။ ထမင်းထုပ်ကလေး ကိုင်ထားတဲ့ ကလေးတစ်ယောက်ကလည်း မအူပင်ဆိပ်ကမ်းမှာ မျက်ရည်စက်လက်နဲ့ ကျန်ရစ်ခဲ့ဖူးတယ်။

{ ရနံ့သစ်၊ ဩဂုတ် ၁၉၉၈ ]

# တစ်လောကလုံး ရယ်ချင် ရယ်ကြလည်း သမီးကတော့ ငို

(တစ်)

သမီးရေ....။

'နားပါရယ်ချင်....နား' ဆိုတဲ့ တစ်ခါ တစ်ခါမှ ကြားရတတ်တဲ့ အသံကလေးကို အမှတ်မထင်ဘဲ ဖေဖေ ကြားလိုက်ရတော့ ကိုယ့်စာရေးစားပွဲခုံကလေးမှာ ကိုယ်စာရေးနေရာက နည်းနည်းကလေး တန့်သွားမိတာကတော့ အမှန်ပါပဲ သမီးရေ....။ ပြီးတော့ ဘောလ်ပင်ကို လက်မှာ ကိုင်ထားရင်း ရေးလက်စ စာကို ခဏ ဖြတ်ထား၊ ရပ်ထားရင်းကနေ လမ်းမဘက်ကို လှမ်းကြည့်လိုက်မိတာကလည်း အမှန်ပါပဲ။ သည်တော့လည်း ဟ ထားတဲ့ တရုတ်ကတ်မှန်ချပ်တွေကြားကနေ ဖေဖေ လှမ်းတွေ့လိုက်ရတာက ဟိုသားအမိနှစ်ယောက်ပဲလေ။

လောကမံ သားအမိ။ လောကမံ သားအမိ။ ထုံးစံအတိုင်း ငါးဗန်းကို ခေါင်းမှာရွက်လို့။ ကလေးကို ခါးမှာ ခါးထစ်ခွင်လို့။ လမ်းပေါ်မှာ တရွေ့ရွေ့ လျှောက်နေတဲ့ သည်သားအမိကို ကြည့်ရင်း ဖေဖေ့ဘာသာ ဖေဖေ တိတ်



www.burmeseclassic.com

www.burmeseclassic.com



တခိုး ပေးထားတဲ့ လောကခံ သားအမိဆိုတဲ့ နာမည်ကလေး ကို အမှတ်ရမိကာ သက်ပြင်းချမိပါရဲ့ သမီးရယ်။ သမီးသာ အိမ်မှာ ရှိနေခဲ့ရင် သားအဖနှစ်ယောက် တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်မိကြဦးမှာ။ ခု တော့…. သမီးက ကျောင်းသွားနေလို့သာပဲပေါ့။

(နှစ်)

'နားပါရယ်ချင်…နား'ဆိုတဲ့ အော်သံနဲ့အတူ လောကခံ သားအမိ နှစ်ယောက်တို့ ဖေဖေတို့အိမ်ရှေ့ လမ်းများပေါ ကနေ ဖြတ်ကာဖြတ်ကာ သွားနေခဲ့တာကဖြင့် ဘယ်အချိန် ဘယ်ကာလက စလို့လဲ ဆိုတာကိုတော့ မပြောတတ်နိုင်ဘူး သမီးရယ်။ ဒါပေမဲ့ ဖေဖေ စ ပြီး သတိထားမိခဲ့တာကတော့ ဖေဖေ့စိတ်ထင် သုံးလေးလလောက်ပဲ ရှိပါလိမ့်ဦးမယ်။

သူ့ 'နားပါရယ်ချင်….နား'က နေ့တိုင်းလည်း မဟုတ်ဘူး သမီးရဲ့။ ငါးရက်မှ တစ်ခါ၊ ဆယ်ရက်မှ တစ်ခါ။ တစ်ခါ တစ်ခါကျပြန်တော့ မေ့လောက်ပြီဆိုမှ ပေါ်ပေါ် လာတတ်ပြန်ရဲ့။ ဘာပဲဖြစ်ဖြစ်ပါလေ….သည် သားအမိ နှစ်ယောက်ကို အခြေခံပြီးတော့မှ သမီးကို ပြောပြစရာတွေ က ရှိလာခဲ့ရတာပဲ မဟုတ်လား။

(သုံး)

သမီးကို ပြောပြချင်စရာ အကြောင်းတွေ ရှိလာခဲ့တဲ့ နေ့တုန်း ကလည်း အဲသည့် လောကခံ သားအမိဟာ 'နားပါ ရယ်ချင်…နား'ဆိုတဲ့ အသံနဲ့အတူ ဖေဖေတို့ လမ်းထဲကို ဝင်လာခဲ့တာပါပဲ။ နေကြာပွင့်တွေတောင် ဘယ်ဘက်ကို





ည့်ပွင့်ရမှန်း မသိတတ်နိုင်အောင် ပူတဲ့ နေပူကျဲကျဲရဲ့ အောက်မှာ အမေလုပ်တဲ့လူက ငါးဗန်းကို ခေါင်းမှာ ရွက်လို့။ ပေးငါးခြောက်လသားအရွယ် ကလေးလေးကို ခါးမှာ ါးထစ်ခွင်လို့။ နှုတ်ခမ်း ဟက်တက်ကွဲနေတဲ့ အမေခမျာ "ငါးပါတယ်ရှင်…. ငါး" ဆိုတာကိုတောင် ပီပီသသ မအော် င်ရှာပါဘူး။ နှာသံက တစ်ဝက်၊ လည်ချောင်း အက်ကွဲ နေတဲ့ အသံက တစ်ဝက်နဲ့ "နားပါရယ်ချင်"မှာ တစ်ဖြတ် ရပ်ထားလိုက်ပြီး "နား" လို့ သံရှည်ဆွဲ အော်လိုက်တဲ့ အသံဟာ အ မင်္ဂလာ တေးသွားတစ်ပုဒ်ကို ကြားလိုက်ရ သလို ကြက်သီး ထချင်စရာပါ သမီးရယ်။ သူ့ခမျာ မျက်လုံး တစ်ဖက်ကလည်း ဟောက်ပက်ကြီးနဲ့။ မျက်သားတွေက ရဲလို့။ သည် ချောင်းငါး၊ မြောင်းငါးကလေးတွေဟာ ကိုယ်တိုင်ပဲ ရှာလာတာလား။ ယောက်ျားလုပ်တဲ့ လူကပဲ ရှာပေးလိုက်တာလား။ သူများဟာကိုပဲ ယူရောင်းတာလား။ ဒါကတော့ မသိနိုင်ဘူးပေါ့ သမီးရယ်….။

အဲသည့်နေ့တုန်းက သမီးတို့ ကျောင်းပိတ်ထားတဲ့ နေ့ သမီးရဲ့။ ဖေဖေ စာရေးနေတဲ့ စားပွဲနဲ့ မလှမ်းမကမ်းက ဆက်ကားထစ်တွေပေါ်မှာ သမီးရယ်၊ သမီး သူငယ်ချင်း သုံးလေးယောက်ရယ်က ကစားစရာမျိုးစုံနဲ့ ကစားလို့။

'နားပါရယ်ချင်….နား'ဆိုတဲ့ အသံနဲ့အတူ အဲသည့် လောကခံ သားအမိတို့ အိမ်ရှေ့ကနေ ဖြတ်သွားကြတော့ လေလိုပဲ သမီးတို့ သူငယ်ချင်းတစ်စုလည်း လှမ်းကြည့်နေ ကြတာကို ဖေဖေက သတိပြုမိပါတယ်။ အထူးသဖြင့် သတိပြုမိတာကတော့ သမီးသူငယ်ချင်းတွေရဲ့ ပြုံးစိစိ ခံမှာတွေလေ။ သည်တုန်းက သူတို့လေးတွေရဲ့ မျက်နှာ

www.burmeseclassic.com



ပေါ်က ပြုံးစိစိ အမူအရာတွေတောင်မှ ပျက်ပြယ်မသွားတတ်သေးဘူး။ ဟိုသားအမိခမျာမှာ အကုသိုလ်ဝင်ခဲ့ပြီပေါ့။ ခြေခေါက်ပြီး လဲကျသွားဟန် တူပါရဲ့၊ လင်ပန်းတခြားလူတခြား။

မေမေ့စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားမိရင်းက သမီးတို့ ရှိရာကို အလန့်တကြား လှမ်းကြည့်မိလိုက်တော့ သမီးသူငယ်ချင်းတွေက တခွိခွိနဲ့ ရယ်လို့။ ဘုရား .... ဘုရား.... ကံကြီးပေလို့၊ သည်တခွိခွိနဲ့ ရယ်နေတဲ့ သူတွေထဲမှာ မေမေ့သမီး မပါတာပါလား။ သမီးကလေ လဲကျသွားတဲ့ သားအမိ ဆီကို လှမ်းကြည့်ပြီး မျက်နှာကလေးက ညှိုးလို့။ မေမေအားရလိုက်တာ။ သမီး အဲသည့်လို မျက်နှာညှိုးသွားတာမျိုးကို မေမေ လိုချင်တာ၊ ကြိုက်တာ။ သူများတွေ တခွိခွိရယ်ချင်ရယ် မရယ်ချင်နေ။

(လေး)

သမီးရယ် .... နှုတ်ခမ်းကလေး ကွဲနေရှာတဲ့ မိန်းမတစ်ယောက်။ မျက်စိတစ်ဖက် လပ်နေရှာတဲ့ မိန်းမတစ်ယောက်။ ကလေးကို ခါးထစ်ခွင် ချီထားရင်းက ငါးဗန်းကို ခေါင်းပေါ်ရွက်ကာ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်ရောင်းနေရှာတဲ့ မိန်းမတစ်ယောက်။ အဲသည့် မိန်းမတစ်ယောက်က '**နားပါရယ်ချင်....နား**'လို့ လှုစဉ်မမီတဲ့ အသံနဲ့ ဆို့အစ်အစ်အော်ရင်းက လမ်းပေါ်မှာ ခြေချော်ပြီး လဲကျသွားတဲ့ မြင်ကွင်းဟာ တခွိခွိနဲ့ ရယ်ဖို့ ကောင်းတဲ့ မြင်ကွင်းလား၊ စုတ်တသပ်သပ်နဲ့ ကရုဏာသက်ဖို့ ကောင်းတဲ့ မြင်ကွင်းလား ဆိုတာကို လောကကြီးကို မေမေ မေးစမ်းချင်လှတယ်။





လူတွေ....လူတွေ၊ ခံစားမှု စံနှုန်းတွေက လွဲချော်နေလိုက်ကြတာလေ။

သမီးရေ...အများစုကြီးရဲ့ ဘဝတွေ ကောင်းမွန်လှပလာရေးအတွက်၊ ကမ္ဘာလောကကြီးရဲ့ အကျိုးစီးပွားတွေ ပိုမိုထွန်းကားလာရေးအတွက်၊ ကိုယ့်ပုဂ္ဂလိက ဘဝကို အပွန်းအပဲ့ခံ၊ ကိုယ့်မိသားစုကို ဖရိုဖရဲ အဖြစ်ခံ၊ ကိုယ့်ဥစ္စာစီးပွားကို ချွတ်ခြုံကျခံပြီး ကိုယ်ကျိုးစွန့်သွားတဲ့ သူတွေကို မေမေတို့ ပတ်ဝန်းကျင်မှာ တွေ့ဖူးခဲ့ကြတယ်။ အဲသည့်လို လူတွေကို ကြည့်ပြီး အလကားဟာတွေပါ ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ရွံ့ရှာစက်ဆုပ် အော့နှလုံးနာသလို လုပ်သွားတဲ့ သူတွေကိုလည်း မေမေတို့ တွေ့ဖူးကြတယ်။ သမီးဆိုရင်ရော ဘယ်လို ဘာသာပြန်ဆိုမှာပါလိမ့်။ စက်ဆုပ်ခြင်းတွေနဲ့ ဦးခေါင်းကို ယမ်းခါပစ်လိုက်မှာလား၊ လေးစားခြင်းတွေနဲ့ ဦးခေါင်းကို ငုံ့ညွှတ်လိုက်မှာလား။

သမီးရေ .... ဘယ်အရပ်မှာ မိုးခေါင်ခေါင် ငါ့ ယာခင်း ပေါ်မှာကတော့ မိုးလေဝသ အောင်ရမယ်ဆိုတဲ့ စိတ်နဲ့ စောင့်စည်းအုပ်တဲ့ သီလ တာရိုးကြီးတွေ အကျိုးအပေါက်ခံ၊ တည်ဆောက်အပ်တဲ့ ကိုယ်ကျင့်တရား ကျောက်ဆောင်ကြီးတွေ အပြိုအလဲခံ၊ ကာဆီးထားအပ်တဲ့ အယူအဆ ခံတပ်ကြီးတွေ အကျအဆုံးခံကာ သွားကြားမှာ အသားစ အမြဲညပ်နေတဲ့ သူတွေကို မေမေတို့ ပတ်ဝန်းကျင်မှာ မြင်ဖူးခဲ့ကြတယ်။ အဲသည့်လို လူတွေကို ကြည့်ပြီး အားကျလိုက်တာ ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပါးစပ် အဟောင်းသား၊ မျက်လုံး အဝိုင်းသား ဖြစ်သွားသူတွေကိုလည်း မေမေတို့ တွေ့ဖူးကြတယ်။ သမီးဆိုရင်ရော ဘယ်လို အမှားအမှန် ရွေးချယ်မှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အားကျတဲ့စိတ်နဲ့ ငေးမျှော်နေမှာလား၊ ရွံရှာတဲ့စိတ်နဲ့ ကျောခိုင်းပစ်ခဲ့မှာလား။

သမီးရယ်၊ ဖေဖေလေ ဖေဖေ့သမီးတစ်ယောက် လောကအပေါ် ရှုမြင်သုံးသပ်ပုံ၊ နားလည်ခံစားပုံတွေ လွဲချော်နေမှာကို စိုးရိမ်မိလိုက်တာ။

(ငါး)

သမီးရေ....။

လူတစ်ယောက်ပဲ ဖြစ်ဖြစ်၊ လူမျိုးတစ်မျိုးပဲ ဖြစ်ဖြစ် အဲသည့်လူ၊ အဲသည့်လူမျိုးဟာ သနားစရာတွေကို သနားတတ်ဖို့၊ စက်ဆုပ်စရာတွေကို စက်ဆုပ်တတ်ဖို့၊ လေးစားစရာတွေကို လေးစားတတ်ဖို့၊ ရယ်မောစရာတွေကို ရယ်မောတတ်ဖို့ လိုအပ်လိမ့်မယ်လို့ အလေးအနက်ကိုပဲ ဖေဖေ ယုံကြည်နေမိတယ်။ သည်လိုမှ မဟုတ်ဘဲ သနားကရုဏာ သက်စရာကို ဟားတိုက် ရယ်မောနေခဲ့ကြပြီဆိုရင်၊ လေးစားစရာကို နှာခေါင်းရှုံ့ စက်ဆုပ်နေကြပြီဆိုရင်၊ ရွံ့မုန်းစရာကို အထင်ကြီး မြတ်နိုးနေကြပြီ ဆိုရင် မစဉ်းစားဝံ့အောင်ပါလား သမီးရယ်။ ဒါ့ကြောင့်လည်း ငယ်ငယ်လေးတည်းက ဖေဖေ့သမီးကို ကဗျာလေးတွေ၊ သီချင်းလေးတွေ၊ ပုံပြင်လေးတွေ၊ ကာတွန်း ရုပ်ရှင်လေးတွေနဲ့ ဖေဖေက တည့်မတ်ခဲ့ရတာပေါ့။

အဲသည့်နေ့တုန်းကလည်း ကြည့်။

မိန်းမတစ်ယောက်က နှုတ်ခမ်း ဟက်တက်ကွဲ လို့။ မျက်စိတစ်လုံးက လပ်ဟာလို့။ လ သား ကလေးကို ခါးထစ်ခွင်လို့။ ငါးဗန်းကို ခေါင်းမှာရွက်လို့။ မပီသ မပြည်





လှတဲ့ အသံနဲ့ အော်လို့။ လမ်းပေါ်မှာ ခြေခေါက်ကာ ချော်လဲလို့။ ဒါကိုမြင်တဲ့ သမီးရဲ့ ကစားဖော်တွေကလည်း တခွိခွိ ရယ်လို့။ ဖေဖေ့သမီးကတော့လေ မျက်နှာ ညှိုးညှိုးကလေးနဲ့ ငါးသည် သားအမိကို လှမ်းကြည့်လို့ နေခဲ့ပါရဲ့။

'နားပါရယ်ချင်....နား'ဆိုတာဟာ ရယ်စရာလား သမီးရယ်။ ဒုက္ခိတ သားအမိ လမ်းပေါ်မှာ ချော်လဲတာကရော ရယ်စရာတဲ့လား။ အင်းလေ....ရယ်မောကြစမ်းပါစေ။ သမီးရဲ့ ကစားဖော်တွေ သာမက တစ်လမ်းလုံး၊ တစ်ရပ်ကွက်လုံး၊ တစ်လောကလုံး ရယ်ချင်သလောက် ရယ်ကြစမ်းပါစေ။ သမီးကတော့ မျက်နှာညှိုးရမယ်လေ၊ ပြီးတော့လည်း ငိုချင် ငိုရလေမပေါ့။ ငိုပါ သမီးရယ်၊ ငိုပါ။ ငိုချင်စရာကောင်းတဲ့ အဖြစ်ကို ငိုတတ်တဲ့လူတွေ ရှိနေသမျှ အဖေတို့ လောက မပျက်စီးသွားသေးပါဘူး လို့ ဖေဖေ ယုံကြည်နေမိပါတယ်။

[ မြားနတ်မောင်၊ ဩဂုတ် ၁၉၉၈ ]

www.burmeseclassic.com

www.burmeseclassic.com

# ချောင်း ဟွစ်ချင်ဟွစ်၊ သီချင်း ညည်းချင်ညည်း

## (တစ်)

သမီးရေ....။

ဖေဖေတို့အိမ်ကို ဝင်ထွက်သွားလာနေတဲ့ အိမ်နီးနားချင်းတွေ၊ အသိမိတ်ဆွေတွေ၊ ဖေဖေ့ တပည့်တွေ အများကြီး ရှိကြတဲ့အထဲမှာ သမီးအတွက် အလိုမကျချင်စရာအကောင်းဆုံး၊ စိတ်ပျက်ချင်စရာ အကောင်းဆုံး၊ အထင်သေးချင်စရာ အကောင်းဆုံး လူတစ်ယောက်ကို ရွေးကြည့်စမ်းပါလို့ ဆိုခဲ့ရင် သမီး ဘယ်သူ့ကို ရွေးမလဲ ဟင်။ ဖေဖေကတော့ သမီးရွေးလိုက်တဲ့သူဟာ ဖေဖေ ရွေးထားတဲ့သူနဲ့ တစ်ထပ်တည်းပဲ ကျနေလိမ့်မယ် ဆိုတာကို နိုင်နိုင်မာမာကြီးကိုပဲ ယုံကြည်နေမိတယ် သမီးရယ်။ တကယ်လို့များ သမီး မေမေ့ကိုပါ ဖေဖေတို့အထဲ ဆွဲထည့်လို့ မေမေ့ အလိုမကျသော၊ စိတ်ပျက်သော၊ အထင်သေးသော သူတစ်ယောက်ကို ရွေးပေးပါလို့ ခိုင်းခဲ့ရင်လည်း ဖေဖေတို့၊ သမီးတို့နဲ့ တစ်ထပ်တည်း ကျရမယ် ဆိုတာကို ဖေဖေ ပြောရဲတယ်။

ဟုတ်တယ်လေ၊ စုစုဝင်းဆိုတဲ့ ကောင်မလေးသာဖြစ်ရမှာပေါ့။ စုစုဝင်းဟာ ဖေဖေတို့တွေသာမက ဘယ်သူ





က မဆို အလိုမကျစရာ၊ စိတ်ပျက်စရာ၊ အထင်သေးစရာ ကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲလေ။

## (နှစ်)

တကယ်တော့ စုစုဝင်းဟာ သဘောကောင်း၊ မနောကောင်း မိန်းကလေးတစ်ယောက် ဆိုတာကို ဖေဖေ့သမီးလည်း သိပြီးသား ဖြစ်မှာပါ။ သူက အခြေခံပညာ နိမ့်နိမ့်ပါးပါး နည်းထဲက မိန်းကလေးတစ်ယောက်တော့လည်း မဟုတ်ပါဘူး။ ဖေဖေ အလုပ်လုပ်နေတဲ့ ကောလိပ်ကျောင်းမှာကိုပဲ သူက ကျောင်းသူတစ်ယောက်လေ။ စာလည်း အထိုက်အလျောက်တော့ တော်တာပါပဲ။

ဒါပေမဲ့လည်း သည်ကလေးမလေးက အတန်းပညာကိုသာ တစ်တန်းပြီးတစ်တန်း အောင်လာခဲ့တယ်၊ လူ့အဖွဲ့အစည်းထဲမှာ ဘယ်လိုနေမလဲဆိုတဲ့ လူမှုရေး ပညာမှာတော့ တစ်တန်းမှ မအောင်သေးရှာပါဘူး။ ဒါကို စုစုဝင်းတစ်ယောက် ဖေဖေတို့ အိမ်ကို ဝင်ထွက်သွားလာခါစနေ့တွေကတည်းကပဲ ဖေဖေ သတိထားမိခဲ့ပါတယ်။

ကဲပါလေ။ သမီးရယ်၊ ဖေဖေရယ် အချိန်ကလေးလည်း နည်းနည်းပါးပါး ရတုန်းရခိုက် စုစုဝင်းနဲ့ ပတ်သက်ပြီး ဘာတွေ မကြိုက်စရာ ရှိသလဲဆိုတာကို နည်းနည်းတိုက်ကြည့်ကြရအောင်လား။

## (သုံး)

ဖေဖေ ပထမဆုံး သဘောမတွေ့နိုင်တဲ့ အချက်ကိုဖြင့် စုစုဝင်းနဲ့ ရေခဲသေတ္တာလို့တောင် ခေါင်းစီးတပ်ရရင် ကောင်းလေ



www.burmeseclassic.com

www.burmeseclassic.com



*မလားပါပဲ။ ဟုတ်တယ် သမီးရယ်။ စုစုဝင်း တစ်ယောက်* အိမ်ကို ရောက်ရောက်လာတိုင်း ရေခဲသေတ္တာကို ဘာမပြော ညာမပြောနဲ့ ဖွင့်ဖွင့်ကြည့်တတ်တာကို ဖေဖေ့ စိတ်ထဲမှာ တော်တော့်ကို ကသိကအောက် ဖြစ်မိတယ်။

စုစုဝင်းတစ်ယောက် အိမ်ကိုလာပြီဆိုရင် ဘာမပြော ညာမပြောနဲ့ နောက်ဖေးခန်းထဲကို ဆတ်ခနဲ ဝင်လာမယ်၊ ပြီးရင် ရေခဲသေတ္တာတံခါးကို ဖျတ်ခနဲ ဆွဲဖွင့်မယ်ပေါ့။ ပြီးတော့မှ 'ဟယ် အအေးဘူးတွေ စိမ်ထားတာ အများကြီး ပါလား....။ Orange တွေရော၊ Sunkiss တွေရော၊ ယူ သောက်ဦးမှ ထင်တယ်ဟော့....။ ကြက်ဥတွေကလည်း များ လှချည့်လား မမှူးရယ်။ ဘယ်ဈေး ပေးရလဲ မသိဘူး။ ဟိုနေ့က စုစု ဝယ်တာတောင် တစ်လုံး ၁၂ ကျပ်တဲ့။ အရိုး တောင်းလက်ဖက် အညွန့်ကလေးတွေက ကောင်းလိုက် တာ။ ဟုတ်တယ်၊ လက်ဖက်က အပြင်မှာ ကြာကြာထားရင် ခြောက်ကုန်ရော' စသည်ဖြင့် ပြောမယ်။ ပြီးတော့မှ တံခါး ပိတ်သံက ဂျိန်းခနဲ။

နောက်တစ်ခါ ဖေဖေ အလိုမကျနိုင်တဲ့ အချက်ကို ကျတော့ စုစုဝင်းနဲ့ ခန်းဆီးများလို့ အမည်ပေးရရင် ကောင်း လေမလားပဲ။ ဒါကလည်း သမီး သိပြီး၊ မြင်ပြီးတွေမို့ ထူးထူး ဆန်းဆန်းတော့ မဟုတ်ပါဘူး။ စုစုဝင်း အိမ်ကိုလာတဲ့အခါ အိမ်မှာရှိတဲ့ ခန်းဆီးတွေကို လှန်မကြည့်ဘဲနဲ့ ပြန်သွားတဲ့ နေ့ရယ်လို့ ရှိခဲ့ဖူးလို့လား သမီးရယ်။ ဖေဖေ့အခန်းဝက ခန်းဆီးကို ဆတ်ခနဲ ဆွဲလှန်မယ်။ ပြီးရင် 'ဆရာ.... ဘာလုပ်နေလဲ၊ သမီးက အိပ်နေတယ်မှတ်လို့' ဆိုတဲ့ စကား မျိုးကို ပြောမယ်။ တစ်ခါ သမီး အခန်းဝက ခန်းဆီးကို





ဆွဲလှန်မယ်။ ပြီးရင် 'ဟော့ သမီး.... စာဖတ်နေတာလား' ဆိုတာမျိုးတွေကို ပြောမယ်။ ပြီးတော့မှ သူ့ ထိုင်ချင်ရာမှာ ထိုင်မယ်လေ။

သမီးရေ၊ စုစုဝင်းနဲ့ စာအုပ်များလို့ဆိုရင် ဖေဖေ တို့မှာ ပြောစရာတွေက ရှိနေတာပဲ မဟုတ်လား။ သမီး *သိတဲ့အတိုင်းပဲလေ။ ဖေဖေ့ စာကြည့်ခန်းက ဧည့်ခန်းနဲ့ ဆက်နေတာဆိုတော့ စားပွဲပေါ်မှာရော၊ နံရံတွေမှာရော* ထပ်ထား၊ စီထားတဲ့ စာအုပ်တွေက တစ်ပုံတစ်ပင်ဆိုတော့ အိမ်ကိုဝင်လာတဲ့ စုစုဝင်းအဖို့ မွှေချင်၊ နှောက်ချင်စရာလေ။ သူ့ထုံးစံအတိုင်းပဲပေါ့။ တွေ့သမျှ စာအုပ်တွေကို ဖျိုးခနဲ ဖျတ်ခနဲ ဆွဲယူကြည့်တော့တာပါပဲ။ 'ဟယ် ....စာအုပ်တွေက အများကြီးပဲ'လို့ ဆိုကာ တစ်အုပ် ယူကြည့်လိုက်၊ ပြန်ချ ထားလိုက်။ တစ်အုပ် ယူကြည့်လိုက်၊ ပြန်ချထားလိုက်။ အဆိုးဆုံးကတော့ ဖေဖေ့ နေ့စဉ်မှတ်တမ်းကို ကောက် ဆွဲယူကာ 'ဟယ်....ဆရာက ဘာတွေမှတ်ထားလဲ မသိ ဘူးတော့'လို့ ဆိုပြီး ဖတ်ဖို့ ကြိုးစားတာပါပဲ။ ဖေဖေ လှမ်းယူထားလိုက်လို့သာပဲပေါ့။

ဖေဖေတို့အိမ်မှာ ဧည့်သည်တွေ ဘာတွေ ရောက် နေပြီ ဆိုရင်လည်း သည်အတိုင်းပါပဲ သမီးရယ်။ စုစုဝင်း နဲ့ ဧည့်သည်များလို့ ဆိုရလောက်အောင်ကိုပဲ စုစုဝင်း တစ်ယောက် ရုတ်ခနဲ၊ ဖျတ်ခနဲ ရောက်ချလာပါပြီ။ ပြီး ရင် မလှမ်းမကမ်းမှာ ဝင်ထိုင်ပြီး မေးလေဦးတော့မပေါ့။ ဧည့်သည်တွေ အများကြီးပါလား။ ဘယ်က လာကြတာ လဲ။ ကြာဦးမှာလား။ မဆုံးနိုင်တော့။

သမီးရယ်၊ စုစုဝင်းမို့ အိမ်ကို လာလိုက်ရင် ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ နေ့ချင်းညချင်း အကျဉ်းအကျပ်ထဲကို ရောက်သွားသလို ဖြစ်ကုန်တော့တာပါပဲ။ ကိုယ့်ရဲ့ လျှို့ဝှက်မှု၊ ကိုယ့်ရဲ့ လုံခြုံမှု၊ ကိုယ့်ရဲ့ သိုသိပ်မှု အားလုံးသော တာတမံကြီးတွေ ကျိုးပေါက်သွားသလိုမျိုး ခံစားကြရတယ်။ ဘဏ်စာရင်းထဲက ကိုယ့်ရဲ့ ငွေလက်ကျန်ကို ပြားစွန်းက အစ သူတစ်ပါး သိသွားသလို ခံစားရတယ်။ လူ တစ်ယောက်က လူတစ်ယောက်ရဲ့ အတွင်းစည်းထဲကို သည်လောက် အထိ ကျော်ဝင်မလာသင့်ဘူးလို့ မေမေတော့ ယူဆမိတယ်လေ။

(လေး)

မေမေ တက္ကသိုလ်ကျောင်းသားဘဝတုန်းက သူတစ်ပါးရဲ့ ပိုင်ခွင့်၊ သူတစ်ပါးရဲ့ လွတ်လပ်ခွင့်၊ သူတစ်ပါးရဲ့ လုံခြုံခွင့်ကို အင်မတန်မှ လေးစားတတ်တဲ့ သူငယ်ချင်း တစ်ယောက်နဲ့ ဆုံရဖူးတယ်။ သူနဲ့ မေမေနဲ့က နှစ်ယောက် တစ်ခန်း နေခဲ့ကြရတာလေ။ ဒါပေမဲ့ မေမေ့ သူငယ်ချင်းက သိပ်ကို သိတတ်လွန်းတယ် သမီးရဲ့။ သူ့စိတ်ကို သူ တည်ဆောက်ထားပုံကလည်း ခိုင်ခံ့ပြီး လှပသေသပ်လိုက်တာ။

မေမေ တစ်ယောက်တည်း ရှိနေလို့ သူ အပြင်တစ်နေရာရာကနေ ပြန်လာတိုင်း အခန်းထဲကို ဘယ်တော့မှ စွတ်ခနဲ၊ ရွတ်ခနဲ ဝင်မလာဘူး။ တမင်သက်သက် ချောင်းဆိုးချင်လည်း ဆိုးလာတယ်။ သီချင်းဆိုချင်လည်း ဆိုလာတယ်။ လေချွန်ချင်လည်း ချွန်လာတယ်။ သူ မသိထိုက်တဲ့ အရာအားလုံး လက်စသိမ်းပြီးလောက်အောင် အချိန်ပေးပြီးမှ အခန်းထဲကို ဝင်လာတတ်တယ်လေ။ သူ့ကြောင့် တစ်ခါမှ မေမေ အသက်ရှူ မကျပ်ခဲ့ရဘူး။





သမီးရယ်၊ တကယ်တော့ ရင်နှီးတဲ့အနေနဲ့ သူတစ်ပါး ပိုင်ခွင့်၊ လွတ်လပ်ခွင့်ကို ချိုးဖောက်တာဟာ တခြားစီပါ။ ဘယ်လိုမှ ရောပစ်လို့ မရနိုင်ပါဘူး။ ရောပစ်ခဲ့မယ် ဆိုရင်လည်း သူ့ လူ့အဖွဲ့အစည်းက သူ့ကို နှာခေါင်းရှုံ့မှာ အမှန်ပါပဲ။ မေမေက သမီးကို လူ့အဖွဲ့အစည်းရဲ့ နှာခေါင်းရှုံ့ခံ သမီးတစ်ယောက် မဖြစ်စေချင်မိဘူး။ သမီးရေ၊ သူများတွေရဲ့ လွတ်လပ်ပိုင်ခွင့်တွေ ထိပါးမသွားရအောင် မေမေတို့တစ်တွေ ချောင်းကလေး တဟွပ်ဟွပ် ဆိုးချင်လည်းဆိုး၊ သီချင်းလေးတစ်ပုဒ် ညည်းချင်လည်း ညည်းပြီးမှ ဝင်ရောက်သွားကြရင် မကောင်းပါလားကွယ်။

[ ရှုက်နုလေး၊ စက်တင်ဘာ ၁၉၉၈ ]

www.burmeseclassic.com

www.burmeseclassic.com

# အတောင်နှစ်ဆယ်ဝတ်များ ရှေ့ကသွား

(တစ်)

သမီးရေ....။

သည်တစ်ခါမှာတော့ သမီးတို့လို မိန်းမသားတွေရဲ့ ကြားမှာ လေးစားစရာကောင်းလောက်အောင် နေတတ်၊ ထိုင်တတ်၊ သွားတတ်၊ လာတတ်တဲ့ ဖေဖေ့ သူငယ်ချင်း တစ်ယောက်အကြောင်းကို စဉ်းစားမိတယ်။ သူက ဟိုး ဖေဖေတို့ ကျောင်းနေစဉ် ကာလတုန်းက ခင်ခဲ့ရတဲ့ သူငယ်ချင်း တစ်ယောက်ပါ သမီးရယ်။

ကျောင်းနေစဉ် ကာလတုန်းကလို့ ဆိုတာကြီးကို ပိုပြီး တိတိကျကျ ဖြစ်သွားအောင် ပြောရမယ်ဆိုရင်တော့ တက္ကသိုလ်တုန်းကပေါ့ သမီးရယ်။ ကဲ့ကော်တောလို့ လူသိများကြတဲ့ ရန်ကုန်တက္ကသိုလ်ကြီးမှာ ဖေဖေတို့ တစ်တွေ ပညာသင်ကြားခဲ့ကြတဲ့ အချိန်တုန်းကပဲပေါ့။

ဖေဖေတို့နဲ့ အသက်တူ၊ အရွယ်တူ၊ အတန်းတူ၊ ဝါသနာတူ၊ ဘဝတူ သူငယ်ချင်းတစ်ယောက်ပါပဲ သမီးရယ်။ ဒါပေမဲ့ သူ့အမူအကျင့် တစ်ခုကတော့ ဖေဖေတို့





ထက် ပိုလို့ မြင့်မားနေခဲ့တယ်လို့ ဖေဖေက ခံစားရတယ်။ သူ့အမူအကျင့် တချို့ဟာ သမီးတို့လို မိန်းမသားတွေအဖို့ သွားလွယ်၊ လာလွယ်၊ နေထိုင်လွယ်စရာ မြင့်မြတ်သော အမူအကျင့်များလို့ပဲ ဖေဖေက သုံးသပ်မိတယ်။ ဒါကြောင့်လည်း သမီးကို ပြောပြဖို့ရာအတွက် ဖေဖေက စိတ်ကူးပေါ်မိတာပါပဲ။

(နှစ်)

ထုံးစံအတိုင်းပေါ့ သမီးရယ်။

ဖေဖေတို့တစ်တွေ တက္ကသိုလ်တက်နေစဉ် ကာလတွေတုန်းကလည်း ကျောင်းမှာ တစ်ခါတစ်ခါ ဖေဖေတို့နဲ့ အတူ လက်ဖက်ရည်ဆိုင် လိုက်လိုက်ထိုင်တတ်တဲ့၊ အကြော်ဆိုင် လိုက်လိုက်ထိုင်တတ်တဲ့ သူငယ်ချင်း မိန်းကလေးမျိုးတွေကလည်း ရှိတတ်ကြတာပဲပေါ့။ အဲသလို မိန်းကလေးတွေနဲ့ ဖေဖေတို့တစ်တွေ သွားကြ လာကြတဲ့ အခါတိုင်း ဖေဖေ့သူငယ်ချင်း လုပ်တတ်တဲ့ အမူအကျင့် တစ်ခုကို တစ်ကြိမ်တစ်ခါတုန်းက ဖေဖေ သတိမပြုမိပေမဲ့ အကြိမ်ကြိမ် အခါခါ ဖြစ်လာတဲ့ အခါမှာတော့ သိသိသာသာကြီးကိုပဲ သတိထားမိ လာခဲ့ပါတယ်။

ဒါကြောင့်လည်း တစ်နေ့မှာတော့ သူ့ကို မနေနိုင်ထိုင်နိုင် ဖွင့်မေးမိခဲ့တော့တာပါပဲ။ မှတ်မှတ်ရရ အဲဒီနေ့က အင်းလျားကန်ပေါင်ရိုးပေါ်မှာ အကြော်ဆိုင် ထိုင်ဖြစ်ခဲ့ကြတဲ့ နေ့လေ။

(သုံး)

အဲသည့်နေ့တုန်းကဖြင့် ဖေဖေတို့ အဖွဲ့သားတွေဟာ ထော်လော့ကို လူစုံတဲ့နေ့ပဲ သမီးရဲ့။ ယောက်ျားလေးတွေရော၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလေးတွေရော တစ်အုပ်ကြီးပဲ။ ဖေဖေ့စိတ်ထင် ဆယ်ယောက်တောင်မှ ကပါ့မလားမသိ။ သောကြာနေ့ ညနေပိုင်းကြီး ဘာအတန်းမှ မရှိတော့လို့ အင်းလျားကန်ပေါင်ရိုးပေါ်က အကြော်ဆိုင်မှာ ရောက်နေခဲ့ကြတာလေ။ နောက်ကြပြောင်ကြ၊ ရယ်ကြ မောကြနဲ့ တော်တော်ကလေး ညနေအားသွားတော့မှ ထ ပြန်ဖို့ လုပ်ဖြစ်ခဲ့ရကြတယ်။

ဖေဖေ အခု သမီးကို ပြောပြနေတဲ့ သူငယ်ချင်းကတော့ သူ့ထုံးစံအတိုင်းပဲပေါ့။ သူက အရင်ဦးအောင် ထပြီး '**ခင်ဗျားတို့ မိန်းကလေးတွေ နောက်က လိုက်ခဲ့ကြဗျာ**'လို့ ဆိုကာ ရှေ့ကနေ နည်းနည်းကျော လျှောက်သွားလေတော့ ဖေဖေတို့လည်း သူ့နောက်ကနေ လိုက်ရတော့တာပဲပေါ့။ ယောကျ်ားလေးတွေက ရှေ့က၊ မိန်းကလေးတွေက နောက်က။ အတောင်နှစ်ဆယ်ဝတ်များ ရှေ့က သွားတယ်လို့ပဲ ဆိုပါတော့။

နည်းနည်းလေး လျှောက်သွားမိပြီးတဲ့အခါ ဖေဖေက သူ့ကို မေးမိပါတယ်။ အမြဲတမ်း မိန်းကလေးတွေ ရှေ့ကနေ ဦးအောင် ထ သွားတဲ့ကိစ္စ။ သူ ပြန်ပြောပုံကို နားထောင်လိုက်တော့မှ သမီးရယ်၊ အနုပညာပစ္စည်း တစ်ရပ်လို သူ့ရဲ့ ကိုယ်နဲ့စိတ်ကို နေရာချထားလိုက်ပုံကလေ၊ လှလိုက်တာ။ ဖေဖေ ကြက်သီးတွေ ဖြန်းခနဲ ထ သွားမိတယ်။

သူက ပြောတယ် သမီးရဲ့။ ဖေဖေတို့တစ်တွေ အကြော်ဆိုင်မှာ ထိုင်ခဲ့ကြတာ အချိန်အတော်ကြာသွားခဲ့ပြီတဲ့။ မိန်းကလေးတွေဆိုတာ အကျီကို ဆွဲချချင်လည်း ချမယ်တဲ့။ ထဘီကို လှည့်ဝတ်ချင်လည်း ဝတ်မယ်တဲ့။ မသဘာဝကိစ္စတွေ မမျှော်လင့်ဘဲ ဖြစ်ချင်လည်း ဖြစ်နေနိုင်





တယ်တဲ့။ ဒါကြောင့် သူတို့ကို ရှေ့ကထားပြီး ကိုယ်က နောက်က လိုက်သွားဖို့ဆိုတာ ရိုင်းသလိုပဲတဲ့။ သည့်အတွက် သူတို့တွေ အသက်ရှူ ချောင်လိုချောင်ငြား ထ ပေးလိုက်တာပါတဲ့။

ဟုတ်တယ် သမီးရေ၊ ဖေဖေ့ သူငယ်ချင်းက အဲသည့်လို လူပါပဲ။ လက်ဖက်ရည်ဆိုင် ထိုင်ကြရင်လည်း မိန်းကလေးတွေအရင် သူက ရှေ့က ထ တတ်မြဲ။ လှေကားအတိုင်း အပေါ်ထပ်ကို တက်ကြမယ်ဆိုရင်လည်း သူက ဦးဆောင် ရှေ့မှ တက်သွားတတ်စမြဲ။ မိန်းကလေးတွေ အသက်ရှူချောင်ဖို့၊ လွတ်လပ်ပေါ့ပါးဖို့၊ နောက်ကျောလုံဖို့ အသေအချာကို တွက်ဆကာ သူ့ကိုယ်သူ နေရာချထားတတ် သူလေ။ ဖေဖေကတော့ ဒါဟာလည်း အနုပညာ တစ်ရပ်ပါလားလို့တောင် ယူဆနေမိ ပြန်ပါသေးရဲ့။

(လေး)

အင်းလျားကန်ပေါင်ရိုးပေါ်က အကြော်ဆိုင်ကနေ ထ ပြန် ခဲ့ကြတဲ့ တစ်ညနေခင်းတုန်းက မိန်းကလေးတွေ ရှေ့က နေ ဦးအောင်ထပြီး ခြေလှမ်းကို နည်းနည်းစောလိုက်တဲ့ သူငယ်ချင်းရဲ့ စိတ်ဓာတ်တည်ဆောက်ပုံကို အစပြုကာ အဖေ့မှာလည်း အတွေးတွေ ပွားများလိုက်ရတာ။

ဟုတ်တယ် သမီးရယ်၊ ဖေဖေတို့လို ယောကျ်ားဆိုတာမျိုးက စွပ်ကျယ်ချိုင်းပြတ်နဲ့လည်း ကြည့်ကောင်းပါတယ်။ အပေါ်အကျီ ဗလာနဲ့လည်း တင့်တယ်ပါတယ်။ ထုံချည် ဒူးပေါ် ပေါင်ပေါ်နဲ့လည်း အမြင်သင့်ပါတယ်။ ဒါပေမဲ့ သမီးတို့လို မိန်းကလေး ဆိုတာမျိုးကျတော့ သည်လို



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး မဟုတ်လား။ အတတ်နိုင်ဆုံး တိကျဖို့၊ သပ်ရပ်ဖို့၊ သေချာဖို့ လိုအပ်လှတယ်လေ။ သမီးတို့ရဲ့ တိကျနိုင်ခွင့်၊ သပ်ရပ်နိုင်ခွင့်၊ သေချာနိုင်ခွင့်ကို ဖေဖေတို့လို ယောကျ်ားကလေးတွေက နားလည်ရပေမပေါ့။

မိန်းကလေးတွေ ထဘီရင်ရှားနဲ့ ရေချိုးနေကြတုန်း အဲသည့်နေရာနဲ့ မလှမ်းမကမ်းမှာ မသိသား ဆိုးရွားစွာ ရှိနေသော ယောကျ်ားတစ်ယောက်ကြောင့် သူတို့လေးတွေ အသက်ရှူ ကျပ်နေကြပုံကို ဖေဖေ တွေ့ခဲ့ဖူးတယ်။ မိန်းကလေးတွေချည်းပဲ အခန်းထဲမှာ ပေါ့ပေါ့ပါးပါး ဝတ်ဟယ် စားဟယ်၊ လဲဟယ် လျှောင်းဟယ် နေကြတုန်း အရိပ်အကဲ မသိစွာ စကားထိုင်ပြောနေတဲ့ ယောကျ်ားလေးတစ်ယောက် ကြောင့် သူတို့လေးတွေ လွတ်လပ်မှု ဆုံးရှုံးနေကြပုံကို ဖေဖေ မြင်ခဲ့ဖူးတယ်။

သမီးရေ....။

သမီးတို့တစ်တွေ လွတ်လွတ်လပ်လပ်နဲ့ လဲလျောင်းကြ၊ ဝတ်ကြ၊ စားကြရအောင် လှည့်ပြန်သွားတဲ့ ယောကျ်ားတစ်ယောက်ဟာ လေးစားစရာ မကောင်းဘူးလား။ သမီးတို့တစ်တွေ အသက်ရှူချောင်ချောင်နဲ့ လျှော်ကြ၊ ဖွပ်ကြ၊ လောင်းကြ၊ ချိုးကြရအောင် ကွေ့ရှောင် သွားတတ်တဲ့ ယောကျ်ားတစ်ယောက်ဟာ နှစ်လိုစရာ မကောင်းဘူးလား။ သမီးတို့တစ်တွေ ပေါ့ပေါ့ပါးပါးနဲ့ ပြင်ကြ ဆင်ကြ၊ နောက်ကျောလုံလုံ ခြေလှမ်း လှမ်းနိုင်ကြအောင် အကြော်ဆိုင်က အထမှာ၊ လက်ဖက်ရည်ဆိုင်က အထမှာ၊ လှေကားထိပ် အတက်မှာ ရှေ့ကနေ ဦးအောင် ထွက်သွားတဲ့ ယောကျ်ားတစ်ယောက်ဟာ အထင်ကြီးစရာ မကောင်းဘူးလား။





ဖေဖေလည်း ဟိုတစ်နေ့ဆီက လက်ဖက်ရည်ဆိုင် က အထမှာတော့ သွားစို့ဗျာလို့ဆိုကာ ရှေ့ကနေ လှမ်းထွက် လိုက်ပါရဲ့။ မိတ်ဆွေ ဆရာမတွေကဖြင့် ထဘီကို ဆွဲချသူက ချတုန်း၊ လှည့်ဝတ်သူက ဝတ်တုန်း၊ ငုံ့ကြည့်သူက ကြည့် တုန်း။

အတောင်နှစ်ဆယ်ဝတ်များ ရှေ့က သွားရမယ်လေ။

[ ချယ်ရီ၊ စက်တင်ဘာ ၁၉၉၀ ]

www.burmeseclassic.com

www.burmeseclassic.com

## စိတ်ကူးလက်ကျန် ပင်လောင်းရွက်သစ်တရို

### (တစ်)

သမီးရေ....။

လွန်ခဲ့တဲ့ လေးငါးရက်လောက်တုန်းက ညနေတိုင်လို့ လက်ဖက်ရည်ဆိုင် ထိုင်ချိန်ကိုလည်း ရောက်ရော၊ ထုံးစံအတိုင်း ဖေဖေက စီးတော်ယာဉ် တရုတ်စက်ဘီးကလေးကို ဆွဲပြီး မြို့ထဲဘက်ကို ထွက်ဖို့ ပြင်ခဲ့ ဆင်ခဲ့ပါ တယ်။ အဲသည့်တုန်းမှာပါပဲ...သမီးမေမေက အပြင်ကို ထွက်လုထွက်ခင် ဖေဖေ့ဆီကို ထွက်လာခဲ့ပြီး အမှာစကားတစ်ခွန်း ပါးခဲ့ပါရဲ့။ အိမ်မှာ လက်ဖက်ခြောက် ကုန်နေပြီတဲ့။ အပြန် လက်ဖက်ခြောက်ကောင်းတာလေး နည်းနည်းဝယ်ခဲ့ဦးတဲ့။ ရေနွေးကြမ်းကို ကောင်းကောင်းနဲ့ များများ သောက်လေ့ သောက်ထရှိတဲ့ ဖေဖေတို့ မိသားစုထဲမှာ လက်ဖက်ခြောက် ကောင်းကောင်းဝယ်ဖို့ မှာတာဟာ အဆန်းတကြယ်ကိစ္စလို့ မဆိုလောက်ပေမဲ့ အဲဒီနေ့ ညနေက လက်ဖက်ခြောက် လှမ်းမှာလိုက်တာကတော့ နည်းနည်းကလေး ထူးခြားလွန်းတယ်လို့ ဖေဖေ ခံစားသွားမိတယ်လေ။

ဟုတ်တယ် သမီးရယ်၊ နည်းနည်းကလေး ထူးခြားလွန်းလှတယ်လို့ကို ဖေဖေ ခံစားမိပါတယ်။ သမီး မေမေက





အိမ်မှာ လက်ဖက်ခြောက် ကုန်နေပြီတဲ့။ သြော် ....လက်ဖက်ခြောက် ကုန်နေပြီတဲ့။ သည့်မတိုင်ခင် တစ်ညနေတုန်းကဖြင့်တော့လည်း တစ်မျိုးပါလား သမီးရယ်။ ဖေဖေတို့ အိမ်မှာ ပင်လောင်းရွက်သစ် လက်ဖက်ခြောက်တွေက တစ်ပုံကြီးတစ်ခေါင်းကြီး ရှိနေသေးတဲ့ပုံ မဟုတ်လား။

### (နှစ်)

သမီးမေမေက ဖေဖေ့ကို အိမ်မှာ လက်ဖက်ခြောက် ကုန်နေပြီ၊ လက်ဖက်ခြောက်ကောင်းကောင်း ဝယ်ခဲ့ဦးလို့ မမှာခင် တစ်ညနေတုန်းကဖြင့် ဖေဖေတို့ အိမ်မှာ လက်ဖက်ခြောက်တွေ အများကြီး ရှိနေခဲ့သေးတယ်လို့ပဲ ဖေဖေက နားလည်ထားခဲ့တာပါ။ ဟုတ်တယ် သမီးရယ်၊ အဲသည့်နေ့ ညနေက ဖေဖေတို့ရဲ့ အညာ ကောလိပ်ကလေးထဲက အိမ်ခန်းကလေးရှိရာကို ရှမ်းပြည်နယ် အောင်ပန်းက ဖေဖေ့ တပည့်မကလေး တစ်ယောက် လာလည်တဲ့ နေ့ပေါ့။ သူက အောင်ပန်းက ရှမ်းအမျိုးသမီးကလေး တစ်ယောက်လို့ ဆိုပေမဲ့ ဟိုး ကုန်းမြင့်မြင့် တောင်ကြီးရှိရာကို ကျောင်းသွားမတက်ဘဲ သည်ဘက် မြေနိမ့်ရာကို ဆင်းလာပြီး အညာကောလိပ်ကလေးမှာ ပညာလာသင်နေတဲ့ ကျောင်းသူလေး တစ်ယောက်ပါ။ ဖေဖေတို့ မိသားစုနဲ့ ရင်းနှီးပြီး အိမ်ကို မကြာခဏ ဝင်ထွက်သွားလာနေတဲ့ သူ ဆိုတာလည်း ဖေဖေ့သမီး သိပါတယ်။

အဲသည့်နေ့ ညနေက ဖေဖေ တပည့်မက သမီးမေမေနဲ့အတူ ဝိုင်းဖွဲ့ပြီး လက်ဖက်သုပ်စားကြရင်းက သမီးမေမေက မကြာမကြာ ရေနွေးကြမ်း ထထ ထည့်ပါတယ်။ တစ်ခါမှာတော့ တပည့်မက သူ အောင်ပန်းကို စနေ၊



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ ပြန်ဦးမယ့်အကြောင်း ပြောရင်း ဖေဖေတို့မှာ လက်ဖက်ခြောက်သောက်စရာ ကျန်သေးရဲ့လား ဆိုတာကို မေးပါတယ်။ ဟုတ်တယ်၊ သူက တစ်ခါ တစ်ခါ အောင်ပန်းက ပြန်လာရင် ဖေဖေတို့ကို ပင်လောင်း လက်ဖက်ခြောက် ရွက်သစ်ကလေးတွေ လက်ဆောင် လာလာပေးနေကျလေ။ ဒါကြောင့်လည်း သည်မေးခွန်းကို မေးလာခဲ့တာပါ။ သည် တုန်းက သမီး မေမေ ဖြေခဲ့ပုံကဖြင့် ကြည့်ပါဦး။ ရှိသေး တယ်ဟဲ့၊ အများကြီးတဲ့၊ တစ်ယောက်က လက်ဆောင် လာ ပေးထားလို့တဲ့။ သည်တော့လည်း ဖေဖေက အိမ်မှာ လက်ဖက်ခြောက်တွေ တော်တော်များများ ကျန်ပါသေး လားလို့ပဲ နားလည် သဘောပေါက်ခဲ့ရတယ်လေ။

နတော့ ကြည့်ပါဦး။

နောက်တစ်နေ့လည်း ရောက်ရော လက်ဖက် ခြောက် ကုန်နေလို့တဲ့။ ဝယ်ခဲ့ပါဦးတဲ့။ မေမေက။

(သုံး)

သည့်မတိုင်ခင် တစ်ညနေကတင် အိမ်မှာ ပင်လောင်း ရွက် သစ်တွေ အများကြီး ကျန်သေးတယ်လို့ ဆိုခဲ့ပြီး၊ နောက် တစ်နေ့ ရောက်တော့မှ ကောက်ကာငင်ကာ လက်ဖက် ခြောက် မရှိတော့ဘူးလို့ ဆိုလာတဲ့အတွက် ဖေဖေလည်း နားအလည်ရ ခက်လှစွာနဲ့ တွန်းထွက်လုလု စက်ဘီးကို အသာပြန်ထောင်ထားပြီး ဘယ်လိုဖြစ်လို့ လက်ဖက်ခြောက် က ကုန်ရပြန်ပါလိမ့် ဆိုတာကို သမီး မေမေနဲ့ ပြောဖြစ်ပါ ရော သမီးရေ။ သည်တော့မှ ဟိုနေ့က အောင်ပန်းက ကျောင်းသူမှ မေးကတည်းက လက်ဖက်ခြောက်က ကုန်နေ





တာတဲ့။ သူ့ရှေ့မှာ လက်ဖက်ခြောက် ကုန်နေပြီလို့ မပြော ချင်လို့တဲ့။ သူ့ရှေ့မှာ ပြောလိုက်မိရင် ဥပါယ်တံမျဉ်နဲ့ လက်ဖက်ခြောက်ယူခဲ့ဖို့ သတိပေးလိုက်သလို ဖြစ်သွားမှာ စိုးရိမ်လို့တဲ့။ ကိုယ့်ဆရာဆိုတော့ စိတ်ပါပါ မပါပါ ယူလာ ခဲ့မှာပဲတဲ့။ ဒါကြောင့် ယူမလာတော့အောင် လက်ဖက် ခြောက်တွေ အများကြီး ကျန်သေးတယ်လို့ မုသားသုံးပြီး လမ်းပိတ်လိုက်တာတဲ့။

ဟုတ်ပါရဲ့ သမီးရယ်။ တစ်ခါတစ်ခါ ပင်လောင်း ရွက်သစ်တွေ လက်ဖက်ခြောက်ဘူးထဲမှာ လက်ကျန်မရှိ တော့ပေမဲ့ ရှိလေသေးဟန် ဆောင်ရတာဟာလည်း လူမှု ဆက်ဆံရေးနယ်ပယ်ရဲ့ ကကြိုးတစ်ကွက်လို့ ဖေဖေ ယူဆ လိုက်မိတယ်။

(လေး)

သမီးရေ....။

ဖေဖေတို့ရဲ့ လူမှုဆက်ဆံရေး နယ်ပယ်မှာ တမင် ရည်ရွယ်ချက်၊ မျှော်လင့်ချက်တွေနဲ့ပဲ ဖြစ်ဖြစ်၊ ဘာရယ် လို့ မဟုတ်ဘဲ နှုတ်ကို အထိန်းအသိမ်း နည်းလို့ရယ်ပဲ ဖြစ်ဖြစ် တစ်ခါတစ်ခါ ရေလာအောင် မြောင်းပေးမိသလို အဓိပ္ပာယ် အဌေ့အသက်မျိုးတွေနဲ့ စကားတွေ ပြောပြော နေမိကြတယ်နော်။

'ဟဲ့ ညည်းတို့က မိတ္ထီလာကဆို....မိတ္ထီလာစပျစ် တွေက အရမ်းကောင်းတာပဲဟယ်....ချိုလည်းချို.... အသား လည်း ထူ....ပျော့ဖွယ်သီးတွေနဲ့များ တခြားစီ.... ညည်းတို့ ဆရာက သိပ်ကြိုက်တာ'ဆိုတဲ့ အညာတက္ကသိုလ်တစ်ခုက ဆရာမတစ်ယောက်ရဲ့ စကားသံ နောက်ကွယ်မှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့ တစ်ယောက် အဓိပ္ပာယ်ရှိရှိ လှမ်းကြည့်လိုက်ကြတဲ့ ကျောင်းသူနှစ်ယောက်ကို ဖေဖေ တွေ့လိုက်ခဲ့ဖူးတယ်။

'ဟယ်....မေ့နေလိုက်တာ....နင့်ကို ငါပြောရဦးမယ်....ဟို Botany က နာမည်ကြီး ဆရာမလေ...သိတယ်မို့လား....ငါ့လွယ်အိတ် ကိုင်ကြည့်ပြီးဟယ် အသွေးကျလို့တဲ့...သူ့သမီးဆို ကြိုက်မယ်တဲ့....ကျောင်းဖွင့်ရင် ဝယ်ပေးရဦးမယ်တဲ့....တကယ် စိတ်ကုန်စရာဟာ.... ကိုယ်တွေက လွယ်အိတ်ဆိုင် ဖွင့်ထားတာလည်း သူ သိတော့ ပိုက်ဆံယူရမှာလည်း အခက်လေ...သိတယ်မို့လား.... သူနဲ့ကလည်း မလွတ်သေးတော့'လို့ ဆိုပြီး မျက်နှာကို မဲ့ကာရွဲ့ကာ၊ တွန့်ကာ ရှုံ့ကာနဲ့ ပြောနေကြတဲ့ ကျောင်းသူနှစ်ယောက်ကို ကောလိပ်ကလေးရဲ့ ဈေးသွားတဲ့ မြင်းလှည်းတစ်စီးပေါ်မှာ ဖေဖေ ဆုံလိုက်ခဲ့ဖူးတယ်။

'ပုစွန်ခြောက် အကြောင်းကတော့ မပြောလေနဲ့ သမီးရေ...ဘယ့်နှယ်....ဟင်းချက်တဲ့ဆီမှ မရောက်တာပဲ....တစ်အိမ်လုံးက ပဲလှော်စားသလို တစွတ်စွတ် နှိုက်စားနေတဲ့ဟာ....ခု...ကုန်ပြန်ပြီ'လို့ ဆိုတဲ့ အရာရှိကတော်တစ်ယောက်ရဲ့ ရှေ့မှာ မအီမသာ မျက်နှာကြီးနဲ့ သူ ဝယ်ခဲ့မယ်လို့ ပြောနေရှာတဲ့ လပ္ပတ္တာသူတစ်ယောက်ကို ဖေဖေ မြင်လိုက်ခဲ့ဖူးတယ်။

စကားတွေ...စကားတွေ။ နေရာအနှံ့ ကြဲပြန့်နေတဲ့ အထိန်းအကွပ်မရှိသော စကားတွေလေ။ သည်စကားတွေကို နားထောင်နေရသူက ကိုယ်နဲ့ မလွတ်မကင်းနိုင်သူများ ဖြစ်နေခဲ့ရင် ဘယ်လိုလုပ်ကြရမလဲ။ သူ့ဆန္ဒကို ဖြည့်ဆည်း





ပေးရမှာလား။ မသိကျိုးကျွန်ပြုနေရမှာလား။ ဖြည့်ဆည်းပေးလာခဲ့ပြီဆိုရင်လည်း ကြောက်လို့၊ ဒါမှမဟုတ် မတတ်သာလို့၊ ဒါမှမဟုတ် အကျိုးကျေးဇူး တစ်ခုခု မျှော်ကိုးလို့ ဖြည့်ဆည်းပေးလာတာမျိုး ဆိုခဲ့ရင် ဒါကို လက်ခံရတဲ့ ဖေဖေတို့တစ်တွေမှာ လိပ်ပြာလုံသင့် မလုံသင့်။ နောက်ကွယ်မှာ ကိုယ့်ကို နှာခေါင်းရှုံ့နေမယ့် လူတွေကြားမှာ နောက်ကျော ပေးဝံ့ မပေးဝံ့။

သမီးရယ်....။

သမီးမေမေကတော့ အောင်ပန်းကို ပြန်မယ့် ကျောင်းသူမရဲ့ ရှေ့မှာ ပင်လောင်းရွက်သစ် လက်ဖက်ခြောက်တွေ မကျန်တော့ပါဘဲနဲ့ အများကြီး ရှိသေးတယ်လို့ ဆိုခဲ့ပါပြီ။ လောကကြီးဟာလေ တစ်ခါတစ်ခါကျတော့လည်း ရေလာအောင် မြောင်းမပေးဘဲနဲ့ ကိုယ့်သိက္ခာကို ကိုယ် ရပ်ရပ်ပြဖို့ လိုအပ်ပါလားဆိုတာကို အဲသည့်နေ့က လက်ဖက်ခြောက် ဝယ်ရင်းနဲ့ ဖေဖေ စဉ်းစားမိခဲ့ပါတယ် သမီးရယ်....။

[ ချယ်ရီ၊ အောက်တိုဘာ ၁၉၉၀ ]

www.burmeseclassic.com

www.burmeseclassic.com

# ပြဿနာများ နေရပ်လိပ်စာ ပြောင်းရွှေ့ခြင်း

## (တစ်)

သမီးရေ….။

အခုတလော ရက်ပိုင်းကလေးတွေမှာကဖြင့် ညတာတွေက တိုပြီး နေ့တာတွေက ရှည်လို့များလား မသိပါဘူး သမီးရယ်။ မနက် ငါးနာရီတောင်မှ တင်းတင်းရင်းရင်း မထိုးတတ်သေးဘူး၊ အပြင်ဘက်မှာက မိုးစင်စင်လင်းလို့ နေခဲ့ပြီ။ သူများတွေအဖို့ရာမှာ ဘယ်လို ရှိမယ်လို့ မပြောတတ်ပေမဲ့ ဖေဖေကတော့ အလင်းရောင် ပျို့လာပြီဆိုတာနဲ့ အိပ်ရာထဲမှာ ဘယ်လိုမှ နေမရတဲ့ အကျင့်ကြောင့် စောစောပဲ ထ ပြီး လမ်းလျှောက်ဖို့ ထွက်ဖြစ်ခဲ့တော့တာပါပဲ။

သည်တုန်းက ဖေဖေ အလုပ်တာဝန်နဲ့ ရောက်နေတဲ့ မြို့က ဧရာဝတီမြစ်ကြီးဘေးက မြစ်ဝကျွန်းပေါ် မြို့ကြီးတစ်မြို့လေ။ အဲသည်မြို့က ကောလိပ်ကျောင်း ပေါက်စနကလေးတစ်ခုမှာ ကျောင်းဆရာအဖြစ်နဲ့ ဖေဖေက ရောက်နေခဲ့တာပဲပေါ့။ ဖေဖေ အဲသည် ကောလိပ်ကျောင်းကလေးကို ရောက်သွားခဲ့တုန်းက ကျောင်းထဲမှာ အခန်းလွတ်တွေ မရှိသေးခဲ့တာက တစ်ကြောင်း၊ ဖေဖေကလည်း ရောက်သွားတာ မကြာသေးတာက တစ်ကြောင်းတွေကြောင့် ကျောင်းနဲ့





မလှမ်းမကမ်းမှာ နေရင်းက မနက်တိုင်းပြီဆိုတိုင်း ဖေဖေက လမ်းထွက်ထွက်လျှောက်ဖြစ်ခဲ့တာပါ။ တစ်ခါတစ်ခါ မြစ်ဘက်က တာကြီးပေါ်ကို လျှောက်သွားလိုက်၊ တစ်ခါတစ်ခါ မြို့ထဲက လက်ဖက်ရည်ဆိုင်တွေဆီကို လျှောက်သွားလိုက်၊ တစ်ခါတစ်ခါတော့လည်း လယ်ကွင်းတစ်ဖက်၊ ရပ်ကွက် တစ်ဖက်နဲ့ မြို့ပတ်လမ်းအတိုင်း မြို့ပြင်ဘက်ကို လျှောက်သွားလိုက်နဲ့ပါပဲ သမီးရယ်။

သမီးကို ပြောပြချင်စရာ မြင်ကွင်းတစ်ခုကို ဖေဖေ တွေ့ခဲ့ရတဲ့ မနက်ခင်းတုန်းကတော့ မြစ်ဘက်က တာကြီးပေါ်ကို တက်ပြီး ဖေဖေ လမ်းလျှောက်ဖြစ်ခဲ့တယ်။ သည် တာကြီးက ဧရာဝတီမြစ်ကြီး မြို့ထဲကို ဝင်မလာအောင် တားထားရတဲ့ တာကြီးဆိုတော့ မြင့်မြင့် ဖွင့်ဖွင့်နဲ့ သိပ်ပြီး လမ်းလျှောက်လို့ ကောင်းတဲ့ တာကြီးပေါ့ သမီးရယ်။ မိုးကောင်းတဲ့ ရက်တွေဆိုရင် ဧရာဝတီ မြစ်ကြီးက သည် တာကြီးရဲ့ နဖူးဆံစတွေကိုတောင် လာလာပြီး သပ်တင် ပေးတတ်ပေမဲ့ အဲသည်နေ့ကလို နွေမူးမူး ရက်တွေမှာ ကျတော့ ဟိုး နှစ်မိုင် သုံးမိုင်ထိအောင် နောက်ကို ဆုတ် သွားတတ်ပါရဲ့။ ဒါကြောင့်လည်း ဧရာဝတီနဲ့ တာကြီး ဝေးနေကြတုန်းအချိန် ကြားထဲမှာ ပေါ်လာတဲ့ မြေနုလွင်ပြင် ကျယ်ကြီး တစ်လျှောက် စိုက်ထားလိုက်တဲ့ စိုက်ခင်းတွေ ကဖြင့် ရှုမျှော်လို့ မဆုံးနိုင်လောက်အောင်ပါပဲ။ ပြောင်းဖူး ခင်းတွေ၊ ငရုတ်ခင်းတွေ၊ ဆေးရွက်ကြီးခင်းတွေ၊ ခရမ်းချဉ် သီးခင်းတွေ၊ မုန်လာခင်းတွေနဲ့ မရိုးနိုင်စရာ သဘာဝ ရှုမျှော် ခင်းတွေလေ။ ဒါကြောင့်လည်း ဖေဖေက သည်တာကြီး ပေါ်မှာ မကြာခဏ လမ်းလျှောက်ဖြစ်ခဲ့တာပါ သမီးရယ်။



www.burmeseclassic.com

www.burmeseclassic.com

## (နှစ်)

သမီးရေ....။

အဲသည့် မနက်ခင်းတုန်းက တာရိုးကြီး တစ်လျှောက်မှာ ဖေဖေတစ်ယောက်တည်း ကိုယ့်အတွေးနှင့်ကိုယ် တရွေ့ရွေ့ လျှောက်လာနေခဲ့တုန်း ခွေးတစ်ကောင်နဲ့ လူနှစ်ယောက်ကို သွားတွေ့လိုက်ရတာကတော့ တရုတ်စားသောက်ဆိုင်တွေ ရှေ့က တာရိုးပေါ်မှာပါပဲ။ ဟုတ်ပါတယ်၊ ခွေးတစ်ကောင်နဲ့ လူနှစ်ယောက်ပါ။ ပိုပြီး တိတိကျကျ ပြောရမယ် ဆိုရင်တော့ ခွေးတစ်ကောင်ကြောင့် ပြဿနာ ဖြစ်နေရသော လူနှစ်ယောက်ပဲပေါ့ သမီးရယ်။

ခွေးက အသေကြီးပါ၊ တရွတ်တိုက် ဆွဲလာခဲ့ရလို့ ထင်ပါရဲ့၊ ခြေထောက်မှာက ကြိုးတန်းလန်းနဲ့။ မပုပ်သေး၊ မပွသေးပုံကို ထောက်ရရင် သေပြီးတာ သိပ်ကြာသေးဟန် မတူပါဘူး။ အဲသည့် ခွေးသေကောင်ကြီးကို အလယ်မှာထားလို့ လူနှစ်ယောက်က ပြဿနာ ဖြစ်နေကြရတဲ့ မြင်ကွင်းပါ။

သမီးရေ၊ မနက်ခင်းရဲ့ အေးသန့်တဲ့လေကို ရှူရင်း၊ နောက်ဆုတ်သွားတဲ့ ရေဝတီရဲ့ စိုက်ခင်းစိမ်းစိမ်းတွေကို ကြည့်ရင်း၊ တာကြီးပေါ်မှာ တရွေ့ရွေ့နဲ့ လျှောက်သွားနေရင်းက သူတို့ရှိရာကို အသာအယာ နားစွင့်ကြည့်မိလိုက်တော့ သူတို့နှစ်ယောက်နဲ့ ခွေးသေတစ်ကောင်ရဲ့ ပြဿနာကို အတော်အတန် ပုံဖော်ကြည့်လို့ ရလာခဲ့ပါတယ်။ တကယ်တမ်း ကတော့ သည်ခွေးသေကောင်ဟာ နှစ်ယောက်လုံးနဲ့ တိုက်ရိုက်ပတ်သက်တာတော့ မဟုတ်ပါဘူး။ ပထမလူက ခပ်လှမ်းလှမ်းက တာကြီးဆားက ရပ်ကွက်ထဲက လူ၊ သူက





မနက်စောစော လမ်း ထ လျှောက်ရင်း တာကြီးဆားမှာ ခွေးသေကောင်ကို တွေ့တော့ သူ့ရပ်ကွက် ပုပ်စော်နံမှာကို စိုးတယ်။ ဒါကြောင့် ခွေးသေကောင်ကို ဆွဲလာပြီး သူ့ရပ်ကွက်နဲ့ လွတ်ရာ သည်ဘက် တာဘေးနားမှာ လာချတယ်။ ဒါကို သည်နားက လူက တွေ့တော့ သူတို့နားမှာ လာချရကောင်းလားလို့ဆိုပြီး မကျေနပ်ဘူး။ သည်ခွေးသေကောင် ပုပ်လို့ အနံ့အသက် ထွက်လာခဲ့ရင် သူတို့ အနားတစ်ဝိုက်က လူတွေ နံမှာကို စိုးတယ်။ ဒါ့ကြောင့် တာရိုးအတိုင်း ရှေ့ကို ဆက်ဆွဲသွားပြီး တစ်နေရာရာကျမှ ပစ်ထားခဲ့ပါလားလို့ အကြံပေးတယ်။ သြော် အပြီးအပိုင် ပြေလည် မသွားနိုင်တဲ့ ပြဿနာ ဖြေရှင်းပုံကြီးပါလားလို့ အတွေးမိကာ ဖေဖေ့စိတ်ထဲမှာ လေးလံလို့ သွားရပြန်ပါတယ် သမီးရယ်။

## (သုံး)

တကယ်တမ်းကတော့ သမီးရေ၊ သည်ပြဿနာရဲ့ မူလဘူတ တာဝန်ရှိသူကတော့ ဖေဖေတို့တစ်တွေ မမြင်လိုက်ကြရတဲ့ ခွေးသေကောင်ကို ပထမဦးဆုံး တရွတ်တိုက် ဆွဲလာသူ ကာယကံရှင်ပါပဲ။ သူ့အနေနဲ့ သည်ခွေးသေကောင်ကို အပြီးတိုင်အောင် ဖုံးဖိ မြှုပ်နှံပစ်ခဲ့ဖို့ ကောင်းပါတယ်။ သည်ပြဿနာဟာ ကိစ္စပြတ် ဖြေရှင်းပစ်သင့်ခဲ့တဲ့ ပြဿနာလေ။

ခုတော့ သူက သူ့ပြဿနာကို သူများရပ်ကွက်ထိပ်မှာ လာချထားပစ်ခဲ့ပြီလေ။ အင်း ဒါကို တွေ့တဲ့လူကလည်း သည်ပြဿနာကြီးက ကိုယ့်ပတ်ဝန်းကျင်ကို ဒုက္ခပေးမှာ စိုးတဲ့အတွက် တာရိုးအတိုင်း ဆွဲလာခဲ့ပြီး ကိုယ်နဲ့လွတ်ရာ



www.burmeseclassic.com

www.burmeseclassic.com



လွတ်ကြောင်းဖြစ်တဲ့ သူများ ရပ်ကွက်ထိပ်ကို ရောက်မှ လွှတ်ချထားခဲ့ပြန်ပါရော။ တစ်ခါ ဒါကို တစ်ယောက်က တွေ့သွားပြန်ပါရဲ့။ သူကလည်း သူတို့ရပ်ကွက်နဲ့ လွတ်ရာ ဟိုဘက် တော်တော်ဝေးဝေးကို ရောက်အောင် ဆက်ဆွဲသွားခဲ့ပြီးမှ တာဘေးမှာ ထားပစ်ခဲ့ဖို့ စိမ်ခန့်ခွဲ နေခဲ့ပြန်ပါရဲ့။ အင်း....ပြဿနာဆိုတာ သည်လိုရှင်းလို့ လင်းသွားနိုင်ကြရိုးတဲ့လား။ ကိုယ်နဲ့ လွတ်ရာကို အတင်းတွန်းထုတ်နေကြရုံနဲ့ သည်အပုပ်နံ့တွေဟာ တာရိုးကြီးတစ်လျှောက်မှာ လွင့်စဉ်ပျောက်ပျက် သွားလေမတဲ့လား။ တစ်နေရာက နှာခေါင်းမပိတ်ရင် တစ်နေရာက နှာခေါင်းပိတ်ရမဲ့ ကိစ္စမျိုးပါ သမီးရယ်။ ပြဿနာကို နေရာပြောင်းပေးတဲ့ လုပ်ရပ်မျိုးပါ။ ဖေဖေ ရင်လေးမိတယ်။

## (လေး)

သမီးရေ....။

ဖေဖေတို့၊ သမီးတို့တစ်တွေ လူ့အဖြစ်ကို ရရှိပြီး အသက်ရှင် ကျင်လည်ခဲ့ကြရာ ဘဝတာခရီး တစ်လျှောက်မှာဖြင့် ပြဿနာတွေကို နေရပ်လိပ်စာ ပြောင်းတဲ့နည်းနဲ့ ဖြေရှင်းတတ်ကြသူတွေကို တစ်ချိန်ချိန် တစ်ခါခါ တစ်နေရာရာ တစ်ဒေသသမှာ တစ်ယောက်မဟုတ် တစ်ယောက် တွေ့တတ်ကြရစမြဲပါ။

စာအုပ်စာတမ်းတွေကို ကိုက်လွန်းလို့၊ အင်္ကျီ အဝတ်အစားတွေကို ကိုက်လွန်းလို့၊ အစားအသောက်တွေကို ကိုက်လွန်းလို့ လို့ဆိုပြီး ကြွက်တွေကို ထောင်ချောက်ဆင် ဖမ်းယူမိခဲ့ရာက ကိုယ့်အိမ်နဲ့ဝေးရာ သူများ အိမ်တွေနားမှာ





သွားသွားလွှတ်လေ့ရှိတဲ့ မိန်းမကြီး တစ်ယောက်ကို ဖေဖေ တွေ့ခဲ့ဖူးတယ်။

ကိုယ့်အိမ်နောက်ဖေးဘက်ကို လှမ်းပစ်လိုက်မယ်ဆိုရင် ယင်ကောင်တွေ လာမှာစိုးလို့ လို့ဆိုပြီး သရက်သီးမှည့် အခွံတွေ၊ ပိန္နဲသီး အခွံတွေကို သူများအိမ် လမ်းကြားဘက်ဆီကို လှမ်းလှမ်းပစ်တတ်တဲ့ အဒေါ်ကြီးတစ်ယောက်ကို ဖေဖေ မြင်ခဲ့ဖူးတယ်။

ကိုယ့်လူနာရဲ့ ပတ်ဝန်းကျင်မှာ အမှိုက်တို အမှိုက်စတွေ ရှုပ်နေလို့ လို့ဆိုပြီး ခုတင်အောက်က အမှိုက်တွေရော၊ ခုတင်ခေါင်းရင်း စားပွဲခုံပေါ်က အတိုအစတွေရောကို ဖျိုးဖျိုးဖျတ်ဖျတ် ပုတ်လိုက်၊ ခါလိုက်၊ လှည်းလိုက်၊ ကျင်းလိုက်နဲ့ ဘေးက ခုတင်လွတ်ရဲ့ အောက်ကို အမှိုက်တွေ လှည်းလှည်းသွင်းထားတတ်တဲ့ ဆေးရုံပေါ်က လူနာစောင့် တစ်ယောက်ကိုလည်း ဖေဖေ တွေ့ခဲ့ဖူးတယ်။

သမီးရယ်၊ ပြောပြရရင် မဆုံးနိုင်တဲ့ သည်လိုမြင်ကွင်းတွေ၊ သည်လို ဖြစ်ရပ်တွေဟာ ပြဿနာတွေကို နေရပ်လိပ်စာ ပြောင်းပေးနေတာတွေလို့ပဲ ဖေဖေကတော့ ယူဆမိတယ်။ လှည်းကျင်းထားတဲ့ အမှိုက်တွေကို ဟိုးကြိုထောင့်မှာ ထောင်ထားတဲ့ အမှိုက်ပုံးထဲအထိ ရောက်အောင် ပို့လိုက်ပါတော့လား။ သရက်ခွံတွေ၊ ပိန္နဲခွံတွေကိုလည်း လမ်းထိပ်က အမှိုက်ပုံးထဲအထိ ရောက်အောင် ပို့လိုက်ပါတော့လား။ ထောင်ချောက်ထဲမှာ မိထားတဲ့ ကြွက်တွေကို လမ်းတစ်ဆုံးရောက်တဲ့အထိ ရှင်းလင်းပစ်လိုက် ပါတော့လား။

ခုတော့ သမီးရယ်....။



www.burmeseclassic.com

www.burmeseclassic.com



ပုပ်စော်နံလာမှာ ကြောက်လို့ဆိုတဲ့ အတွေးနဲ့ ခွေးသေကောင်ကြီးကို တာရိုးပေါ်မှာ ကြိုးနဲ့ တရွတ်ဆွဲရင်း တစ်နေရာက တစ်နေရာကို တွန်းတွန်းပို့နေလိုက်ကြတာ။ လောကကြီးမှာလေ တချို့က ပြဿနာတွေကို ကိုယ့်ဆီမှာပဲ လက်စသတ်သွားအောင် လက်စသိမ်း ဖြေရှင်းပေးတတ်ကြသလို တချို့ကလည်း ကိုယ်နဲ့ လွတ်ရာနေရာမှာ သွားချထားတဲ့ နည်းနဲ့ ဖြေရှင်းနေတတ်ကြလေရဲ့။ ဖေဖေကတော့လေ သမီးကို တာရိုးပေါ်မှာ ခွေးသေကောင်ကို ကြိုးနဲ့ ဆွဲသွားပြီး သူများရပ်ကွက်ထိပ်မှာ သွားချထားတတ်တဲ့ သမီးတစ်ယောက် မဖြစ်စေချင်မိဘူး။ ပြဿနာတွေကို နေရပ်လိပ်စာ မပြောင်းရွှေ့စေချင်ဘူး။ ကိုယ့်လက်ထဲမှာတင် အပြီးတိုင် မြှုပ်နှံ ရှင်းလင်းပစ်လိုက်တာဟာ လောကအတွက် မင်္ဂလာမရှိပါလား၊ တာဝန်သိရာ မရောက်ပါလား ဖေဖေ့သမီးရယ်။

[ ရန်နံ့သစ်၊ အောက်တိုဘာ ၁၉၉၈ ]

# မြို့ကို အသေအချာခိုင်ဖို့အရေး

## (တစ်)

သမီးရေ....။

လွန်ခဲ့တဲ့ နွေရာသီကျောင်းပိတ်ရက်တွေတုန်းဆီက ဖေဖေတို့ မိသားစု အကုန်လုံး အားလပ်ရက်တွေ ရှိနေခဲ့တဲ့အတွက် နှစ်စဉ် ပြန်နေကျအတိုင်း ရန်ကုန်ကိုပဲ ပြန်နေ ဖြစ်ခဲ့ကြတာကို သမီးတစ်ယောက် မှတ်မိနေလိမ့်ဦးမယ်လို့ပဲ ထင်ပါတယ်ကွယ်။ ရန်ကုန်ကို ရောက်ပြီ ဆိုတာနဲ့ သမီးတို့တစ်တွေက အိမ်ထဲက အိမ်ပြင်မထွက်တော့ဘဲ ဝေးနေတဲ့ ဆွေတွေ၊ မျိုးတွေ၊ မောင်နှမတွေနဲ့ အတူ စကားလက်ဆုံ ပြောမကုန်နိုင်အောင် ရှိနေတတ်ကြပေမဲ့ ဖေဖေကတော့ ရန်ကုန်ရောက်တာနဲ့ စားချိန်၊ အိပ်ချိန်ကလေးတောင်မှ အိမ်ကို မှန်အောင် ပြန်မရောက်တော့ဘဲ မြို့တော်အနှံ့ ခြေဆန့်နေတတ်မြဲလေ။ အဲသည့် အခေါက်တုန်းကလည်း ရန်ကုန်ကို ရောက်တာနဲ့ အိမ်မှာ အထုပ်အပိုးတွေချ၊ ရေမိုးချိုးပြီးတာနဲ့ လွယ်နေကျ လွယ်အိတ်ကလေးကို ဆွဲပြီး မြို့ထဲကို ထွက်ဖြစ်ခဲ့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ရန်ကုန်ကို ရောက်တဲ့အခါ အမြဲတမ်းလိုလို တပူးတွဲတွဲနဲ့ ရှိနေတတ်တဲ့သူ ဖေဖေ့ ကျောင်းနေဘက် သူငယ်ချင်းပါ။ ကျောင်းနေဘက်လို့ ဆိုပေမဲ့ ဟိုး အတန်း ငယ်ငယ်တွေတုန်းထဲက ပေါင်းခဲ့ရတဲ့ သူငယ်ချင်းတော့ မဟုတ်ပါဘူး သမီးရယ်။ တက္ကသိုလ်ရောက်တော့ မှ သိရ၊ ခင်ရတဲ့ သူငယ်ချင်းပါ။ စာဖတ်ဖော်ဖတ်ဖက်၊ အနုပညာ ငတ်ကြီး ကျဖော် ကျဖက်တွေ ဆိုပါတော့။ အဲသည့်နေ့က လည်း ဖေဖေက သူ့ဆီကိုပဲ အရင် သွားခဲ့တာပေါ့။ နှစ်ယောက်သား စာအုပ်တိုက်တွေ လျှောက်သွားတယ်။ စာအုပ်အဟောင်းတန်းကို သွားတယ်။ လက်ဖက်ရည်ဆိုင် ထိုင်တယ်။ နည်းနည်းလေး ညနေ စောင်းလာတော့ ဖေဖေ တို့ မကြာမကြာ ထိုင်လေ့ရှိရာ ဘီယာဆိုင်ကလေးကို သွားဖို့ အတွက် သိမ်ကြီးဈေး တစ်ပိုက်ကို ဖြတ်ပြီး နှစ်ယောက်သား လျှောက်သွားဖြစ်ခဲ့ပါရဲ့။ အဲသည့်လို လျှောက်သွားဖြစ် နေတုန်းမှာပဲ သိမ်ကြီးဈေးထဲကနေ ထွက်လာပုံရတဲ့ သူနဲ့ အမှတ်မထင် ပြန်ဆုံတွေ့ဖြစ်ခဲ့ကြတာပါ။

(နှစ်)

'ဟယ် ဆရာကြီးတော့၊ ကြည့်ပါဦး ၀ ချက်ကတော့' ဆို တဲ့ စကားသံနဲ့အတူ သူ့မျက်နှာ ညိုညက်ညက်ကလေး ကို မျက်နှာချင်း ဆိုင်လိုက်ရကတည်းက သည်ချာတိတ် မကလေးဟာ အညာသူကလေး တစ်ယောက် ဆိုတာကို ဖေဖေက အကဲဖမ်းလိုက်မိပါတယ်။ ဒါပေမဲ့ သမီးရယ်၊ အညာကောလိပ်ကလေး တစ်ခုကနေ ဖေဖေပြောင်းခဲ့တာ *နှစ်နှဲ့ချီပြီး ကြာခဲ့ပြီဆိုတော့ သူ့နာမည်ကို ရုတ်တရက်*





အစဖော်လို့ မရနိုင်ခဲ့ဘူး။ ပုဂံ ညောင်ဦးကလား၊ မလှိုင် ကလား၊ ဝမ်းတွင်းကလား၊ ကျောက်ပန်းတောင်းကလား ဖေဖေ့မှတ်ဉာဏ် ကြေးမုံပြင်ပေါ်မှာ ဝိုးတဝါး ဖြစ်နေခဲ့မိတာ အမှန်ပါပဲ။ ဒါပေမဲ့ ဆရာကြီးတို့၊ ၀ ချက်တို့ ဆိုတဲ့ စကား တွေကတော့ သူဟာ အညာသူမလေးတစ်ယောက် ဆိုတာကို ကွင်းခနဲ၊ ရှင်းခနဲ ပြောနေခဲ့ပါတယ်လေ။ ဖေဖေလေ အညာ မှာ နေခဲ့တုန်းက သူ့ဆီ ကိုယ့်ဆီ တရင်းတနှီး သွားလာ ဝင်ထွက် နေခဲ့ဖူးတဲ့ သည် အညာသူမကလေးရဲ့ နာမည်ကို ဘာကြောင့်များ ရုတ်တရက် မေ့နေရပါလိမ့်ဆိုတဲ့ အတွေးနဲ့ ဖေဖေ့ကိုယ်ဖေဖေ မကျေမနပ် ဖြစ်လိုက်တာ။

ညနေခင်း နေရောင်ခြည်နဲ့ ပူနွေးနေသေးဆဲ၊ ကား တွေ တဝေါဝေါ ဖြတ်မောင်းသွားနေဆဲ၊ ဈေးသည်တွေ ဈေးဝယ်တွေ၊ စားကျက်ပြန်တွေ စားကျက်သွားတွေနဲ့ ခြေချင်းလိမ်နေသေးဆဲ သိမ်ကြီးဈေးနားက လမ်းဘေး ပလက်ဖောင်းတစ်ခုပေါ်မှာ သူ့နာမည် ဘယ်သူပါလိမ့်ဆို တဲ့ အဖြေရ ကျပ်နေတဲ့ ပုစ္ဆာတစ်ပုဒ်ကို ဖေဖေ အလျင် အမြန် တွက်နေမိရင်းက 'ဟဲ့ ကောင်မစုတ်၊ ညည်း ဘယ် တုန်းက ရန်ကုန်ရောက်နေတာလဲဟင် ခွေးမ'ဘာ ညာနဲ့ ဟန်မပျက်အောင် နှောလိုက်၊ ရောလိုက်ရင်း သူနဲ့ ပတ်သက် ရာရာ သဲလွန်စတစ်ခုခုကို ဘယ်လိုများ ရနိုင်ပါလိမ့်မလဲလို့ လမ်းစ ရှာလိုက်ရတာ။

'သမီး ရန်ကုန်ရောက်တာ တစ်ပတ်လောက် ရှိပြီ ဆရာကြီးရဲ့။ ဟယ် ဒါနဲ့ ဆရာကြီး ပုဂံညောင်ဦး သွား သေးတယ်ဆို'

'အေးလေ ကျန်ခဲ့တဲ့ ဆောင်းတုန်းက'



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့များ ဆရာကြီးက ကျောက်ပန်းတောင်းတောင် မဝင်ဘူးတော့'

ဝမ်းသာလိုက်တာ။ ဖေဖေ့ရင်ထဲလေ ဘယ်လို ဝမ်းသာခြင်းမျိုးလဲလို့ ပြောမပြတတ်လောက်အောင်ကို ဝမ်းသာလိုက်တာ။ သူ့စကားထဲမှာ တစ်စွန်းတစ်စ ပါလာတဲ့ ကျောက်ပန်းတောင်းဆိုတဲ့ နာမည်ကလေးဟာ သူ့နာမည်ကို အစဖော်ဖို့အတွက် နည်းနည်းကလေး လမ်းစပေါ်လာ သယောင်ယောင်ပါပဲ။ ဖေဖေလေ ကျောက်ပန်းတောင်းနဲ့ ပတ်သက်လို့ မှတ်မိရာရာတွေကို လျှောက်ပြောနေခဲ့ရင်း သူ့နာမည်နောက်ကို ဆက်ပြီး လိုက်နေမိခဲ့ပါရဲ့။

'ဟဲ့ နေစမ်းပါဦး နီနီစိုးရော'

'မနီနီစိုးက အိမ်ထောင်ကျသွားပြီ ဆရာကြီးရဲ့'

'ဩော် ဒါနဲ့ နေပါဦး၊ တစ်ယောက်ဟာ၊ ခင်မဏိအေး ဟုတ်တယ်၊ ခင်မဏိ သူရော'

'မခင်မဏိလည်း အိမ်ထောင်ကျသွားပြီ'

'ဟဲ့ ညည်းတို့ဟာတွေက နောက် ဟိုတစ်ယောက် ဝါဝါခင်ရော'

'ဝါဝါခင်လည်း အိမ်ထောင်ကျသွားပြီ ဆရာကြီးရဲ့၊ ဝါဝါခင်တင် မကဘူး၊ မတင်တင်အေးပါ ကျသွားပြီ'

'အောင်မယ်လေး ကျောက်ပန်းတောင်းသူတွေ ဘယ်လိုဖြစ်ကြရပြန်တာတုံး။ ဟိုကောင်မလေးရောဟာ ရှင်မင်းထွေး'

'ရှိတယ်၊ ကျောင်းဆရာမ လုပ်နေတယ်။ သူ့





အစ်ကို ကိုဖေဒါကြီးကတောင် ဆရာကြီးအကြောင်း မေးနေသေး'

သမီးရယ် ...ကားသံ၊ လူသံတွေနဲ့ ပွက်ပွက်ညံနေတဲ့ မြို့တော်ရဲ့ လမ်းမတစ်နေရာမှာ ကျောက်ပန်းတောင်း အရိပ်အငွေ့တွေကို ရအောင် ပြန်ဖမ်းရင်းက ဖေဖေနဲ့ တအားရင်းနှီးခဲ့တဲ့ သည်ကျောင်းသူမလေးရဲ့ နာမည်ဟာ ဘယ်သူများ ဖြစ်လေမလဲလို့ တစ်ဖက်က စဉ်းစားရင်း တစ်ဖက်ကလည်း သူ့ကို ဖေဖေ သိပါကြောင်း၊ သူ့ နာမည်ကို ဖေဖေ မမေ့သေးပါကြောင်း သူ ယုံကြည်အောင် ကြိုးစားနေလိုက်ရတာ။ သည်အချိန်မှာ ဖေဖေ အစိုးရိမ်ဆုံးက ဆရာ ငါ့ကို ကောင်းကောင်းမသိပါဘူး ဆိုတဲ့ အတွေး သူ့ဆီမှာ ဝင်သွားမှာကိုပါပဲ။ ဒါနဲ့ ရန်ကုန်မှာ နောက်ထပ် လေးငါးဆယ်ရက် သူ ရှိနေစဉ်တုန်းမှာ သူနဲ့ ဆက်သွယ်နိုင်မယ့် လိပ်စာနဲ့ တယ်လီဖုန်းနံပါတ်ကိုမေးပြီး လမ်းခွဲခဲ့ကြပြီးတဲ့နောက် ဖေဖေ့မှာ ကြွေးပူတစ်ခု ကပ်ပါလာသလိုပါပဲ။ လမ်းမှာလည်း သူ့နာမည် ဘယ်သူလဲ။ ဘီယာဆိုင်မှာလည်း သူ့နာမည် ဘယ်သူလဲ။ အိမ်အပြန် လမ်းမှာလည်း သူ့နာမည် ဘယ်သူလဲနဲ့။ ဟုတ်တယ်၊ လူတစ်ယောက်ရဲ့ အမည်ကို မေ့နေခြင်းဟာလည်း လူ့အဖွဲ့အစည်းမှာ အောင်မြင်ချင်တဲ့ သူတစ်ယောက်အဖို့ မလိုလားအပ်တဲ့ အားနည်းချက်လို့ ဖေဖေကတော့ ယူဆတယ်။ ဒါကြောင့်လည်း အညာကောလိပ်ကလေးတစ်ခုမှာတုန်းက တပည့်ဖြစ်ခဲ့ဖူးတဲ့ သူ့ရဲ့ နာမည်ကို မရရအောင် ပြန်ဖော်ပြီး သူ ရန်ကုန်က မပြန်ခင်မှာ အပိုင်ခေါ်ချလိုက်ဦးမယ်လို့ ဖေဖေ ဆုံးဖြတ်ဖြစ်ခဲ့ပါတယ် သမီးရယ်။



www.burmeseclassic.com

www.burmeseclassic.com

## (သုံး)

သမီးရေ။

အဲသည့်နေ့က ဖေဖေ အိမ်ကိုပြန်ရောက်ပြီး ဖေဖေနဲ့ တွေ့ခဲ့တဲ့ အညာက ကျောင်းသူမလေးရဲ့ ပုံပန်းသဏ္ဌာန်၊ သူ့ရဲ့ ပြောဟန်ဆိုဟန်၊ သူနဲ့ ပတ်သက်တဲ့ အဝန်းအဝိုင်းက နာမည်တွေကို သမီးမေမေကို ပြောပြပြီး သူ့နာမည်ကို ဝိုင်းစဉ်းစားပေးဖို့ပြောတော့ သမီး မေမေလည်း အကျပ်ရိုက် သွားပုံပါပဲ။ မေမေတစ်ယောက် တော်တော်လေးကြာအောင် ကို တိတ်ဆိတ်သွားခဲ့တာပါ။ ပြီးတော့မှ ဖေဖေ့ကို အပြစ် တင်လာခဲ့ပါရဲ့။

'ကိုရယ် အားနာဖို့ ကောင်းလိုက်တာ။ အဲဒါ ကိုခင်မောင်ချို့ ခယ်မလေးပေါ့။ ဆိစက်နဲ့လေ၊ ဟိုတစ်ခါ ဆီတွေတောင် လက်ဆောင်ယူလာသေးတယ်။ နေပါဦး သူ့နာမည်က ပါးစပ်ဖျားလေးတင်'

သမီးမေမေ တစ်ယောက် ဖေဖေနဲ့အတူ အသက် ရှူ ကျပ်နေခဲ့ပြန်တယ်လေ။

'နာမည်က နှစ်လုံးဆင့်ပါ။ သူက ခင်မာမွှေးတို့ ခင်မာဒွေးတို့အတွဲ၊ နေပါဦး၊ ဖြူ ပါပါတယ်၊ ဖြူဖြူ'

'နိုင် နိုင် ဟုတ်တယ်၊ ဖြူဖြူနိုင် ဖြူဖြူနိုင်'

ဖေဖေလေ သမီးမေမေက ဖြူဖြူလို့ဆိုကာ မြေကို စမ်းတုန်းမှာပဲ နိုင်ဆိုပြီး ရဲရဲဝံ့ဝံ့ ခရမ်းပျိုးပစ်လိုက်မိတယ်။ တကယ်ပါ။ ကိုးလ ဆယ်လ လွယ်ထားရတဲ့ ကိုယ်ဝန်ကို မွေးပစ်လိုက်ပြီးတဲ့အခါ လွတ်လပ်ပေါ့ပါး သွားတဲ့ ကိုယ်ဝန် ဆောင် မိခင်ရဲ့ ခံစားမှုမျိုးနဲ့ ဖေဖေ ပျော်လိုက်တာ။ ဖြူဖြူနိုင်၊ ဖြူဖြူနိုင်။ ဟုတ်တယ် ဒါဟာ ဖြူဖြူနိုင်။ သူ





ပေးထားတဲ့ လိပ်စာအတိုင်းသွားပြီး 'ဟဲ့ ဖြူဖြူနိုင်၊ ညည်းက ဘယ်နေ့ ပြန်မှာလဲ၊ ငါ ပေးစရာရှိတာတွေ ပေးလိုက်ဦးမယ်' ဘာညာနဲ့ ပြောရရင် ဘယ်လောက် စေးစေးပိုင်ပိုင် ရှိလိုက် လေမလဲ။ နားထောင်ရတဲ့သူကရော ဘယ်လောက် နွေးနွေး ထွေးထွေး ရှိလေမလဲ။ ဖြူဖြူနိုင့်ကို ဖြူဖြူနိုင်လို့ ပိုင်ပိုင် နိုင်နိုင် ခေါ်လိုက်နိုင်ရေးဟာ ဖေဖေ့အတွက်တော့ အရေးကြီး လှ တယ်လေ။

## (လေး)

ပြောရရင် သမီးရယ်၊ အဲသည့်တုန်းက သမီးမေမေနဲ့ စကား ပြောကြရာက တစ်ဆင့် ဖေဖေနဲ့ တွေ့ခဲ့တဲ့ အညာက ကျောင်းသူမလေးရဲ့ အမည်ဟာ ဖြူဖြူနိုင်လို့ အစဖော် မရခဲ့ရင်လည်း ဖေဖေက တစ်နည်းနည်းနဲ့တော့ ဖော်ရ အောင် ကြိုးစားမှာပါပဲ။ အလွန်ဆုံး ကျောက်ပန်းတောင်းက တပည့်ဟောင်း တစ်ယောက်ယောက်ဆီ ဖုန်းလှမ်းဆက်ပြီး မေးလိုက်ရုံပဲပေါ့။ သမီးကတော့ ထင်မယ်နော်။ ဖေဖေရယ် ဟိုတစ်နေ့က တွေ့ကြကတည်းက 'ဟဲ့ ညည်းနာမည် ဘယ်သူ၊ ငါ မေ့နေလို့'လို့ ဆိုရင်လည်း ရရဲ့သားနဲ့လို့။

ဖေဖေက အဲသည့်လိုကို မမေးချင်တာ။ ကိုယ်နဲ့ ပတ်သက်သိကျွမ်းခဲ့တဲ့ လူတစ်ယောက်ကို နာမည်ရော၊ လူရော ကောင်းကောင်းကြီး မှတ်မိနေခြင်းဟာ လူ့ဘဝ မှာ လိုအပ်လှတယ်လို့ကို ဖေဖေ ယူဆတယ်။ လူတွေက ကောင်းကောင်း အသိအမှတ်ပြု ခံချင်ကြတယ်လေ။ မှတ်မိ နေခြင်းရဲ့ နောက်မှာ ခင်တွယ်မှု၊ လေးနက်မှု၊ အသိအမှတ် ပြုမှု စတဲ့ မက်မောစရာ တခြားသော အနက် အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



များလည်း ရှိနေခဲ့ကြတယ်လို့ ဖေဖေကတော့ ယုံကြည်နေမိတယ်။

ဖေဖေတို့ ကျောင်းသားဘဝက လူတွေနဲ့ ပြည့်သိပ်နေတဲ့ စာသင်ခန်းမကျယ်ကြီးထဲမှာ ရှေ့မှာ စာသင်နေတဲ့ ဆရာက ဖေဖေ့ဆီကို လှမ်းကြည့်ပြီး 'ဟေ့ ညွန့်သောင်းကြီး၊ ပြီးပြီလားဟ'တို့၊ 'မောင်ညွန့်သောင်းရေ၊ နားလည်ရဲ့လား'တို့ မေးလိုက်တဲ့အခါ ကျေနပ်ပီတိ ဖြစ်မိတာကတော့ အမှန်ပါပဲ။ ငါ့ကို ဆရာက သိတယ်၊ ဆရာမက သိတယ် ဆိုတဲ့ အရသာဟာ တစိမ့်စိမ့်နဲ့ ကြည်နူးစရာ ဘဝရဲ့ စားမြိန်ခဲ့လေ။ တချို့ဆရာတွေများ ဆိုရင် လူစုံတက်စုံရဲ့ နာမည်အားလုံးလိုလိုကို မှတ်မိနေကြတာ။ 'အေးသန်းကြီး ဘယ်ငေးနေတာလဲဟ' 'ကျော်ဇွာ ရှေ့ကို ကြည့်ကွာ'ဆိုတဲ့ အသံတွေနဲ့ စီညံနေတတ်တဲ့ ဆရာဟာ ကျောင်းသူကျောင်းသားအားလုံးရဲ့ စိတ်အဝင်စားဆုံး၊ အချစ်ဆုံးဆရာ ဖြစ်နေတတ်တာပါပဲ။ အားလုံးကို စိတ်ဝင်စားတဲ့သူကို အားလုံးက စိတ်ပြန်ဝင်စားတတ်မြဲလေ။

တစ်ခါတုန်းက ဈေးကြီးတစ်ဈေးထဲက ကြက်သားသည် အစ်မကြီးရဲ့ရှေ့ကို ဖေဖေ ရောက်သွားခဲ့တယ်။ ဖေဖေ့လို့ပဲ တခြား ကြက်သားဝယ်မယ့်လူတွေ လေးငါးယောက်ရဲ့ ကြားမှာပေါ့။ ဖေဖေ့စိတ်ထင် ကြက်သားသည် အစ်မကြီး ဖေဖေ့ကို ဘယ်လိုမှ မှတ်မိနိုင်လိမ့်မယ်လို့ မထင်ခဲ့ဘူး။ သူ့ဆီမှာ ဖေဖေ ကြက်သား လာဝယ်တာ ဒါဟာ ပထမဆုံး အကြိမ်လေ။ သည့်အရင်က သူနဲ့ဖေဖေ တစ်ခါပဲ တွေ့ဖူးသေးတယ်။ မကြာခင် မွေးတော့မွားတော့မယ့် သမီးမေမေက ဖေဖေ့ကို ဈေးခေါ်သွားပြီး၊ မကြာခင် သူ့





ကိုယ်စား ဈေးလာဝယ်တော့မယ့် လူအဖြစ် ဖေဖေ့ကို မိတ်ဆက်ပေးတုန်းက တစ်ခါပဲ မျက်နှာချင်းဆိုင်ခဲ့ကြတာ။ သည်တုန်းက ရှုပ်ယှက်ခတ်နေတဲ့ လူတွေကြားထဲက ဖေဖေ့ကို သည်အစ်မကြီးက ကြက်သားခုတ်နေရင်း တစ်ချက်ပဲ လှမ်းပြီး ပြုံးကြည့်ခဲ့တာပါ။ အဲသည့်နောက် ငါးရက် တစ်ပတ် ကြာပြီးမှ သူ့ဆီကို ဖေဖေက ပြန်ရောက်သွားတာ။ ဘယ်လိုမှ မှတ်မိနိုင်လိမ့်မယ် မထင်ခဲ့ဘူး။ ဒါကြောင့် ပုံမှန်ပဲ ဈေးဝယ် နေခဲ့တယ်။

'အစ်မရေ အသားချည်းပဲ ဘယ်ဈေးလဲ'

'ခုနစ်ရာလေ'

'အစိတ်သားလောက် လုပ်ပါဗျာ'

'ခုတ်လိုက်မယ်နော်'

'ရတယ် အစ်မ၊ ခုတ်မနေပါနဲ့'

'ခုတ်လိုက်ပါ၊ အိမ်မှာ မပေါ့မပါးကြီးနဲ့ ကိုင်နေရဦးမယ်'

ဖေဖေက လူတွေ များနေတဲ့အတွက် အားနာလို့ မခုတ်နဲ့လို့ ပြောခဲ့တာကို သူကလည်း စာနာမိဟန်နဲ့ ခုတ်ပေးမယ်တဲ့။ ခုတ်ပေါ့။

'ဆရာ့ အမျိုးသမီး မွေးပြီလား'

'ဟင့်အင်း အစ်မ၊ မမွေးသေးဘူး'

သည်တစ်ခါမှာတော့ ဖေဖေ့ရင်ထဲမှာ နွေးခနဲ ဖြစ်သွားမိတာ အမှန်ပါပဲ သမီးရယ်။ ဖေဖေ့ကို သူ သိနေပါလား ဆိုတာကို ဖေဖေက ကျေနပ်မဆုံးဖြစ်တာ ဘယ်လိုမှ ငြင်းမရပါဘူး။

ဖေဖေ လေးစားရတဲ့ စာရေးဆရာကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိဖူးတယ်။ သူနဲ့ ဖေဖေ အကြိမ် သုံးလေးဆယ်မက ဆုံဖူးတယ်။ ဆုံတိုင်းမှာ သူက မမှတ်မိလို့ ဖေဖေကချည်းပဲ သွားသွား နှုတ်ဆက်ရတယ်။ နှုတ်ဆက်တိုင်းမှာလည်း သူက 'နေပါဦး၊ မောင်ရင့်နာမည်က ဘယ်သူ'ဆိုပြီး အမြဲတမ်း မေးနေတော့တာပါပဲ။ ကြာတော့ ဖေဖေ သူ့ကို နှုတ်ဆက်ရမှာ ဝန်လေးလာမိတယ် သမီးရယ်။ လေးစားပေမဲ့ မခင်တွယ်ချင်မိဘူး။ တွေ့တာနဲ့ သူက ဖေဖေ့ နာမည်ကို ခေါ်ပြီး စကားပြောလာတာကို ဖေဖေ ခံချင်မိတာ အမှန်ပါပဲလေ။

(ငါး)

သမီးရေ....။

တစ်ခါက ဟိုး ... အညာက ကောလိပ်ကျောင်းကလေးမှာ တပည့်တော်ခဲ့ဖူးတဲ့ ကျောင်းသူမလေးရဲ့ အမည်ကို ဖြူဖြူခိုင်လို့ ပိုင်ပိုင်နိုင်နိုင် မခေါ်ချနိုင်မချင်း ဖေဖေ သွားလို့၊ စားလို့ မဖြောင့်မှာ အမှန်ပါပဲ။ သူ့ကို ဆရာက ငါ့ကို မှတ်မိပါလား၊ ခင်တွယ်ပါလား၊ လေးနက်ပါလား၊ အသိအမှတ်ပြုပါလား ဆိုတဲ့ ခံစားမှုကိုပဲ ဖေဖေ ပေးချင်တယ်။ ဒါကြောင့်လည်း နာမည် အစဖော်လို့ ရတာနဲ့ သူ့နာမည်ကို ဖေဖေ မေ့နေတယ်ဆိုတာကို တစ်စွန်းတစ်စမှ သူ မရိပ်မိစေဘဲ သူ့ဆီကို မှင်နဲ့ မောင်းနဲ့ ရောက်သွားလို့ 'ဖြူဖြူခိုင်ရေ'လို့ ဆိုကာ အစချီခဲ့ဖူးတယ်။

သမီးရယ်....။

ဆရာတွေကလည်း သူ့တပည့်တွေကို သိနေဖို့ လိုပါတယ်။ ကြက်သားသည် အစ်မကြီးကလည်း သူ့ကြက်သား ဝယ်စားသူများကို အကျွမ်းဝင်ဖို့ လိုပါတယ်။





စာရေးဆရာကြီးကလည်း သူ့ကို လေးစားသူ လူငယ်တစ်ယောက်ကို အမှတ်တရ ရှိနေဖို့ လိုအပ်လှမယ်လေ။ ဖေဖေ့သမီးတစ်ယောက် လူ့ဘဝတစ်သက်တာကို ဖြတ်သန်း သွားတဲ့အခါ ကိုယ်နဲ့ ပတ်သက်ဆက်နွှယ်ရတဲ့ လူတွေကို ရှုပ်ပြီး ကျော်မဖြတ်သွားစေချင်ဘူး။ လူတွေရော၊ နာမည်တွေရော၊ ဘဝတွေရောကို ပိုင်ပိုင်နိုင်နိုင်ကြီး မှတ်ထားကြရအောင်လား။ အများကို စိတ်ဝင်စားတဲ့ သူကို အများကလည်း စိတ်ဝင်စားကြစမြဲလေ။

[ ရှုမဝ၊ အောက်တိုဘာ ၁၉၉၈ ]

www.burmeseclassic.com

# ၂၇ လမ်းကို လိုက်ခဲ့မလား

## (တစ်)

သမီးရေ....။

ဖေဖေတို့ အညာက ကောလိပ် ကျောင်းကလေး တစ်ခုမှာ နေခဲ့ရစဉ်တုန်းက မြို့တော်ရန်ကုန်နဲ့ မိုင် ၃၀၀၊ ၄၀၀ ဆိုသလို ဝေးတဲ့အတွက် ရန်ကုန်ကို တစ်နှစ်လုံးနေမှ တစ်ခေါက်၊ နှစ်ခေါက်လောက်သာ ရောက်ဖြစ်ခဲ့ပေမဲ့ ရန်ကုန်နဲ့ မိုင် ၁၀၀ ဝန်းကျင်လောက်သာ ဝေးတဲ့ မြစ်ဝကျွန်းပေါ်က ကောလိပ်ကျောင်းကလေး တစ်ခုကို ရောက်သွားကြတော့ တစ်လကို တစ်ခေါက်၊ နှစ်ခေါက် ဆိုသလို ရန်ကုန်ကို ဖေဖေ ရောက်ရောက်သွားခဲ့ရပါတော့တယ်။ မကြာသေးခင် ရက်တွေထဲမှာတုန်းကကိုပဲ ဖေဖေ ရန်ကုန်ကို နောက်ဆုံးအခေါက် ရောက်သွားခဲ့လိုက်သေးတယ်လေ။

မြစ်ဝကျွန်းပေါ် မြို့ကလေးကနေ ကား စ ထွက်တော့ မနက် ၆ နာရီ သမီးရဲ့။ ဖေဖေတို့တစ်တွေ ရန်ကုန် ဂိတ်ကိုဝင်တော့ ၁၁ နာရီတောင် မထိုးတတ်သေးဘူး။ ကားပေါ်မှာ ဖေဖေ့ဘေးက တွဲကျသူက အတန်အသင့် ရင်းနှီးပြီးသားဖြစ်တဲ့ ခရိုင်တရားရုံးက တရားရေး ဝန်ထမ်း တစ်ဦး ဆိုတော့ ဖေဖေတို့တွေ လမ်းတစ်လျှောက်လုံး စကားပြောဖော် ရသွားခဲ့ကြတယ်ပဲ ဆိုပါတော့။





သခင်မြပန်းခြံ ကားဂိတ်ကို ကားရောက်လို့ ဖေဖေတို့ တစ်တွေ အောက်ကိုလည်း ဆင်းပြီးကြရော ဖေဖေ့ မိတ်ဆွေ စကားပြောဖော်က မေးပါတယ်။ ဘယ်ကို သွားမှာလဲပေါ့။ ဖေဖေက ဖေဖေ ရန်ကုန်ရောက်ရင် အမြဲလိုလို တည်းခိုနေကျဖြစ်တဲ့ မဂ္ဂဇင်းတိုက်တစ်ခုရှိရာ လမ်းကိုပဲ ရည်ညွှန်းပြီး ၂၇ လမ်းကို သွားမှာပါလို့ ဖြေတော့ သူက သူနဲ့ လိုက်ခဲ့ပါတဲ့၊ လမ်းကြုံပါတယ်တဲ့၊ သူက ရွှေဘုံသာ လမ်းအထိ သွားမှာတဲ့။ မိတ်ဆွေက ပြောရင်းဆိုရင်းကနေပဲ လမ်းပေါ်မှာ အသင့်တွေ့လိုက်ရတဲ့ အငှားကားတစ်စီးကို တောင်မှ လှမ်းတားလိုက်ပြီးခဲ့ပါပြီ။ ဖေဖေ ဘယ်လို လုပ်ရမှာလဲ။

တကယ့် တကယ်တမ်းကတော့ သမီးရယ်၊ သူ ပြောတဲ့အတိုင်းကတော့ အမှန်ပါပဲ။ ဖေဖေ့ ၂၇ လမ်းကို ကျော်ပြီးမှ သူ့ ရွှေဘုံသာလမ်းကို ရောက်မှာလေ။ သူ့ အငှားကားနဲ့ ဖေဖေက လမ်းကြုံလိုက်သွားပြီး ၂၇ လမ်း ထိပ်မှာ ဆင်းနေခဲ့ရုံနဲ့တော့ သူ့မှာ ဘာမှ ဝန်ထုပ်ဝန်ပိုး ကြီးမှ ဖြစ်မသွားနိုင်ပါဘူး။ ဒါပေမဲ့လည်းလေ၊ ကားက သူ့အိမ်က လာကြိုတဲ့ကား မဟုတ်ဘူး သမီးရဲ့။ သူ ငွေပေးပြီး ငှားစီးတဲ့ကား။ သည်ကားပေါ်မှာ ဖေဖေက အခမဲ့ လမ်းကြုံလိုက်သွားဖို့ ဆိုတာကဖြင့် တကယ့်ကို နောက်ကျော မလုံချင်စရာ ကိစ္စကြီးလို့ ဖေဖေက ခံစားနေမိတယ်။ ဒါဖြင့်ရင် ကားခကို ဖေဖေက ထုတ်ပေးလိုက်ပေါ့လို့ ဆိုရအောင်လည်း သည်ခရီးနဲ့ သည်ခရီးကို ဖေဖေက ကားခ အပိုမကုန်ချင်လှ။

နောက်ဆုံးတော့ သမီးရယ်၊ သူလည်း ကားပေါ်

www.burmeseclassic.com



တက်ပြီးရော ဖေဖေက 'သွားနှင့်ဗျာ သွားနှင့်၊ ကျွန်တော် ဂိတ်မှာ စကားနည်းနည်း ပြောစရာရှိလို့' လို့ ဆိုကာ ဗွတ် အတင်းငြင်းလို့ လမ်းတစ်ဖက်ကို ဟန်မပျက် ကူးခဲ့လိုက် ရတယ်။ အင်းလေ ဖေဖေ့ မိတ်ဆွေတစ်ယောက် ရွှေဘုံသာ ကို လွတ်လပ်ပေါ့ပါးစွာ ရောက်သွားစမ်းပါလေ့စေ။ ၂၇ လမ်းကို ဖေဖေ မလိုက်ဖြစ်ခဲ့ချေဘူး။

(နှစ်)

ဝန်ထုပ်ဝန်ပိုး ဆိုတာမျိုးက ကိုယ်ကာယနဲ့ မချိမဆန့်ကြီး ထမ်းထား ပိုးထားရမှ လူတစ်ဖက်သားကို လေးလံဖိစီး စေတာ မဟုတ်ဘူး သမီးရဲ့။ စိတ်ကို လေးလံပင်ပန်းစေ တာဟာလည်း မလိုလားအပ်တဲ့ ဝန်ထုပ်ဝန်ပိုးတွေပဲလို့ သခင်မြပန်းခြံကနေ ၂၇ လမ်းအသွား လမ်းမတစ်လျှောက် မှာ ဖေဖေက အတွေးဝင်နေမိခဲ့တယ် သမီးရေ။ လောက ကို စေ့ငုတတ်တဲ့ မျက်လုံးတွေနဲ့ ကြည့်မယ်ဆိုရင်ဖြင့် သမီးတို့၊ ဖေဖေတို့ ဝန်းကျင်မှာက ဒါမျိုးတွေက တစ်ပုံ တစ်ပင်ပါ။

သမီး မှတ်မိဦးမလားတောင် မသိပါဘူး။ တစ်ခါ က ဖေဖေတို့နဲ့ ဆုံခဲ့ဖူးတဲ့ အိမ်နားနီးချင်း တစ်ယောက်ရဲ့ အကြောင်းလေ။ ဖေဖေ့အနေနဲ့ကတော့ သူကပဲ မသိတတ် လွန်းတာလား၊ ဖေဖေတို့ကပဲ တွန့်တိုလွန်းတာလား စဉ်းစား တောင် မရနိုင်လောက်အောင်ပါပဲ သမီးရယ်။ အဲသည့် အိမ်နီးချင်း ဖေဖေတို့အိမ်ကို စကားရော ဖောရောနဲ့ စပြီး ရောက်လာခဲ့တဲ့ နွေမနက်ခင်း တစ်ခုမှာ သမီးရဲ့။ ဈေးက အပြန် သူ့အိမ်ကိုတောင် တန်းမပြန်သေးဘဲ ဈေးခြင်း





တောင်းကြီး ဖေဖေတို့ အိမ်ရှေ့မှာ ချလို့၊ စပျစ်သီးခိုင်တွေ ဆွဲထုတ်တော့တာပါပဲ။ နေပူလွန်းလို့ တဲ့၊ စပျစ်သီးကြီးတွေ ကောင်းလို့ ဝယ်လာတာတဲ့၊ မိတ္ထီလာသီးတွေတဲ့၊ ယျော်တွယ် သီးတွေက ချဉ်လွန်းလို့တဲ့၊ ရေခဲသေတ္တာထဲ ထည့်ပေးထား စမ်းပါတဲ့၊ နေ့ခင်းကျမှ သူ လာယူမယ်တဲ့၊ ဆရာတို့လည်း စားချင် ယူစားတဲ့။ သမီးရယ်၊ ဖေဖေတို့က ထည့်ပေးထား လိုက်ပါတယ်။ စပျစ်သီးကလေး လေးငါးခိုင်နဲ့ ရေခဲသေတ္တာ ယိုင်နဲ့ မသွားနိုင်ပါဘူးလေ။ သည်လိုနဲ့ပဲ နောက်ရက်တွေမှာ တော့ စပျစ်သီးခိုင်ကလေးတွေမျှသာ မကပါဘူးလေ။ ငရုတ်သီးစိမ်းနဲ့ ကြက်သွန်ဖြူကလေး စားပြားရိုက်ကာ ဟိုတယ်ကြော် ကြော်စားရင် ကောင်းမယ်ဆိုတဲ့ ကန်စွန်း ရွက်စည်းကြီးတွေ၊ နွေသီးတွေက အချိုဖူးတယ် ဆိုတဲ့ သင်္ဘောသီးမှည့်ကြီးတွေ၊ အအေးဘူးတွေ၊ ရေဘူးတွေ လာ ထည့်ထားလိုက် ပြန်ယူသွားလိုက်၊ လာထည့်ထားလိုက် ပြန်ယူသွားလိုက်။ ဖေဖေတို့ရဲ့ ရေခဲသေတ္တာလေး ခမျာ လည်း ဖွင့်လိုက် ပိတ်လိုက်၊ ဖွင့်လိုက် ပိတ်လိုက်။

သမီးရယ်၊ ဖေဖေကတော့ ၂၇ လမ်းကို လိုက် မသွားခဲ့ပါဘူး။

(သုံး)

သမီးရယ်၊ တော်ရုံတန်ရုံ လူမှုဆက်ဆံရေး အသိုင်းအဝိုင်း ထဲမှာဆိုရင် အင်မတန်မှ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရပ်ကလေး တွေမို့ ဒါဟာ စိတ်ဆိုးစရာလား၊ ဒါမှမဟုတ် ရယ်ပဲ ရယ်စရာလားလို့တောင် ပြောမပြတတ်နိုင်တော့တဲ့ ဖြစ်ရပ် တွေကိုလည်း ဟိုး တစ်ခါက ဖေဖေတို့ ကြုံခဲ့ကြရသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကောလိပ်ကျောင်းထဲက ဝန်ထမ်းအိမ်ရာ တန်းလျား တစ်ခုမှာ ဖေဖေတို့ နေခဲ့ကြရတုန်းကလေ။ အညာက ကောလိပ်ကလေး တစ်ခုမှာတုန်းကပေါ့။ သူ့ပညာ၊ သူ့ရာထူးနဲ့ သူ့အကျင့်စရိုက်ဟာ ဘယ်လိုမှကို စပ်ဟပ်ကြည့်လို့ မရနိုင်စရာပါပဲ။

အဲ့သည့် ဆရာက သူများအခန်းမှာ ထမင်းအိုးဟင်းအိုးတည်မယ့် အချိန်ကို အမြဲတမ်း စောင့်ကြည့်နေသလားတောင် မပြောတတ်ပါဘူး သမီးရယ်။ တစ်ခန်းခန်းက ဆန်ဆေးပြီဆိုတာနဲ့ **'စောစောစီးစီး ချက်ပြီလားဟ၊ ကဲ...ကဲ ...တစ်ယောက်တည်း အားငယ်နေမှာစိုးလို့ဝင်ပြီး အားပေးလိုက်ပါဦးမယ်'**ဆိုပြီး သူ့ဆန် နို့ဆီတစ်ဘူးကို ခပ်ယူလာပြီ။ ပြီးရင် သူ့ဆန်ကိုပါ သူများထမင်းအိုးထဲ လောင်းထည့်ပြီး ရောချက်နိုင်းပြီ။ ကျက်ပြီဆိုတော့မှ သူ့ခွဲတမ်း ထမင်းကို သူ ခူးယူပြီ။ ဒါက ထမင်းချက်ချိန်တိုင်းလိုလိုမှာ သူ လုပ်နေကျ။ တစ်ခါတစ်ခါ ကျပြန်တော့လည်း အပြင်ကို ထွက်လုထွက်ဆဲ သူက ဘဲဥလေးအစ၊ ကြက်ဥလေးအစ ကိုင်ကိုင်လာရင်း **'ကိုယ့် အချင်းချင်းတွေကတော့ အားနာမနေတော့ဘူးဗျို့.... သွားစရာလေး ရှိနေလို့ ....ထမင်းအိုးတည်ရင်း ဒါလေးတွေ ပစ်ထည့်ထားလိုက်စမ်းပါဗျာ'**လို့ ဆိုကာ လုပ်လာတတ်ပြန်ရဲ့။ ကိုယ်ကတော့ သူ့ဘဲဥပြုတ်၊ ကြက်ဥပြုတ်ကို ဆယ်ထားဦး၊ ဖယ်ထားဦး။ သမီးရယ်၊ သူ့အခန်း ပတ်ဝန်းကျင်မှာ နေကြတဲ့ ဆရာတွေဆိုတာ သူနဲ့ တစ်ယောက်မှ မလွတ်ပါဘူး။ အပန်းကြီးလှတဲ့ ကိစ္စတော့ဖြင့်လည်း မဟုတ်ပေဘူးပေါ့ သမီးရယ်။



(လေး)

ဖေဖေတို့ရဲ့ မြန်မာစကားမှာ လှေကြုံစီးတယ်ဆိုတဲ့ စကား ရှိတယ် သမီးရဲ့။ သူများတကာ အားနဲ့ခွန်နဲ့ လှော်ခတ်လာရတဲ့ လှေကို လမ်းကြုံတားစီးတဲ့ အဖြစ်ကို ပြောတာလေ။ ချွေးတွေ ရွှဲနစ်နေအောင် လှော်နေ ခတ်နေရရှာတဲ့ လှေသမားရဲ့ မျက်နှာကို ဖေဖေတို့ ဘယ်လို ကြည့်ကြရမလဲ။ ဖေဖေ အားနာမိတယ်။ ဖေဖေ့ကိုယ် ဖေဖေ ပြောရဲတာကတော့ ဖေဖေ လှေကြုံမစီးချင်ဘူး။ သူများ ထမင်းအိုးထဲကိုလည်း ကိုယ့်ဆန် သွားလောင်းမထည့်ချင်ဘူး။ သူများ ရေခဲသေတ္တာထဲမှာလည်း ကိုယ့်စပျစ်သီးနိုင် သွားထည့်မထားချင်ဘူး။ ပြီးတော့ ၂၇ လမ်းကိုလည်း ဖေဖေ လိုက်မသွားချင်ပါဘူး သမီးရယ်။

[ ချယ်ရီ၊ နိုဝင်ဘာ ၁၉၉၈ ]

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်စည်ပိုင်းကြီးများ လျှံကျနေကြပါသည်

### (တစ်)

သမီးရေ....။

ဖေဖေတို့၊ သမီးတို့ မိတင်းနေထိုင်ကြရာ ဟောဒီလူ့အဖွဲ့အစည်းကြီးထဲမှာက သူဟာလည်း လူတစ်ယောက်ပါလို့ ဆိုကာ ဘဝတစ်သက်တာ ဝင်ရောက် ဖြတ်သန်းသွားကြတဲ့ တချို့ တချို့သော လူတွေမှာဖြင့် မယုံကြည်နိုင်လောက်အောင်ကို ကျောက်စည်ပိုင်းကြီးတွေထဲက ရေတွေ လျှံကျနေခဲ့ပါတယ်လို့ဆိုရင် သမီးတစ်ယောက် အံ့သြသွားလေမလားပါပဲ။ ဟုတ်တယ် သမီးရဲ့၊ တချို့ တချို့သော လူတွေရဲ့ နှလုံးသားထဲက ကျောက်စည်ပိုင်းကြီးတွေဟာ လျှံလျှံပြီး ကျနေလိုက်ကြတာ၊ ဖေဖေဖြင့် ဘယ်လိုမှ မယုံကြည်နိုင်လောက်အောင်ပါ သမီးရယ်။

အင်းလေ၊ သည်တုန်းက သမီးက ခပ်ငယ်ငယ်ပဲ ရှိသေးတာမို့ ဖေဖေ ပြောတဲ့ အဖြစ်အပျက်ကို မှတ်မိချင်မှ တောင် မှတ်မိပါလိမ့်မယ်။ ဒါပေမဲ့ ဖေဖေ့ရင်ထဲမှာတော့ တစ်သက်တာ မမေ့စတမ်းပါပဲ။ ပြန်စဉ်းစားမိလိုက်တိုင်း ဖေဖေ့ မျက်လုံးထဲမှာ ကျောက်စည်ပိုင်းကြီးက ရေတွေ လျှံကျလို့။





ဩော်....ရေတွေ....ရေတွေ။

ဖေဖေတို့တစ်တွေ နယ်ကောလိပ်ကလေးတစ်ခုရဲ့ ရှေ့က ရပ်ကွက်ကလေးထဲမှာ နေခဲ့စဉ်တုန်းက စီးကျနေခဲ့ကြတာလေ။

### (နှစ်)

သည်တစ်ခါ ဖေဖေတို့တစ်တွေ နယ်ကောလိပ်ကျောင်းကလေးတစ်ခု ရှိရာကို ပြောင်းခဲ့ရတဲ့ အချိန်တုန်းက ကျောင်းဝင်းထဲမှာ နေခွင့်မရခဲ့ဘူး သမီးရဲ့။ အထဲမှာ အိမ်ခန်းတွေ မလွှတ်လို့ဆိုလား ပြောလာတဲ့အတွက် ကျောင်းရှေ့ တည့်တည့်က အိမ်ကလေးတစ်လုံးကိုပဲ ဖေဖေတို့ ငှားနေခဲ့ကြရတယ်လေ။ မြို့စွန် ရပ်ကွက်ကလေးလည်းဖြစ်၊ လူနေအိမ်ခြေ ကလည်း ခြံနဲ့ ဝန်းနဲ့ ကျဲပါးလှတဲ့အတွက် နေရထိုင်ရတာ ကိုယ်စိတ်နှလုံး လွတ်လပ်ချမ်းမြေ့စရာ နေရာကလေးပါပဲ။ တစ်ခုရှိတာက တည်ဆောက်ခါစ ရပ်ကွက်ကလေးဖြစ်လို့ ရေကိစ္စမှာ အဆင်အပြေကြီး မဟုတ်လှတာပါပဲ။ အိမ်တိုင်း အိမ်တိုင်းမှာ ရေမရှိလို့ အနီးဆုံး အဝီစိတွင်းရှိရာ အိမ်ကနေ ရေပိုက်တွေနဲ့သွယ်ပြီး ရေယူကြရတယ်။ တစ်လကို ငွေ ၃၀၀ ကျပ်တဲ့။ တစ်နေ့ကို တစ်အိမ်အတွက် ၁၀ မိနစ်စီ မောင်းပေးတယ်။ တစ်နေ့မှ ၁၀ ကျပ်ပဲ ကျတာမို့ သုံးပျော်ပါတယ် သမီးရယ်။ သူ့အဝီစိတွင်းထဲက ရေက ကိုယ့်တိုင်ကီထဲ အရောက်လေ။

ဖေဖေတို့ကတော့ မလှမ်းမကမ်းမှာ ရှိတဲ့ ဆရာဝန်တစ်ယောက်ရဲ့ အိမ်ကပဲ ရေ ယူလိုက်တယ်။ ဖေဖေတို့ ပတ်ဝန်းကျင်မှာက သည်ဆရာဝန်ရဲ့ အိမ်ကပဲ ယူများကြတယ်လေ။ ရေကောင်းလို့ တဲ့။

www.burmeseclassic.com

## (သုံး)

သမီးရေ....။

ဖေဖေတို့ ဘယ်လိုမှ မျှော်လင့်မထားတဲ့ နေ့တစ်နေ့ရဲ့ ရေပေးချိန်မှာတော့ ဘယ်လိုမှ ထင်မှတ်ထားစရာ မကောင်းတဲ့ မြင်ကွင်းကစ်ခုကို သမီးရော၊ ဖေဖေပါ တွေ့ခဲ့ကြရတော့တာပါပဲကွယ်။ သည်တုန်းက ခပ်ငယ်ငယ်သာ ရှိသေးတဲ့ သမီးကတော့ မှတ်တောင်မှ မှတ်မိပါတော့မလားပဲ။

အဲသည့်နေ့က ဖေဖေရယ်၊ သမီးရယ်ပေါ့။ နှစ်ယောက်သား ဖေဖေတို့နဲ့ ကပ်လျက်က ခြံထဲကို ဝင်ဖြစ်ခဲ့ကြတယ်။ လက်ထဲမှာက ဖေဖေတို့ရဲ့ ခြံထွက် ဘူးသီးစိတ်ကြီးတွေ ကိုင်လို့။ ခြံချင်းကပ်နေပေမဲ့ မေးထူး ခေါ်ပြောပြုံးပြ နှုတ်ဆက်တာက လွဲလို့ တစ်ခါမှ ဝင်ဟယ်၊ ထွက်ဟယ်၊ ရောဟယ်၊ စွက်ဟယ် မနေလာဖူးတဲ့အတွက် ဝင်သာလာခဲ့ရတယ်၊ ဖေဖေတို့မှာက မဝံ့မရဲ ပါပဲ။ ဖေဖေတို့တစ်တွေ ခြံထဲ ရောက်သွားတော့ အိမ်ရှင် အမျိုးသမီးကလည်း ခြံထဲမှာရှိချိန်မို့ ဘူးသီးစိတ် ပေးဖို့ရာ အဆင်သင့်ဒါနဲ့ ဖေဖေတို့လည်း ပါလာတဲ့ ဘူးသီးစိတ်တွေ ပေးပြီး အာလာပသလ္လာပ နည်းနည်းပါးပါး ပြောကာ ပြန်ကြမယ်လို့ အလုပ်မှာတော့ ခြံထောင့်မှာ ချထားတဲ့ ကျောက်စည်ပိုင်း ရှိရာကို ဖေဖေ မျက်စိရောက်သွားမိတယ်။

သြော်...သည်နေရာကလေးက ရေချိုး၊ အဝတ်လျှော်လုပ်ရာ နေရာကလေးမို့ ထင်ပါရဲ့။ သစ်ပင်ရိပ်ကလေးနဲ့၊ မြက်ပင်စိမ်းစိမ်းကလေးနဲ့၊ ရေနဲ့ မိုးနဲ့ လန်းဆန်းချင်တိုင်း လန်းဆန်းနေတဲ့ နေရာကလေး။ ကျောက်စည်ပိုင်း နှစ်ခုက





မြေမှာ ချလို့။ ဟိုး တစ်ခြံကျော် ဆရာဝန်အိမ်ကအနေ့ထွယ်ထားတဲ့ ရေပိုက်တစ်ချောင်းကလည်း ကျောက်စည်ပိုင်းထဲမှာမြုပ်ကာ ရေတွေ လျှံကျလို့။ သည်မှာတွင်ပဲ ဖေဖေက မနေနိုင်မထိုင်နိုင် ရေတွေ ပြည့်ပြီး လျှံကျနေပြီဆိုတာကို ပြောမိခဲ့ပါသော်ကော သမီးရယ်။

အင်း....လောက လောက၊ ဖေဖေတို့ သမီးတို့ရဲ့ လောက။ မယုံကြည်နိုင်လောက်အောင် အံ့သြစရာ ကောင်းသော လောကပါလား သမီးရယ်။ ဖေဖေ့စိတ်ထဲမှာ ထင်နေတာက ကျောက်စည်ပိုင်းထဲမှာ ရေတွေ လျှံကျလို့ လျှံကျနေမှန်း မသိလို့သာ ရေပိတ်နိုင်းဖို့ မေ့နေခဲ့တာလို့ ထင်နေမိခဲ့တာ။ ခုတော့ သူက သိသိကြီးနဲ့ တမင် ထားတာလို့ ဆိုပါလား။

'ဟုတ်တယ်ရှင့်၊ အချိန်မပြည့်သေးလို့ ထားထားတာပါ'တဲ့။

သြော်....လောက လောကလို့သာ ဖေဖေက ထပ်ဆင့် ရေရွတ်မိချင်ပြန်တာပါပဲ သမီးရယ်။ သမီးရော ဖေဖေတို့ အဲသည့်နေ့က မပြန်ခင်ကလေးမှာ ခြံရှင် အမျိုးသမီး ဆက်ပြောနေတဲ့ စကားတွေပေါ်မှာ ဖေဖေ အကဲဖမ်းလို့ရတာက ဆရာဝန်အိမ်က ရေပေးချိန် ၁၀ မိနစ်နဲ့ တစ်လကို ငွေ ၃၀၀။ မိသားစုများတဲ့ အိမ်တွေအတွက်က ၁၀ မိနစ်လုံးလုံး ရေယူမှ လုံလောက်ပေမဲ့ သူတို့ ဓနီးမောင်နှံ နှစ်ယောက်တည်း အတွက်ကျတော့ ၁၀ မိနစ်စာ မောင်းပေးတဲ့ ရေဟာ မလိုအပ်ရုံမက ထည့်သိုထားစရာ နေရာမရှိ။ သည်တော့ ၁၀ မိနစ် ပြည့်အောင် မယူဘဲနဲ့ တစ်လကို ငွေ ၃၀၀ သူများနည်းတူ ပေးနေရတယ်ဆိုတာ သူတို့

www.burmeseclassic.com



အတွက် နှစ်နာမှု။ ဒါကြောင့် အိုးတွေ ခွက်တွေကအစ အကုန်ပြည့်အပြီး၊ သစ်ပင်ပန်းပင်တွေ အကုန်လောင်းအပြီး ဖြစ်ပေမဲ့ ၁၀ မိနစ် မပြည့်မချင်း ကျောက်စည်ပိုင်းထဲမှာ ရေပိုက်ကို နှစ်ချထားလိုက်တယ်။ ရေတွေက တသွင်သွင် လျှံကျလို့။

၁၀ မိနစ် ပြည့်ချင်ပြည့်၊ မပြည့်ချင်နေ ကိုယ့်အိမ်က ထည့်စရာထဲမှာ ရေပြည့်ပြီဆိုတာနဲ့ တစ်ဖက်ခြံဆီကို လှမ်းကာ 'မမ ပပရေ၊ ရေပြည့်ပြီ'လို့ ဆရာဝန့်သမီးကို အော်အော်ပြောတတ်တဲ့ သမီးကတော့ အိမ်နီးချင်း ခြံဝင်းထဲက ကျောက်စည်ပိုင်းတွေကို လှမ်းကြည့်လို့။ ဟုတ်တယ် သမီးရယ်၊ ဖေဖေတို့ ကမ္ဘာမြေကြီးပေါ်မှာက တချို့ တချို့သော ကျောက်စည်ပိုင်းကြီးတွေဟာ လျှံကျ နေခဲ့ကြပါတယ်လေ။

(လေး)

သမီးရေ....။

တစ်ခါကလည်း ဟိုး နယ်တစ်နယ်က ကောလိပ်ကျောင်းကလေး တစ်ခုကို ဖေဖေ ရောက်သွားခဲ့ဖူးသေးတယ်။ အဲသည့်တုန်းကလည်း ကျောက်စည်ပိုင်းကြီးတွေ ရေလျှံနေတာနဲ့ ဖေဖေ ဆုံခဲ့ဖူးသေးတာပေါ့။

အဲ့သည့် ကောလိပ်ကလေးမှာက ဆရာ ဆရာမတွေကို အဝေးကပဲ ဖြစ်ဖြစ်၊ နယ်ခံပဲ ဖြစ်ဖြစ် အိမ်ခန်းတွေ ပေးတယ်လေ။ အကုန်လုံးပဲပေါ့။ ဆရာတွေ ဆရာမတွေဟာ ကိုယ့်ဝေစုအခန်းကို ကိုယ်ယူလိုက်ကြတာ။ ဒါပေမဲ့ သမီးရဲ့၊ ဝန်နဲ့အား မျှနေတဲ့ အချိန်တုန်းက မြို့ထဲမှာ အိမ်ရှိပါလျက်နဲ့ ကိုယ့်ဝေစုအခန်းကို ကိုယ်ယူထားပြီး သော့ခတ်





ထားတာဟာ အရုပ်မဆိုးလှပေမဲ့ အဝေးက ရောက်လာတဲ့ ဆရာ ဆရာမ အင်အား များလာတဲ့အခါ ကျောင်းထဲမှာ နေစရာ မရှိလို့ ဟိုပြေး ငှားရ၊ သည်ပြေး ငှားရ ဖြစ်လာတဲ့ အချိန်အထိ နေရန်မလိုသော ကိုယ့်ဝေစု အခန်းကို သော့ခတ်ထားတာဟာလည်း ကျောက်စည်ပိုင်းကြီးတွေ ရေလျှံကျ နေကြတာပဲလို့ ဖေဖေတော့ ခံစားမိတယ်။

တစ်ခါတုန်းကလည်း သမီးရဲ့၊ တစ်လမှ လစာထဲကနေ ငွေ ၄၀ ပဲ ဖြတ်တယ်ဆိုတဲ့ အဆင့်မြင့် ဝန်ထမ်းအိမ်ခန်းကလေး တစ်ခုဆီကို ဖေဖေ ရောက်သွားခဲ့ဖူးသေးတယ်။ နေ့ခင်းကြောင်တောင်ကြီးမှာ မီးချောင်းတွေက ထိန်ထိန်လင်းလို့။ လူရင်းတွေမို့ ထင်ပါရဲ့၊ အိမ်ရှင်မ လုပ်သူက ဖေဖေ့ကို အတည်လိုလို နောက်သလိုလိုနဲ့ ပြောလာပြန်တာက ကြည့်ပါဦး။

'ဆရာရေ၊ မီးချောင်းတွေ ဖွင့်ထားလို့ အံ့သြမနေနဲ့၊ ဒီမှာက မဖွင့်လည်း လေးဆယ်၊ ဖွင့်လည်း လေးဆယ် မထူးဘူး'တဲ့။

ဩော်....ကျောက်စည်ပိုင်းကြီးတို့ ရေလျှံကျနေပုံတွေလေ။ နောက်တစ်ခါ ဖေဖေ ဆုံခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုကတော့ လက်ဖက်ရည်ဆိုင်ကလေးထဲက အဖြစ်အပျက် တစ်ခုပါ။ အဲသည့်နေ့က ဖေဖေတို့ မိတ်ဆွေတစ်စုကို လူတစ်ယောက်က လက်ဖက်ရည် တိုက်ပါတယ်။ မုန့်လည်း ကြိုက်တာစားပေါ့။ ထုံးစံအတိုင်းပေါ့ သမီးရယ်၊ ပြောကြ ဆိုကြ၊ ရယ်ကြ မောကြ၊ စားကြ သောက်ကြ။ ဒါနဲ့ ခဏကြာတော့ ဖေဖေတို့ကို ပြုစုသူက နိုင်ငံခြား စီးကရက်ကို ထုတ်တိုက်ပါတယ်။ သူက စီးကရက်ဘူးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားပြီး လှည့်ဝေတာဆိုတော့ သောက်တတ်တဲ့ သူတွေက တစ်လိပ်စီ လှမ်းယူပြီး ထားလိုက်ရုံပါပဲ။ အဲသည့်မှာ သမီးရေ၊ ထူးဆန်းတာ တစ်ခုကတော့ ဘယ်တုန်းကမှ ဆေးလိပ်မသောက်တဲ့ ဖေဖေ့မိတ်ဆွေ တစ်ယောက်က လည်း စီးကရက်တစ်လိပ်ကို လှမ်းယူထားလိုက်ကာ မီးညှိ ဖွာရှိုက် နေတော့တာပါပဲ။ သူ့ကို ကြည့်ရတာ သူများတွေ တစ်လိပ် သောက်ရင် သူလည်း တစ်လိပ်သောက်ထိုက် တယ် ဆိုတဲ့ ဝေစု စိတ်ဓာတ် ပွားများနေတဲ့ ပုံပါ။

အင်းလေ....ဒါဟာလည်း ကျောက်စည်ပိုင်းကြီး တွေ လျှံကျနေပုံ တစ်မျိုးပါပဲလေ။

(ငါး)

သမီးရေ.....။

ဖေဖေတို့ ကမ္ဘာမြေပေါ်မှာကတော့ မသောက် တတ်ဘဲနဲ့ မှုတ်ထုတ်လိုက်တဲ့ ဆေးလိပ် မီးခိုးတွေ တငွေ့ ငွေ့ တက်လို့။ မမှောင်ဘဲနဲ့ ထွန်းထားတဲ့ မီးချောင်းတွေ ထိန်ထိန်လင်းလို့။ မနေဘဲနဲ့ ယူထားတဲ့ အခန်းတွေမှာ သော့တန်းလန်း ချိတ်လို့။ ပိုက်တန်းလန်း ထည့်ထားတဲ့ ကျောက်စည်ပိုင်းကြီးတွေမှာလည်း ရေတွေက တစိမ့်စိမ့် နဲ့ စီးကျလို့ပါပဲ သမီးရယ်။

[ ရှုမဝ၊ ဒီဇင်ဘာ ၁၉၉၈ ]

## အခု မလွှမ်းနဲ့ဦး

(တစ်)

'ဟိတ် မိသက်'

'ဟောတော့ စိုး စိုးရယ်၊ တကယ် တကယ် စိုး ကို မြင်ကို မမြင်တာ၊ ကြည့်ပါဦး အားနာဖို့ ကောင်းလိုက် တာ'

'သိပါတယ်၊ မခေါ်ချင်လို့ မမြင်ဟန်ဆောင်နေ တာပါ'

'စိုးနော် ဟွန်း၊ တကယ် မမြင်လို့ဟာကို၊ သိတယ် မို့လား... ဈေးထဲရောက်တာနဲ့ ကိုယ့်အတွေးနဲ့ကိုယ် ဘာ ဝယ်ရမလဲ၊ ဘာချက်ရမလဲနဲ့ ခေါင်းတွေကို မူးပြီး နောက် ရော'

'ယုံပါတယ် နောက်တာပါ၊ စိုးလည်းလေ ဖြစ်နိုင် ရင် ဈေးကို မထွက်ချင်တာ။ တစ်နေ့ တစ်နေ့ ကြက်သား ရယ်၊ ဝက်သားရယ်၊ ငါးရယ် ဒါနဲ့ လည်နေတာပဲ။ သြော် ဒါနဲ့ ဟိုနေ့က ကြီးကြီးတစ်ယောက် မူးလို့ဆို'

'ထုံးစံလေ၊ မေမေကတော့ အုန်းနို့လေး နည်းနည်း လောက် စားတာနဲ့ မူးတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် မိသက်ရယ်၊ စိုးတို့ အိမ်မှာလည်း ဒီလိုပဲ၊ လူကြီးတွေကလည်း မတည့်ပါဘူးဆိုမှ ပါးစပ်တပြင်ပြင်နဲ့။ တစ်ခါတစ်ခါလေ စားချင်တာ စားကြစမ်း၊ ဖြစ်ရင် မညည်းနဲ့ဆိုပြီး ကျွေးထည့်လိုက်ချင်မိတယ်။ ဒါနဲ့ မိသက် ဝ လာသလားနော်၊ မျက်နှာကလေးကို ပြည့်လို့'

'စိုးရယ်၊ ဆင်းရဲဇာတာပါတယ်လေ သိတယ်မို့ လား၊ ပင်ပန်းလေလေ ဝလေလေ။ ဩော် ဒါနဲ့ စိုး လူရော ထွက်သွားပြန်ပြီလား'

'တစ်နှစ်မှာ အိမ်မှာ ဘယ်နှလ နေရလို့လဲ သက်ရယ်၊ သက်မို့ ပြောရဦးမယ်'

အင်း၊ အဲဒါတွေကတော့ အဲသည့်နေ့က ကြားခဲ့ရတဲ့ စိုးနဲ့ သက်ဟု ဆိုလေသော အမျိုးသမီး ခပ်ရွယ်ရွယ် နှစ်ယောက်ရဲ့ မဆုံးနိုင်စတမ်းသော အပြန်အလှန် ပြောစကားတွေ ပါပဲလေ။

သမီးရေ....။

မေမေ အပေါ်မှာ ချရေးပြထားခဲ့တဲ့ စကားတွေကို ကြားခဲ့ရတဲ့ နေရာကတော့ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်ရဲ့ စားပွဲခုံမှာ မဟုတ်ပါဘူး။ ပြီးတော့ ဧည့်ခန်းဆောင် တစ်ခုထဲမှာလည်း မဟုတ်ဘူး။ စိတ်အေးလက်အေးနဲ့ စကားဝိုင်းဖွဲ့ကြရာ သစ်တစ်ပင်ရိပ် အောက်မှာလည်း မဟုတ်ဘူး။ နှစ်ကိုယ်ကြား တွတ်ထိုးလေ့ရှိကြရာ စကြံလမ်း အကွေ့အချိုးကလေးမှာလည်း မဟုတ်ဘူး။

သမီးရယ်... ဈေးသည်တွေ၊ ဈေးဝယ်တွေ၊ ဈေးရောင်းတွေ၊ အထမ်းတွေ၊ အရွက်တွေ၊ အသယ်တွေ၊ အမတွေနဲ့ ခြေချင်းလိမ်အောင် ရှုပ်ယှက်ခတ်နေကြတဲ့





ဈေးကြီးတစ်ခုထဲက ပုစွန်တွေ၊ ငါးတွေ ရောင်းတဲ့ အစ်မကြီး တစ်ယောက်ရဲ့ ဆိုင်ကလေးရှေ့ တစ်နေရာမှာပါ။ ဆိုင်က စည်ပင်သာယာဈေးတွေရဲ့ ထုံးစံအတိုင်း လူ့ဒူးသာသာလောက်မြင့်တဲ့ ဈေးတန်းရှည်ကြီးပေါ်မှာ လေးပေလောက် တစ်ခန်းစာယူပြီး ရောင်းတဲ့ ဆိုင်ကလေးပါ။ သူ့ဝဲယာမှာကလည်း တခြားသားငါး ရောင်းတဲ့ ဆိုင်တွေက ညှပ်ထားတော့ သည်ဆိုင်ကလေး ရှေ့မှာ လူနှစ်ယောက်လောက် ရပ်လိုက်တာနဲ့ ဆိုင်က ပိတ်သွားပြီ။ ဆိုင်ကလေးက ကျဉ်းကျဉ်းကလေးပေမဲ့ မြစ်ငါး မြစ်ပုစွန်တွေကြီးပဲ သန့်သန့်ရောင်းလို့ ထင်ပါရဲ့။ သူ့ဆိုင်မှာက အမြဲတမ်း လူစုလူဝေးနဲ့။

အဲသည့်နေ့က မေမေ အဲသည့် ဆိုင်ရှေ့ကို ရောက်သွားတော့ မေမေ့လိုပဲ ဈေးဝယ်ဖို့ စောင့်နေတဲ့ အမျိုးသမီးလေးငါးယောက်က နောက်ဘက်မှာ ရုရု ရုရုနဲ့။ ဆွဲခြင်းလေးတွေ ကိုယ်စီကိုင်လို့။ မျက်နှာတွေကတော့ စိတ်မရှည်နိုင်ခြင်း၊ အလိုမကျခြင်းတွေနဲ့ စွန်းထင်းလို့။ ဟို စိုးနဲ့ သက်ဆိုတဲ့ အမျိုးသမီးနှစ်ယောက်ကတော့ ဆိုင်ခန်းမျက်နှာစာ အပြည့် ပိတ်ရပ်ပြီး ပုစွန်တုပ်တွေကို ရွေးနေရင်း တန်းလန်းကနေ မေမေ အစက ရေးချပြခဲ့သလို ပြောမဆုံးပေါင်တောသုံးထောင်လေ။ ဘယ်သူ့ကိုမှလည်း လှည့်မကြည့်ဘူး။ မေမေ အပါအဝင် မြစ်ပုစွန်တုပ် စိမ်းစိမ်းကြီးတွေ ဝယ်ဖို့ စောင့်နေတဲ့ ဈေးဝယ် လေးငါးယောက်ကတော့ သူတို့ နှစ်ယောက်ကြား ဇွတ်ဝင်တိုးဝယ်ရမှာလည်း အခက်၊ ဘေးဆိုင်တွေရှေ့မှာ သွားပိတ်ရပ်ပြီး ကျူးကျူးကျော်ကျော် လှမ်းဝယ်ရမှာလည်း အခက်နဲ့။ ငါးပုစွန်သည် အစ်မကြီး



www.burmeseclassic.com

www.burmeseclassic.com



ခများကတော့ ဖေဖေတို့ကို လှမ်းလှမ်းကြည့်ရင်း အားနာလို့ ထင်ပါရဲ့ မျက်နှာမကောင်းလှဘူး။ အင်းလေ သူ့နေရာက ကျပြန်တော့လည်း ကိုယ့်ဆိုင်မှာ လာဝယ်နေတဲ့ သူနှစ်ယောက်ကို ခဏ ဘေးဖယ်ပေးဖို့ ဘယ်ပြောဖြစ်ပါ့မလဲ။ ဘေးကျပ်နံကျပ် ဖြစ်လိုက်ရတာ သမီးရယ်။

တကယ်တမ်းကတော့ သမီးရဲ့၊ အဲသည့် စိုးနဲ့ သက်ဆိုတဲ့ အမျိုးသမီး နှစ်ယောက်ဟာ ဘယ်နေရာမှာ လွမ်းချင်းချရမယ်ဆိုတာကို သူတို့ကိုယ်သူတို့ နေရာချတတ်ကြဟန် မတူပါဘူး။ သူတို့တွေမှ မဟုတ်ပါဘူးလေ။ ဖေဖေတို့၊ သမီးတို့ တော်တော်များများဟာ ဘယ်နေရာလောက်မှာ မတ်တတ်ရပ်ကြမယ်၊ ဘယ်နေရာလောက်မှာ ထိုင်ကြမယ်၊ ဘယ်နေရာလောက်မှာ စကားဆိုကြမယ် ဆိုတာကို ခေါင်းထဲမှာ အချိန်ပေးကြဟန် မတူပါဘူး။ ကြုံသလိုရပ်၊ ကြုံသလိုထိုင်၊ ကြုံသလို စကားပြောနဲ့ ဘေးလူတွေ ကိုယ့်ကြောင့် ဘယ်လောက် စိတ်မောကြရတယ် ဆိုတာကို တွက်မိကြပုံ မရပါဘူး။ တကယ်တော့ ဒါဟာလည်း အနုပညာ ခေါင်းပါးခြင်း တစ်ရပ်လို့ ဖေဖေကတော့ ယူဆချင်မိပြန်တယ်လေ။

## (နှစ်)

သမီးရေ....။

ဖေဖေ့တစ်သက်နဲ့ တစ်ကိုယ်မှာဖြင့် ရပ်ရင်လည်း စနစ်တကျ၊ ထိုင်ရင်လည်း စနစ်တကျ၊ သွားရင်လည်း စနစ်တကျ၊ လာရင်လည်း စနစ်တကျ၊ ပြောရင်လည်း စနစ်တကျ၊ ဆိုရင်လည်း စနစ်တကျနဲ့ ကိုယ့်ကိုယ်ကိုယ်





အနုပညာ ပစ္စည်းတစ်ရပ်လို လှနေအောင် နေရာချတတ်တဲ့ လေးစားဖွယ် လူပုဂ္ဂိုလ် တချို့တလေကိုလည်း တွေ့ခဲ့ဖူးပါတယ်။

ဟိုးတစ်ခါက လူတွေနဲ့ ပြည့်ခဲနေတဲ့ မြို့တော်ရဲ့ ပလက်ဖောင်း ကျဉ်းကျဉ်းကလေးတစ်ခုပေါ်မှာ ငယ်ပေါင်း မိတ်ဆွေတစ်ယောက်နဲ့ ပြန်ဆုံဖူးတယ်။ သူက တွေ့တာနဲ့ ဖေဖေ့နာမည်ကို အော်ခေါ်နှုတ်ဆက်ကာ ဖေဖေ့လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လို့။ ဖေဖေကလည်း ဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲ၊ ဘယ်အခြေအနေလဲ၊ အိမ်ထောင်ကျပြီလား၊ သားသမီး ဘယ်နှယောက်လဲ၊ ကျောင်းနေကြပြီလားဆိုတဲ့ မေးခွန်းတွေကို မေးဖို့ အဆင်သင့်။ ဒါပေမဲ့ သူက ဘာမှ မပြောလောက်တဲ့ အချိန်တို ကလေးအတွင်းမှာကိုပဲ သူ့အရှိန်နဲ့သူ ရွေ့မျောသွားနေကြတဲ့ လူစီးကြောင်းကြီးက ဖေဖေတို့နှစ်ယောက်ကို ကွေ့ကာဝိုက်ကာ သွားလိုက်ရတဲ့ အတွက် ဟန်ချက် ပျက်သွားပုံရတာကို အားနာဟန်နဲ့၊ ရှေ့နောက်ဝဲယာ ပြူးပြဲလိုက်ပြီး ဖေဖေ့ကို လမ်းဘေး အကျဆုံး နေရာကို ဆွဲခေါ်သွားကာ အားလုံးနဲ့ လွတ်တော့မှ "ကဲ မေးလိုရာ မေးပေတော့"ဆိုတဲ့ ပုံစံနဲ့ အဆင်သင့်။ သမီးရေ၊ ဖေဖေတို့တစ်တွေ အဲသည့်နေ့က ပလက်ဖောင်း အစပ် တိုက်နံရံဘေးမှာ ကပ်ကာ စကားလက်ဆုံ ပြောမကုန်နိုင်တာနဲ့ အနီးဆုံး ကော်ဖီဆိုင်ကလေးထဲ ထိအောင်ကို ဆောင် ရောက်သွားခဲ့ကြပါသေးတယ်။ လွမ်းပေတော့ပေါ့။

ဟိုး တစ်ခါတုန်းက ကျပြန်တော့လည်း နယ်မြို့ကလေး တစ်မြို့မှာ စီးနေကျ စက်ဘီးကလေးကို စီးဖို့ မြို့ထဲဘက်ကို ဖေဖေ ထွက်ဖြစ်ခဲ့ဖူးတယ်။ ထွက်နေကျ

www.burmeseclassic.com



ညနေခင်း လက်ဖက်ရည် သောက်ချိန်မှာလေ။ နယ်မြို့ကလေးမို့ လမ်းကလည်း ကျဉ်း၊ ရုံးဆင်း ကျောင်းဆင်းချိန်မို့ လူသွားလူလာကလည်း ရှုပ်ထွေးနေတဲ့အတွက် စက်ဘီးကို တဖြည်းဖြည်းချင်း နင်းသွားလိုက်တာ၊ တစ်နေရာကျတော့ နောက်က စက်ဘီးတစ်စီးက ဖေဖေ့ကို မီလာပါရော၊ ဖေဖေနဲ့ လက်ဖက်ရည်ဆိုင်မှာ ဆုံနေကျ ဖေဖေ့ မိတ်ဆွေလေ။

သူက ဖေဖေနဲ့ ခဏကလေး ရင်ပေါင်တန်း နင်းနေရာက ရှေ့ကို ကျော်နင်းလိုက်ကာ **'ဆရာရေ ရှေ့ နောက်နင်းလိုက်ရအောင်၊ Hello ကျမှ စကားပြောကြတာပေါ့'** တဲ့။ ဖေဖေ့မှာ ပြောနေကျ စကားတောင် လက်စမသိမ်းလိုက်ရဘူး။ ဟုတ်ပါနဲ့၊ ရှေ့နောက်နင်းလိုက်တော့လည်း ဖေဖေတို့ကြောင့် လမ်းက ပိုကျယ်သွားသလိုပါပဲ။

(သုံး)

သမီးရေ....။

ဖေဖေတို့၊ သမီးတို့ တစ်တွေဟာ သူ့လမ်းကြောင်းနဲ့သူ၊ သူ့အရှိန်နဲ့ သူ ရွေ့လျားသက်ဝင်နေကြတဲ့ သူသူငါငါ ဘဝလမ်းကြောင်းတွေကို ကိုယ့်ရဲ့ မသိသား ဆိုးရွားမှုကြောင့် တန့်မသွား ဟန့်မသွားစေသင့်ဘူး။ အဲသည့်လို တန့်မသွား ဟန့်မသွားအောင် ကိုယ့်ကိုယ်ကိုယ် ဘယ်နေရာမှာ ရှိရမယ်လို့ နေရာချထားတတ်တာဟာ အနုပညာလေ။ အနုပညာဆိုတာ လောကကို လှစေတဲ့ အရာပေါ့။

ငါးပုစွန်ဆိုင်ကလေးရဲ့ ရှေ့မှာ ပိတ်ရပ်ပြီး စကားဖောင်ဖွဲ့နေကြတဲ့ အမျိုးသမီးနှစ်ယောက်ကြောင့် နောက်





က ဈေးဝယ်သူတွေရဲ့ လမ်းကြောင်း [illegible] သွားရသလဲ။ ဝယ်ချင်တာကို ခပ်သွက်သွက် အရင်ဝယ်ပြီး အချင်းချင်း လက်တို့သွားပြီးမှ တော်ရာလျော်ရာ ဈေးလမ်းဘေး တစ်နေရာရာမှာ စိုးတို့ သက်တို့ လုပ်ကြရင် မကောင်းပါလား။

ခုတော့ ပလက်ဖောင်း ကျဉ်းကျဉ်းကလေးပေါ်မှာ ဝိုင်းဖွဲ့ရပ်နားပြီး စကားပြောတဲ့သူက ပြောလို့။ သူတို့ကို ကွေ့ကာပတ်ကာ ရှောင်ကာတိမ်းကာနဲ့ ခရီးနှင်တဲ့ သူက နှင်လို့။ တချို့ကလည်း စက်ဘီး သုံးလေးစီး ရင်ပေါင်တန်းကာ အလွှမ်းသယ်သူတွေက သယ်လို့။ ဒါကို တခြားစက်ဘီးတွေက နောက်ကပဲ လိုက်ရနိုး၊ ကျော်ပဲ တက်ရနိုးနဲ့ အကျပ်ရိုက်သူက ရိုက်လို့။

သမီးရယ်....။

တော်ရာမှာ လျော်စွာ လွှမ်းကြရအောင်လား။

[ ချယ်ရီ၊ ဒီဇင်ဘာ ၁၉၉၈ ]

www.burmeseclassic.com

www.burmeseclassic.com

## ဆိတ်ငါးကောင်တို့ သယ်လေရာ

(တစ်)

သမီးရေ....။

ဘဝအိုးအိမ် အကြိမ်ကြိမ်ဆိုတဲ့ စကားလေး အတိုင်းပါပဲ။ တက္ကသိုလ် ကောလိပ်ကျောင်းတွေ ရှိလေရာရာကို နေရာအနှံ့ ခြေဆန့်ရွေ့လျားနေရတဲ့ ဖေဖေ တစ်ယောက်ဟိုး တစ်ခါမှာတော့ အထက်မရောက် အောက်မရောက် နယ်မြို့ကလေး တစ်မြို့ကို ရောက်သွားခဲ့သေးတယ်။ အဲသည့် မြို့ကလေးက ရန်ကုန်နဲ့ မနီးလွန်း မဝေးလွန်း မြို့ကလေး သမီးရဲ့။ ဒါကြောင့် ဖေဖေက အချိန်ရရင် ရသလို ရန်ကုန်ကို အမြဲတမ်း ပြန်ပြန်သွားနေကျပါပဲ။

အဲသည့် မြို့ကလေးကနေ ရန်ကုန်ကို ပြေးနေတဲ့ ကားတွေထဲမှာ မနက်အစောဆုံး ၃ နာရီကားကအစ ရှိပေမဲ့ ဖေဖေကတော့ ညဉ့်နက်မှ အိပ်ရာဝင်တတ်သူမို့ အိပ်ရေးအပျက်မခံနိုင်တာနဲ့ အစောဆုံးဆိုပါမှ ၆ နာရီ ကားလောက်နဲ့ပဲ အမြဲတမ်းလိုလို လိုက်ဖြစ်နေခဲ့တယ်လေ။

ဒါပေမဲ့ သမီးရေ.... တစ်ခါသားမှာတော့ ရန်ကုန်ကို အစောကြီးရောက်လေ ဖေဖေ့အတွက် အကျိုးရှိလေ ဖြစ်နိုင်တဲ့ ကိစ္စတစ်ခု ပေါ်လာတာနဲ့ ဖေဖေဟာလည်း မနက်





အစောကြီး ၃ နာရီကားကို စီးဖို့ အကြောင်းဖန်လာခဲ့ပါတယ်။ ဒါကြောင့်လည်း ဖေဖေ တစ်ယောက် အစောကြီး အိပ်ရာဝင်၊ အစောကြီး အိပ်ရာထခဲ့ရတယ်ပေါ့။ အဲသည့်နေ့က ဖေဖေ အိပ်ရာက ထတော့ ဆိတ်ငါးကောင်ကလည်း ဖေဖေ့အခန်းလေးရှေ့မှာ အသင့်အနေအထားနဲ့ ရောက်နှင့်လို့ နေခဲ့ပါပြီ သမီးရယ်။

(နှစ်)

သမီးရေ....။

ဆိတ်ငါးကောင်လို့ ဆိုလိုက်တဲ့အတွက် ဖေဖေ့သမီးက ဘာများပါလိမ့် ဆိုပြီးတော့များ ခေါင်းထောင်သွားလေမလား မပြောတတ်ပါဘူး သမီးရယ်။ ဆိတ်ငါးကောင် ဆိုတာက တရုတ်ပြည်ဖြစ် စက်ဘီးကလေးပါ။ ဖေဖေ့တပည့် ကောလိပ်ကျောင်းသားကလေး တစ်ယောက်ရဲ့ စက်ဘီးလေ။ သူက မနေ့က ညနေက ဖေဖေနဲ့ တွေ့ကြကတည်းက မနက်အစောကြီး ကားဂိတ်ကို လိုက်ပို့ဖို့ ဖေဖေ့ကို ပြောထားပြီးသား။ ကားဂိတ်နဲ့ ကောလိပ်နဲ့က နည်းနည်းကလေး လှမ်းတယ် မဟုတ်လား။ ဒါကြောင့်လည်း အဲသည့် မနက်အစောကြီးမှာ သူ့ဆိတ်ငါးကောင် စက်ဘီးကလေးနဲ့ ဖေဖေ့ အခန်းရှေ့ကို အရောက်လာခဲ့တာပေါ့။

(သုံး)

ဆောင်းဝင်စ ရက်တွေမို့လား မပြောတတ်ပါဘူး သမီးရယ်၊ အပြင်ဘက်မှာကဖြင့် အအေးဓာတ်က တော်တော်ကို ကြီးစိုးစ ပြုနေခဲ့ပါပြီ။ နှင်းကတော့ ပြောရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



မကျသေးပါဘူး။ လူသူလေးပါး ရှင်းလင်းလွန်းလှတဲ့ ခေတ်မမှီတမီ မြို့ကလေးရဲ့ လမ်းကျဉ်းကလေး တစ်လျှောက်မှာ ကျောင်းသားက ရှေ့က နင်းလို့၊ ဖေဖေက နောက်က ထိုင်လို့၊ နှစ်နာရီခွန်းခွန်း အချိန်ကြီးမှာ ကွေ့ကာဝိုက်ကာ နိမ့်ကာမြင့်ကာနဲ့ သွားနေလိုက်ကြတာ။

သမီးရေ....။

တစ်နေ့ရာကျတော့ မြို့ကလေးရဲ့ တစ်ခုတည်းသော ဘူတာရုံကလေး ရှေ့ဆိုကို ဖေဖေတို့ ရောက်လာကြပါတယ်။ ဘူတာရုံကလေးရှေ့မှာက အဝိုင်းရှိတယ် သမီးရဲ့။ ဖေဖေတို့က ဘူတာရုံဘက်ကနေ နာရီလက်တံ သွားရာဆန့်ကျင်ဘက်အတိုင်း ပတ်ပြီး မြို့ထဲဘက်ကို ဆက်သွားကြရမှာပါ။ ဒါပေမဲ့ ဖေဖေက စိတ်မရှည်ချင်ဘူး။ ဘယ်သူမှ မရှိတဲ့ အစောဆုံး မနက်ခင်းကြီးထဲမှာ သည်အဝိုင်းကို သစ္စာကြီးကြီးနဲ့ ပတ်မနေစေချင်ဘူး။ သည် ဘက်ကနေပဲ နာရီလက်တံ သွားရာအတိုင်း ဖြတ်ထွက်သွားရင် လမ်းရော အချိန်ရော ကျုံ့သွားတာပေါ့။ ဒါကြောင့်လည်း....

**'ပတ်မနေပါနဲ့ကွာ....ကြာပါတယ်'** လို့တောင် ပြောလိုက်မိပါရဲ့။ ဒါပေမဲ့ သမီးရယ်၊ ဖေဖေ့ စကားက ဆိုက်ကားကောင်ကို မမီလိုက်ပါဘူး။ သူက အဝိုင်းကို သမားရိုးကျ ပတ်နေခဲ့ပြီလေ။ ပြီးတော့....

**'ပတ်လိုက်ပါ ဆရာရယ်.... ဖြတ်ရရမှာ ကျွန်တော် စိတ်မလုံဘူး'** တဲ့။

သမီးရယ်....ဖေဖေ့ရင်ထဲမှာ နွေးခနဲ ဖြစ်သွားတဲ့ အထိ ပီတိဓာတ်ကို ရရှိခဲ့တာ အမှန်ပါပဲ။ ဆိုက်ငါးကောင်တလေး၊ လေးစားဖွယ်ကောင်းတဲ့ ဆိုက်ငါးကောင်ကလေး။





ဦးညွှတ်ဖို့ကောင်းတဲ့ ဆိုက်ငါးကောင်ကလေး။ လူတွေရှိနေကြလို့ မဟုတ်၊ အရေးယူမှု တစ်စုံတစ်ရာကို ကြောက်ရွံ့လို့ မဟုတ်။ သည်အဝိုင်းကို သည်အတိုင်း ပတ်သွားရမယ် ဆိုတာကို ဘယ်သူ သိသိ မသိသိ သစ္စာရှိရှိနဲ့ ပတ်နင်းသွားတဲ့ ဆိုက်ငါးကောင်ကလေး။ ဖေဖေ အလေးပြုမိပါရဲ့ သမီးရယ်။

(လေး)

သမီးရေ....။

ဖေဖေတို့၊ သမီးတို့ တစ်တွေရဲ့ ပတ်ဝန်းကျင်မှာကဖြင့် ဘယ်သူမှ မရှိပါဘူး၊ ဘယ်သူမှ မသိပါဘူး ဆိုတဲ့ အသိတွေနဲ့ အဝိုင်းကြီးကို ပြောင်းပြန် ပြန်ပတ်ဖို့ လိပ်ပြာလုံတဲ့သူတွေကလည်း တစ်ပုံရယ်မှ တစ်ပင်ပါပဲ သမီးရယ်။

ဟိုး....တစ်ခါတုန်းက မြို့တော်ရဲ့ သန်းခေါင်ယံ လမ်းမပေါ်မှာ တစ်လမ်းသွား လမ်းမကြီးကို ပြောင်းပြန် ပြန်မောင်းလာတဲ့ ကိုယ်ပိုင်ကားကလေးတစ်စီးကို ဖေဖေ တွေ့ဖူးတယ်။ ဘယ်သူမှ မရှိနိုင် မသိနိုင်တော့ပါဘူး ဆိုတဲ့ အသိနဲ့ လူတစ်ယောက် သည်ကားကို မောင်းနှင်ခဲ့ပေမပေါ့။

ဟိုး....တစ်ခါတုန်းကလည်း အများသုံး ရေလောင်းအိမ်သာ တစ်ခုထဲကို ဖေဖေ ဝင်သွားဖူးတယ်။ အညစ်အကြေးတွေက သည်အတိုင်း တင်ကျန်လို့။ ဘယ်သူမှ မရှိဘူး၊ မသိဘူး ဆိုတဲ့ အတွေးနဲ့ လူတစ်ယောက် အော့နှလုံးနာဖွယ် သည်အညစ်အကြေးတွေကို ထားရစ်ခဲ့ပေမပေါ့။

သမီးရယ်.... တစ်ခါတုန်းကလည်း ညနေ ၆ နာရီကနေ ည ၉ နာရီအထိ မီးအားမြှင့်စက်တွေ၊ လျှပ်စစ်



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုတွေ၊ Hot Plate တွေကို မသုံးကြပါနဲ့လို့ စည်းကမ်းထုတ်ထားတဲ့ ဝန်ထမ်းအိမ်ရာစုကလေး တစ်ခုထဲမှာ ဖေဖေတို့ နေကြရတုန်း ဘယ်သူမှသိတာ မဟုတ်ပါဘူး ဆိုတဲ့ အတွေးနဲ့ လူတစ်ယောက်ယောက် သူ့အခန်းကနေ မီးကိုတိုးမြှင့် သုံးစွဲပုံရတာကြောင့် ရိပ်ခနဲ ရိပ်ခနဲ မီးအား ကျကျ သွားတာကို ဖေဖေတို့ ကြုံခဲ့ကြဖူးတယ်။

ပြောရရင် သမီးရယ်.... ဖေဖေတို့ လူ့အဖွဲ့ အစည်းလှပဖို့ ဆိုတာက စည်းကမ်းတွေ၊ ဥပဒေတွေ၊ ပြစ်မှုပြစ်ဒဏ်တွေ၊ ဆုတံဆိပ်တွေ၊ ဘာဘာညာညာတွေကြောင့် ကိုယ့်ကိုယ်ကျင့်ကို ထိန်းသိမ်းတယ် ဆိုတာထက် ကိုယ်တိုင်လုပ်သင့် လုပ်အပ်လို့ ဘယ်သူ သိသိ မသိသိ၊ ဘယ်သူရှိရှိ မရှိရှိ ထိန်းသိမ်းတယ် ဆိုတာက ပိုလို့ လိုအပ်လှပါတယ်။

လူမရှိရင် လမ်းကို ပြောင်းပြန်မောင်းမယ်။ လူမရှိရင် အိမ်သာကို ရေမလောင်းဘဲ ထားခဲ့မယ်။ လူမသိရင် ကိုယ့်မီးစက်ကို ဗို့အားမြှင့်မယ်။ လူမရှိရင် အုတ်နံရံကို ကွမ်းတံတွေးနဲ့ ထွေးမယ်။ လူမသိရင် သူ့ခြံထဲက သစ်ခွတွေကို ဝင်ခူးမယ်။

လူ မသိရင်....

လူ မရှိရင်....

လူ မသိရင်....

လူ မရှိရင်.....

သမီးရယ်၊ ဒါတွေဟာ ကိုယ့်ကိုယ်ကိုယ်တောင် လေးစားစရာကောင်းအောင် မနေတတ်တဲ့ လူတွေရဲ့ အမူအကျင့်တွေပါ။





ခုတော့ကြည့်....။

ဘယ်သူမှမရှိတဲ့ မနက်ခင်းကြီးထဲမှာ သည်ဘက်ကနေ ဖြတ်ချလိုက်ရင် နီးရဲ့သားနဲ့၊ ဆိတ်ငါးကောင်စက်ဘီးကလေးက အဝိုင်းကို သမားရိုးကျ ပတ်လို့။ ဖြတ်ချလိုက်ရမှာကို လိပ်ပြာမလုံဘူးတဲ့။

ဆောင်းတစ်ရက် မနက်ခင်း စောစောစီးစီးကြီးထဲမှာ ဆိတ်ငါးကောင်ကို ဖေဖေ ဦးညွှတ်ခဲ့မိပါကြောင်း သမီးရယ်။

[ ချယ်ရီ၊ ဇန်နဝါရီ ၁၉၉၀ ]

www.burmeseclassic.com

www.burmeseclassic.com

## ဤနေရာတွင် ညည်းချင်း မဆိုရ

### (တစ်)

သမီးရေ....။

ဟိုး လွန်ခဲ့တဲ့ လေးငါးခြောက်လ၊ ဖေဖေတို့ အရပ်မှာ မိုးတွေ လေတွေ သဲသဲမဲမဲကို ရွာနေတဲ့ ရက်တွေ တုန်းက ဖေဖေနဲ့ သိပ်ကို ခင်မင်ရတဲ့ ဖေဖေ့ မိတ်ဆွေ တစ်ယောက် မမျှော်လင့်ဘဲ ဆေးရုံတက်လိုက်ရတဲ့အတွက် ဖေဖေလည်း နည်းနည်းပါးပါးလေး အလုပ်ရှုပ်သွားခဲ့ရတာ ကို ဖေဖေ့သမီး သတိပြုမိခဲ့မယ် ထင်တယ်နော်။ ဟုတ်တယ် သမီးရယ်၊ တစ်ယောက်ရင်ထဲမှာရှိတာ တစ်ယောက်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလို့ ဖြစ်ကြတဲ့ ရှားရှားပါးပါး လူတွေထဲက ဖေဖေ့မိတ်ဆွေ တစ်ယောက်ပါ။

အဲသည့်ရက်တွေထဲမှာ ညနေတိုင်လို့ သူ့အိမ်ကို ဖေဖေ ရောက်ရောက်သွားတဲ့အခါ ဗိုက်ထဲက ထိုးထိုး အောင့်လိုက်၊ ဝမ်းပျက်သလိုလို ဖြစ်လိုက်နဲ့မို့ ဆေးခန်း ကို သွားသွားပြနေရတာ သုံးလေးရက်လောက် ရှိသွားပြီ လို့တောင် သူက ဖေဖေ့ကို ပြောပြောနေခဲ့သေးတာလေ။

နောက်တစ်နေ့ ညနေ သူ့အိမ်ကိုသွားတော့ အိမ် တံခါးတွေ အကုန်ပိတ်လို့။ အိမ်ရှေ့က စာအုပ်ဆိုင်ကလေး





ကလည်း သော့ခလောက်တန်းလန်း။ တစ်အိမ်လုံး ဘာဆို ဘာမှကို အသံဗလံ မကြားရလောက်အောင် တိတ်ဆိတ် နေတာပဲ။ ဒါနဲ့ ဖေဖေ့ စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားမိရင်းက အိမ်နီးနားချင်းတွေကို မေးကြည့်တော့မှ ညက မခံမရပ် နိုင်အောင် အောင့်လာလို့ ဆေးရုံကို အရေးပေါ် တင်လိုက် ရတယ်ဆိုတာ သိလိုက်ရတယ်လေ။

အရေးပေါ်တဲ့။ ဘယ်လောက်များ အသက်နဲ့ နီးတဲ့ နေရာအထိ ရောက်အောင် အရေးပေါ်ခဲ့ ရှာပါလိမ့်။ ဖေဖေ့ မျက်လုံးထဲမှာ တကယ့်ကို ခင်မင်စရာ ကောင်းတဲ့ မိတ်ဆွေ ရဲ့ မျက်နှာက ဖျတ်ခနဲ ပေါ်လာပြီး ဆေးရုံကို ချက်ချင်း လိုက်သွားဖို့အတွက် ဖေဖေ့ စက်ဘီးကလေးကို ဦးလှည့် လိုက်မိခဲ့တယ်လေ။

### (နှစ်)

အဖြစ်က ဖေဖေ လမ်းမှာ တွေးသွားမိတဲ့ အတိုင်းပါပဲ သမီး ရယ်။ ဖေဖေ့ မိတ်ဆွေတစ်ယောက် အူအတက် ပေါက်ခဲ့ တာပါပဲ။ ဗိုက်အောင့်တယ်၊ ဝမ်းပျက်တယ်နဲ့ မျက်နှာ တပျက်ပျက် ဖြစ်နေခဲ့တဲ့ ရက်တွေထဲက သူ့ အူအတက်က ပေါက်လုပေါက်ခင်လေ။ ရောင်ကိုင်းပြီး မှည့်ရွဲနေပြီ။ ခုတော့ မသေကောင်း မပျောက်ကောင်း ညက ဆေးရုံရောက်ရောက် ချင်း ဗိုက်ကို ဖွင့်လိုက်ရသတဲ့။ ခွဲစိတ်ကုသတာ မြန်ပေလို့ သာပေါ့။

ဖေဖေ ဆေးရုံကို ရောက်သွားတော့ ဖေဖေ့ မိတ် ဆွေက ခုတင်ပေါ်မှာ သမီးရဲ့။ အနာရှိန့်ရယ်၊ အားနည်း တာရယ်၊ စိတ်ထိခိုက်တာရယ်တွေနဲ့ မျက်နှာကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ယေ်လို့။ အသာလေး မှေးနေတဲ့ကြားက ဖေဖေ့ကို ခပ်ယဲ့ယဲ့ ကလေး ပြုံးပြရှာပါတယ်။ သူ့ဘေးမှာကတော့ သူ့ဇနီး၊ သူ့သမီး၊ သူ့သားနဲ့ သူ့အသိ မိတ်ဆွေတချို့။ ဖေဖေ ရောက်ပြီးလို့ အားပေးစကားလေး ဘာလေး ပြောရုံပဲ ရှိသေးတယ်။ ရောက်လာလိုက်ကြတဲ့ သူတွေကလည်း ဟောတစ်ယောက်၊ ဟောတစ်ယောက်ပါပဲ။ ဒါနဲ့ ဖေဖေလည်း တခြား လူနာမေးတွေကို ဦးစားပေးတဲ့ အနေနဲ့ နောက်ကို အသာလေး ယို့နေဖြစ်ခဲ့လိုက်တယ်။ နောက်နေ့တွေ ကျရင်တော့ စောစောကလေး ထွက်လာပြီး စိတ်ပြေလက်ပျောက် စကားလေး ဘာလေး လာပြောပေးဦးမှလို့ စိတ်ထဲမှာ အစီအစဉ် ဆွဲရင်းနဲ့ အဲသည့်ညနေက နှုတ်ဆက်လို့ ပြန်ဖြစ်ခဲ့တာပါပဲ သမီးရယ်။

## (သုံး)

သမီးရေ....။

သမီးကို ဖေဖေ ပြောပြဖို့ စိတ်ကူးထားတဲ့ အကြောင်းက အဲသည့် ဖေဖေ့မိတ်ဆွေ ဆေးရုံပေါ်မှာ ရှိနေတုန်း ရက်တွေထဲက တစ်ရက်အကြောင်းပါ။ အဲသည့် နေ့တုန်းက ညေ့်ချိန်ကုန်ပြီး ညနေတော်တော်စောင်းတဲ့အထိ ဆေးရုံပေါ်မှာ ဖေဖေ ရှိနေခဲ့တယ်လေ။ အဲသည့် နေ့တုန်းကပဲ သမီးကို ဖေဖေ ပြောပြချင်စရာကောင်းတဲ့ လူတစ်ယောက်ကို ဆေးရုံပေါ်မှာ တွေ့ခဲ့ရတာပါ။ အဲသည့်လူကလည်း ဖေဖေတို့တစ်တွေရဲ့ အစုအဝေး အဝန်းအဝိုင်းနဲ့ မလှမ်းမကမ်းက လူတစ်ယောက်။

သူ ရောက်လာတော့ အခန်းထဲမှာ လူနာရယ်၊





လူနာ့ဇနီးရယ်၊ ဖေဖေရယ် သုံးယောက်ထဲပဲ ရှိနေကြတဲ့ အချိန်ပါ။ လူနာက ခုတင်ပေါ်မှာ သက်သောင့်သက်သာ လှဲလို့။ သူ့ဇနီးက သူ့ခင်ပွန်းအတွက် အအေးတစ်ခွက်ကို ဖျော်လို့။ ဖေဖေကလည်း တွေရာလေးပါး စကားတွေကို ပြောလို့။ အဲသည့်တုန်းမှာပဲ သူ ရောက်လာခဲ့တာပါ။ မုန့်ထုပ်တွေ ဘာတွေနဲ့။ အအေးပုလင်းတွေ ဘာတွေနဲ့။ သူက ဖြစ်ဖြစ်ချင်း၊ သတင်းကြားကြားချင်း မလာနိုင်တာကို ခွင့်လွှတ်ဖို့၊ စိတ်မရှိဖို့ကိုပဲ တလေးတစားနဲ့ တောင်းပန် နေရှာတာပါ။ သည်တော့မှ ဖေဖေလည်း ဩော် သူက အခုမှ ရောက်လာတာပါလားလို့ အောက်မေ့လိုက်မိရတယ်။ ဒါနဲ့ ဖေဖေတို့တစ်တွေလည်း စကားတွေ တောင်ပြော မြောက်ပြော ပြောနေခဲ့ကြရင်း နောက်ထပ် သတင်းမေးတဲ့လူ ငါးယောက်လောက် ထပ်ရောက်လာတဲ့အခါ သူက ဖေဖေ့ကို လက်ကုတ်ပါတယ်။ ဖေဖေကလည်း အလိုက်တသိနဲ့ပဲ သူနဲ့အတူ လူသွားစင်္ကြံကလေး ရှိရာကိုလည်း ရောက်ရော သူ အခုမှ ရောက်လာနိုင်တာဟာ အင်မတန်မှ အားနာစရာ ကောင်းတယ်ဆိုတဲ့ စကားတွေကို ဖေဖေ့ကို ရင်ဖွင့်ပါလေရော။ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ၊ သူ မပြောလည်း သိတန်သလောက် သိထားပြီးသားတွေပါ။

မနက်အစောကြီး ထပြီး သူ့အမျိုးသမီး ဈေးထွက်တဲ့ နေရာကို သူ လိုက်ပို့ရမယ်လေ။ ပြီးရင် ဝယ်တန်တာ ဝယ်ပြီး သူ အိမ်ပြန်မယ်။ ပြီးရင် သမီးကလေးကို ကျောင်း လိုက်ပို့မယ်။ ပြီးရင်း သူ ရုံးတက်မယ်။ နေ့ခင်းကျတော့ တစ်ခါ ထမင်းစားပြန်ရင်းနဲ့ သမီးနဲ့ ဇနီးရှိရာကို ထမင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



သွားပို့မယ်။ ပြီးမှ ရုံးပြန်တက်မယ်။ ညနေကျတော့ ရုံးလည်းဆင်းရင်း၊ သမီးနဲ့ ဇနီးကိုလည်း ကြိုရင်းနဲ့ သူပြန်မယ်။

‘အိမ်မှာခေါ်ထားတဲ့ ကောင်မလေးက ရွာ ခဏပြန်သွားလိုက်တာ၊ အကုန် ချာလပတ်ယမ်းကုန်တာပဲဗျာ။ သူရှိတော့ လျှော်တာ ဖွပ်တာ၊ ချက်တာ ပြုတ်တာ၊ ဟိုနားပြေး သည်နားပြေး ကိုယ်နည်းနည်း အသက်ရှူ ချောင်တာပေါ့။

‘ခုတော့ ညရောက်မှ လျှော်ကြချက်ကြ မီးပူတိုက်ကြနဲ့၊ မိုးက ကောင်းကောင်းနဲ့ အဝတ်တွေကလည်း တော်တော်နဲ့ မခြောက်။ အခုမှ လာရတာ သိပ်ကို အားနာဖို့ ကောင်းတာ။ ဒါတွေက သူ့ရှေ့မှာတော့ သွားညည်းလို့ မဖြစ်ဘူးလေ’

ပြည်သူ့ဆေးရုံ နှစ်ထပ်ဆောင်ကလေးအပေါ်က စင်္ကြံလမ်းချိုး တစ်နေရာမှာ လူမမာသတင်းမေးလာဖို့အတွက် နောက်ကျခဲ့ရတဲ့ မိတ်ဆွေတစ်ယောက်က ဖေဖေ့ကို ရင်ဖွင့်တဲ့ အညည်းစကားတွေထဲမှာ နောက်ဆုံး စကားဟာ သမီးကို အလေးအနက်ဖြစ်စေချင်တဲ့ စကားပါပဲ။ သူ့ရှေ့မှာတော့ သွားညည်းလို့ မဖြစ်ဘူးတဲ့။ ဟုတ်တယ် သမီးရယ်၊ သူ့ရှေ့မှာတော့ တကယ့်ကို သွားညည်းလို့ မဖြစ်ပါဘူး။ ညည်းလို့ မသင့်ဘူးလို့လည်း ဖေဖေ ထင်တယ်လေ။ ဆေးရုံခုတင်ပေါ်မှာ ပက်လက်လှဲနေတဲ့ လူတစ်ယောက်ရှေ့မှာ ကိုယ် ဘယ်လို အလုပ်ရှုပ်နေပါတယ်ဆိုတဲ့ ညည်းချင်းကို ဖေဖေတို့တစ်တွေ ဆိုသင့် မဆိုသင့်။ အခု သမီးကို ဖေဖေ ပြောပြနေတဲ့ လူတစ်ယောက်ကတော့ သူ့ညည်းချင်းကို ဘယ်နေရာလောက်မှာမှ ဆိုသင့်တယ်ဆိုတာကို အခိုင်အမာ





တွက်ချက်ထားပြီးပုံနဲ့ ဖေဖေ့ကို စင်္ကြံလမ်းကလေးရှိရာကို အသာအယာ လက်ကုတ်လို့ ခေါ်ခဲ့ပြီလေ။ ဖေဖေ သူ့မျက်နှာကို လေးစားစွာပဲ ငေးကြည့်ဖြစ်ခဲ့ပါတယ်။

## (ငါး)

သမီးရယ်....။

တကယ်တမ်းကတော့ ဖေဖေတို့၊ သမီးတို့တစ်တွေဟာ ဘယ်သူ့မှာမဆို ဘဝကိုယ်စီနဲ့ပါ။ ဆိုကြစို့လို့ ဆိုရင် ဘယ်တော့မှ မဆုံးနိုင်စတမ်းသော ညည်းချင်းရှည်ကြီးတွေနဲ့ပါ။ ဒါပေမဲ့ သည်ညည်းချင်းတွေကို နေရာတကာမှာ ဖေဖေတို့ ဆိုလို့ သင့်ကြပါရဲ့လား။ ညည်းချင်း မဆိုရလို့ ကိုယ့်အသိနဲ့ကိုယ် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ နေရာတွေရော မရှိသင့်ကြဘူးလား။ ဖေဖေ စဉ်းစားမိတယ်။

ဟိုး တစ်ခါတုန်းဆီက နာရေးကိစ္စနဲ့ ကြုံလို့ သောက ရောက်နေတဲ့ အိမ်ကလေး တစ်အိမ်ရှိရာကို ဖေဖေ ရောက်သွားဖူးတယ်။ ဖေဖေ့လိုပဲ သတင်းမေးရင်း၊ အားပေးရင်းနဲ့ ရောက်နေကြတဲ့ လူတွေထဲမှာ အမျိုးသမီးကြီးတစ်ယောက်က သူ့ရဲ့ ညည်းချင်းကို အာပေါင်အာရင်းသန်သန်နဲ့ ဖွဲ့လို့။ အိမ်မှာ ရေခဲစက် ပျက်နေလို့ စိတ်ညစ်ရတာ၊ ငါးသမား၊ ပုစွန်သမား၊ အအေးသမားတွေကို မနည်းကြီး တောင်းပန်ထားရတာ၊ စက်ပြင်နေတဲ့ တန်းလန်းကြီးနဲ့ အလုပ်သမားတွေ သည်အတိုင်း ထားခဲ့ပြီး ထွက်လာခဲ့ရတာ၊ ခရီးကထောက်တော့ ကားပြောင်းစီးလာရတဲ့အတွက် စိတ်ပျက်မိတာ အများကြီးပါပဲ သမီးရယ်။ ကိုယ့်အသိနဲ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကြိုးပြတ် ထိုင်နေတဲ့ အိမ်ရှင်မိန်းမကတော့ သူ့ကို တွေတွေကြီး ငေးကြည့်လို့။

တစ်ခါတုန်းကလည်း တောမြို့ကလေးတစ်မြို့ကို ဖေဖေ ရောက်သွားတုန်း ဆိုက်ကားတစ်စီးပေါ်က ညည်းချင်း ချသံကို အမှတ်မထင် ကြားလိုက်ရဖူးတယ်။ ဆိုက်ကားဆရာကြီးက တော်တော် အသက်ကြီးလှပါပြီ သမီးရယ်၊ ခြောက်ဆယ်ဝန်းကျင်လောက်ကို ရှိမှာပါ။ အကြောတွေ အပြိုင်းပြိုင်း ထ လို့။ သူ့ကျွဲကော်ကိုင်း မျက်မှန်ကြီးက ကျိုးနေတဲ့ ကိုင်းကို သားရေကွင်းနဲ့တောင် ပတ်ချည်ထားလိုက်သေးတယ်။ သူနင်းနေတဲ့ လမ်းက မြေညီလမ်းလည်း မဟုတ်ဘူး။ ပြီးတော့ ကတ္တရာလမ်းလည်း မဟုတ်ဘူး။ ဂဝံကျောက်တွေကို သည်အတိုင်း အကြမ်းထည် ချခင်းထားတဲ့ လမ်း။ မြို့သစ်ကလေးရဲ့ ရပ်ကွက်အသစ်ကလေးမှာ လမ်းသစ်အဖြစ်နဲ့ မကြာခင်ကမှ ခင်းထားတဲ့ လမ်း။ စက်ဘီးတောင်စီးလို့ မကောင်းလို့ ဖေဖေ ဆင်းဆင်းတွန်းရတဲ့ လမ်းလေ။ အဲသည့် လမ်းပေါ်မှာ မွန်းတည့်နေ ရူးရူးရဲရဲကြီးအောက် ဖေဖေ့ အဖေအရွယ်၊ ဦးလေးအရွယ် လူကြီးက ထိုင်ပြီးတောင် နင်းမရလို့ မတ်တတ်ရပ်ရပ်ပြီး သူ့ဆိုက်ကားကို တစ်ပတ်ချင်း နင်းလို့ပေါ့။ ဆိုက်ကားပေါ်မှာက တော့ ထီးနဲ့၊ နေကာမျက်မှန်နဲ့ လူတစ်ယောက်။ အဲသည့် လူကပဲ ညည်းချင်းကို ဖွဲ့ဆိုခဲ့တာပါ။

**'လမ်းကကြမ်းကြမ်း၊ နေက ပူပူနဲ့ ဒုက္ခဗျာ၊ ဆက်တောင် မသွားချင်တော့ဘူး'**

သမီးရယ်၊ အကျီတစ်ထည်လုံး ချွေးတွေနဲ့ ရွဲနစ်နေအောင် ရုန်းနေရတဲ့ ဆိုက်ကားဆရာကြီးရဲ့ ရင်ထဲမှာ





ဘယ်လိုများ စူးနစ်သွားရှာလေမလဲ။ ဒိုကွဲကို ညည်းတဲ သူက ဆိုက်ကားပေါ်ကလေ။

(ခြောက်)

ဖေဖေကတော့လေ လူတွေကို ညည်းချင်း မဆိုရဘူးလို့ မဆိုပါဘူး၊ ဆိုပေါ့၊ ဆိုကြပေါ့။ ဖေဖေလည်း ဆိုချင် ဆိုမယ်ပေါ့။ ဒါပေမဲ့ သမီးရယ်၊ ဘယ်နေရာ ဘယ်အချိန်မှာ ဆိုမယ်၊ ဘယ်နေရာ ဘယ်အချိန်မှာ မဆိုဘူးဆိုတဲ့ ရွေးချယ်မှုမှာကျတော့ ဖေဖေတို့ သမီးတို့တစ်တွေ သပ်ရပ်ဖို့၊ သေချာဖို့ တကယ့်ကို လိုအပ်ကြမယ်လေ။ ဆေးရုံခုတင်ကလေးရဲ့ ဘေးမှာ၊ နာရေး ဖြစ်နေတဲ့ အိမ်ကလေးရဲ့ တံစက်မြိတ်အောက်မှာ၊ မချိမဆံ့ ဖျစ်ညှစ်လူးလိမ့်နေတဲ့ ဆိုက်ကားအိုကလေးပေါ်မှာ ဖေဖေတို့ရဲ့ ဘဝအမောတေးတွေကို ခဏ ကျောပေးထားခြင်းဖြင့် တခြား တခြားသော လူပုဂ္ဂိုလ်တွေကို စာနာမှု၊ အလေးထားမှု ပြသင့်ကြတယ်လေ။

ခုတော့ ဖေဖေ့မိတ်ဆွေက ဖေဖေ့ကို အသာအယာ လက်ကုတ်ခေါ်လို့။ ကာယကံရှင် လူနာနဲ့ ဝေးရာ ဆေးရုံစင်္ကြံကလေးပေါ်မှာ သူ့ညည်းချင်းကို တိုးတိုးတိတ်တိတ် ဆိုလို့။ သမီးရယ်၊ ဖေဖေ လေးစား ဦးညွှတ်မိခဲ့ပါတယ်။

[ မှုယ်ရီ၊ ဖေဖော်ဝါရီ ၁၉၉၉ ]

www.burmeseclassic.com

www.burmeseclassic.com

# ဘဝကန္တာရများသို့ ထောင်မလဲ သဲကော် စိတ်ကူးများ

## (တစ်)

သမီးရေ....။

သည်တစ်ခါ ဆောင်းရက်တွေထဲကို ရောက်ပြန်တော့ ဖေဖေတစ်ယောက် ပုဂံ ညောင်ဦးဘက်ကို ခရီးထွက်ဖို့အတွက် အကြောင်းဖန်လာခဲ့ပြန်တယ် သမီးရယ်။ တကယ်တော့ ပုဂံ ညောင်ဦးဆိုတဲ့ အရပ်က ဖေဖေ မကြာမကြာ ရောက်ရောက်သွားလေ့ရှိတဲ့ အရပ်ပါ။ သရပါတံခါးကြီးက မိုးတိုးမတ်တတ်၊ ဓမ္မရံကြီးက ထုထု ထည်ထည်၊ သဗ္ဗညုက မြင့်မြင့်စွင့်စွင့်၊ အာနန္ဒာက နွဲ့နွဲ့ ပျောင်းပျောင်း။ ဘယ်လိုမှ မေ့ပစ်ထားချင်စရာ မကောင်းတဲ့ ထနောင်းပင်ကလေးတွေ၊ တမာပင်ကလေးတွေ၊ မြေနီနီရဲရဲ လမ်းကလေးတွေနဲ့ လွမ်းမောစရာ အညာမြေလေ။

ပုဂံ ညောင်ဦး ဆိုတဲ့ ဟိုးအတိတ် ရာဇဝင်ထဲက ရှေးဟောင်းမြို့တော်ကလေး ရှိရာနေရာကို ဖေဖေ သွားတဲ့အခါ နည်းလမ်း တော်တော်များများနဲ့ကိုပဲ သွားခဲ့ဖူးပါလေရဲ့ သမီးရယ်။ ကားနဲ့လည်း ဖေဖေ သွားဖူးတယ်။ လေယာဉ်နဲ့လည်း ဖေဖေ သွားဖူးတယ်။ ပြီးတော့ ရန်ကုန်မန္တလေး ရထားစီးပြီး သာစည်ဘူတာမှာ ဆင်း၊ သာစည်က





တစ်ဆင့် ကားနဲ့လည်း ဖေဖေ သွားဖူးတာပါပဲ။ နောက်တစ်ခါ ပျဉ်းမနားကနေ လမ်းခွဲတဲ့ ကျောက်ပန်းတောင်းကြေးနီ ရထားကြီး စီးပြီးတော့လည်း ဖေဖေ ပုဂံ ညောင်ဦးကို ရောက်သွားဖူးသေးတယ်လေ။

သည်တစ်ခါ ဆောင်းရက်တွေထဲမှာ ပုဂံ ညောင်ဦးကို သွားဖို့ အကြောင်းဖန်လာတော့ ဖေဖေက တစ်ခါမှ မသွားဖူးသေးတဲ့ လမ်းကနေ သွားမယ်ဆိုပြီး လမ်းရွေးမိတယ်။ ပြည်ဘက်ကနေ အသစ်ဖောက်ထားတဲ့ အောင်လံ၊ တောင်တွင်းကြီး၊ နတ်မောက် ရထားလမ်းလေ။ ရိုးမကို တစ်မျှော်တစ်ခေါ်ကြီး လျှောက်ပတ်သွားမယ့် ရထားလမ်းပေါ့။ ဖေဖေက အဲသည့်လမ်းအတိုင်း သွားဖို့ စိတ်ကူးရခဲ့ပြီး၊ စိတ်ကူးရတဲ့ အတိုင်းလည်း သွားဖြစ်ခဲ့ရာက သည်ရထားလမ်းကြီးပေါ်မှာ ကြုံခဲ့ရတဲ့ ဘဝရှုမျှော်ခင်းကလေးတစ်ကွက်ကို သမီးကို ပြောပြဖို့ စိတ်ကူးပေါ်မိတာပါ။

## (နှစ်)

သမီးရေ....။

ဖေဖေ စီးသွားတဲ့ ရန်ကုန်–ပုဂံ မီးရထားကြီးက ရန်ကုန်ဘူတာကြီးကနေ ည ၁၀ နာရီစွန်းစွန်းမှာ ထွက်ခဲ့ပေမဲ့ နောက်တစ်နေ့ညနေ တော်တော်စောင်းမှပဲ သမိုင်းဝင်နတ်မောက်မြို့ကလေးကို ဝင်ပါတယ်။ ရထားက နတ်မောက် ဘူတာရုံကလေးမှာ ရပ်တယ်ဆိုမှ တကယ့်ကို ရပ်တယ် ဆိုရုံကလေးပါ။ ရထားစီးရတာ အချိန်တာရှည်လွန်းလို့ ထင်ပါရဲ့။ ရထားတစ်စီးလုံးလိုလို စားစရာ သောက်စရာဝယ်ကြ၊ ရေဖြည့်ကြနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ဘေးက ပြတင်းပေါက်နဲ့ ကပ်လျက်ခုံကနေ ရန်ကုန်က ထွက်ကတည်းက လိုက်လာခဲ့တဲ့ အသက်အရွယ် ခပ်လတ်လတ် ခပ်သန့်သန့် အမျိုးသမီးကလည်း သူ့ဘူး ထဲမှာ ရေဖြည့်ဖို့အတွက် ကိုယ်တစ်ပိုင်းကို ပြတင်းပေါက် အပြင်ကို ထုတ်လို့။ ရထားအောက်မှာက အသက် ဆယ်နှစ် ဖွန်းဖွန်းကလေးလောက်ပဲ ရှိပုံရတဲ့ အသားညိုညိုညစ်ညစ်နဲ့ အညာသူ ကလေးမကလေး။

ဖေဖေ့ဘေးက အမျိုးသမီးက အညာသူမကလေး ရွက်ထားတဲ့ ရေအိုးထဲကနေ သူ့ရေဘူးထဲကို ရေတစ်ခွက် ပြီးတစ်ခွက် ခပ်သွက်သွက် ဖြည့်ထည့်လိုက်ပြီးတာနဲ့ သူ့ ပိုက်ဆံအိတ်ထဲကနေ စာအိတ်ကလေး တစ်အိတ်ကို ထုတ် ပါတယ်။ ပြီးတော့မှ တမင်တကာ ထည့်လာပုံရတဲ့ ငွေစက္ကူ အသစ်ကျပ်ချွတ်ကလေးတွေကို တဖျတ်ဖျတ် ရေတွက် နေလိုက်ကာ တအိအိနဲ့ ဘီး စတင်လှိမ့်စပြုနေတဲ့ ရထား ပြတင်းပေါက်ကတစ်ဆင့် ရေသည်မ သေးသေးလေးဆီကို လက်ကမ်းပေးလိုက်ပါရဲ့။ ကျပ်တန် အသစ်စက်စက် ကလေးတွေ ချည်းပါပဲ။ ဆယ့်ငါးရွက်၊ အရွက် နှစ်ဆယ် ရှိလေမလားဘဲ သမီးရယ်။ ချစ်သနားစရာ အညာသူ ရေသည်မကလေးလေ။ လက်တစ်ဖက်က ခေါင်းပေါ်က ရေအိုးကို ကိုင်ထားလို့၊ လက်တစ်ဖက်က ငွေစက္ကူ အသစ် စက်စက် ထောင်မလဲ သဲကော်တွေကို ကိုင်ထားလို့၊ ပါးစပ် ကလေး အဝိုင်းသား၊ လောကကို အံ့သြတကြီး ရှိတဲ့ မျက်လုံး များနဲ့ ဖေဖေ့ဘေးက အမျိုးသမီးကို လှမ်းကြည့်နေ လိုက်တာ။

ဖေဖေလေ အဲသည့် နတ်မောက်ဘူတာရုံကလေး





ထဲက ရေသည်မကလေးရဲ့ လက်ထဲကို ငွေစက္ကူ အသစ် စက်စက်ကလေးတချို့ အသေအချာ ထည့်ပေးထားခဲ့တဲ့ ခရီးသွား အမျိုးသမီးရဲ့ မင်္ဂလာရှိသော စိတ်ကူးစိတ်သန်း များအတွက် ရင်ထဲမှာ ရူးခန် မျက်ခနဲ ခံစားလိုက်ရတာ သမီးရယ်။

(သုံး)

သမီးရေ....။

ဖေဖေတို့၊ သမီးတို့ တစ်တွေဟာ ကိုယ့်ဘဝ ဝန်း ကျင် တန့်တလျားစီက စားကျက်မြေ ကျဉ်းတိကျဉ်းမြောင်း ကလေးတွေထဲမှာ ညှစ်ထုတ်လို့ရတာတဲ့သမျှ ကာယ ခွန် အား၊ ကြံဆလို့ရသမျှ ဉာဏ စွမ်းအားတွေနဲ့ ခက်တောင့် ခက်ခဲ ထွန်ယက်စားသောက်နေရရှာတဲ့ တခြားတစ်ပါးသော ဘဝ ဘဝတွေအပေါ်မှာ ဘာ့ကြောင့်များ ထောင်မလဲ သဲကော် စိတ်ကူးစိတ်သန်းတွေကို မထား နိုင်ကြလေသလဲ ဆိုတာကို ဖေဖေ မကြာမကြာ စဉ်းစားမိတယ်။

ဟိုး တစ်ခါတုန်းဆီက ရေဆန်ကို တစ်ချက်ချင်း တွန်းခတ်လာတဲ့ သမ္ဗန်အိုကလေးတစ်စင်းပေါ်က သမ္ဗန် သမားအိုကြီးကို ဆိပ်ကမ်းလည်းရောက်ရော ငွေစက္ကူ နှစ်ဆယ်တန် အစုတ်ကလေး တစ်ရွက် ထုတ်ပေးလိုက်တဲ့ လူရွယ်တစ်ယောက်ကို ဖေဖေ တွေ့ခဲ့ဖူးတယ်။ လည်ပင်းက ချွေးသီးချွေးပေါက်တွေကို သူ့လုံချည်စနဲ့ သုတ်နေရင်းက **'ပိုက်ဆံကောင်းတာလေး ရှိရင် လဲပေးပါလား ငါ့တူရယ်'** ဆိုတဲ့ သမ္ဗာန်သမား အိုအိုကြီးရဲ့ အသံနဲ့ ဟန်။ **'မရှိဘူးဗျာ၊ ပိုက်ဆံပဲ သုံးရပါတယ်'** ဆိုတဲ့ လူရွယ်တစ်ယောက်ရဲ့ မာန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဌာန်။ ဖေဖေလေ အဲသည့် နာနာကျင်ကျင် မြင်ကွင်းကလေးကို တော်တော်နဲ့ မေ့မရနိုင်ခဲ့ဘူး။

တစ်ခါတုန်းကလည်း ဖေဖေ ခရီးဝေးက ပြန်လာတော့ ဓော်ဘွားကြီးကုန်း အဝေးပြေးကားဂိတ်ကနေ မြို့ထဲကို အငှားကားတစ်စီး ငှားစီးပြီး ပြန်လာခဲ့တယ်။ လှည်းတန်းလမ်းဆုံကို ရောက်တော့ မီးပွိုင့်မိပါလေရော။ မနက်ကခင်းစ လင်းစပဲ ရှိသေးတာမို့ ထင်ပါရဲ့၊ မီးပွိုင့်မှာ ကားသိပ်များများစားစား မရှိလှဘူး။ လှည်းတန်း လမ်းဆုံရဲ့သဘာဝ မီးပွိုင့်မိတာ နည်းနည်းကြာတတ်လို့ သည်နေရာကလေးမှာ စားကျက်လုပ်ထားတဲ့ စံပယ်ပန်းသည် ကလေးတချို့၊ စီးကရက် ရောင်းသူလေးတချို့ ဖေဖေတို့ ကားနားကို ဖျိုးခနဲ ဖျတ်ခနဲ ရောက်လာကြတယ်။ ကား ဒရိုင်ဘာကသူ့ရှေ့ကို ထိုးပေးလာတဲ့ စီးကရက်ဘူးတွေထဲက လန်ဒန်တစ်လိပ်ကို ကောက်ဆွဲယူလိုက်ပြီး ပါးစပ်မှာ တပ်ထားလိုက်တာနဲ့ ဆေးလိပ်သည်ကလေး လက်ထဲက ဂက်စ်မီးခြစ်ကလေးကလည်း မီးညှိဖို့ရာအတွက် လက်ခနဲ အဆင်သင့်။ သမီးရေ....ဒါနဲ့ပဲ မီးပွိုင့် စိမ်းလုစိမ်းခင် ကလေးမှာတွင်ပဲ ဒရိုင်ဘာက ငွေစက္ကူတချို့ ဆေးလိပ်သည်ကလေးကို လှမ်းပေးလိုက်တာကို ဖေဖေ ကြည့်နေမိတယ်။ ဆေးလိပ်သည်ကလေး ကလည်း ငါးကျပ်တန်တစ်ရွက်ကို ပြန်လှမ်းပေးရင်း 'ဒါလေး လဲပေးပါ အစ်ကိုရာ'တဲ့။ ဟုတ်ပါတယ်၊ တော်တော့်ကို စုတ်ပြတ်သပ်နေတဲ့ ငါးကျပ်တန်ကလေးပါ။ အလယ်ကောင်ကတောင် သတင်းစာစက္ကူနဲ့ ဆက်ထားရရဲ့။ ကားဒရိုင်ဘာကတော့ 'မတတ်နိုင်ဘူးကွာ၊ ရှိတာလေးတဲ့ ဥစ္စာ၊ မင်း ငါးရာတန် အမ်းမလား'တဲ့။ ဆေးလိပ်





သည်ကလေး ဘာမှ တတ်နိုင်တော့ပုံ မရပါဘူး။ ဟုတ်တယ်၊ ဖေဖေလည်း ဘာမှ မတတ်နိုင်ဘူး။ ကားကလည်း မီးပွိုင့်စိမ်းသွားလို့ ဝေါခနဲ ထွက်လာခဲ့ပြီလေ။ ငါးကျပ်တန်အစုတ်ကလေးကို ကိုင်ရင်း ကျန်နေရစ်ခဲ့တဲ့ ဆေးလိပ်သည်ကလေးကတော့ ဖေဖေတို့ ကားကို မျက်စိတစ်ဆုံး လှမ်းကြည့်လို့။

ဖေဖေ မမေ့ဘူး။

## (လေး)

သမီးရေ....။

နက်ရှိုင်းလှတဲ့ ဘဝကန္တာရ ကျောက်သား ကျောက်ဆိုင်တွေထဲမှာ ခက်ခက်ခဲခဲနဲ့ ကုတ်ကတ်တွယ်ငြိပြီး ပေါက်ရောက် ရှင်သန်နေကြရရှာတဲ့ ဘဝ ဘဝများစွာတွေအတွက် ဖေဖေတို့ဟာ ဘာကြောင့်များ ထောင်မလဲ သဲကော် စိတ်ဓာတ်ကလေးတွေ မမွေးနိုင်ကြလေသလဲ သမီးရယ်။

ရန်ကုန်-ပုဂံသွား ရီးမပတ် ရထားကြီးပေါ်ကနေ နတ်မောက် ဘူတာရုံကလေးထဲက ရေသည်မကလေး ရှိရာဆီကို ငွေစက္ကူ အသစ်ကျပ်ချွတ်တချို့ အသေအချာ လှမ်းပေးလိုက်တဲ့ သည်အမျိုးသမီးရဲ့ စိတ်အဆင်အသွေးဟာ ဘယ်လောက်များ အလှဓာတ်တွေနဲ့ ကြီးစိုးနေပါလိမ့်။ ဘယ်လောက်များ ကျက်သရေ မင်္ဂလာနဲ့ ပြည့်စုံနေပါလိမ့်။ သည်လို ထောင်မလဲ သဲကော် စိတ်ကူးစိတ်သန်း နှလုံးသားအဆင်အကွက်တွေကို ဖေဖေ တစ်ခါ တစ်ခါ တွေ့ခဲ့ဖူးတယ်။

ဟိုး တစ်ခါတုန်းက ဧရာဝတီမြစ်ကြီးကို အနောက်ကနေ အရှေ့ဖြတ်ကူးတော့မယ့် ပွဲထောင်ကလေး တစ်စင်း



www.burmeseclassic.com

www.burmeseclassic.com



က ကမ်းပါးကို ခပ်စောင်းစောင်း ဦးထိုးလို့။ ငှက်ပျောသီး အခြောက်ကြော်တွေ ရောင်းတဲ့ ကောင်ကလေးက ဒူးဆစ်လောက်အထိ ရေထဲမြုပ်အောင် ဆင်းကာ သူ့ငှက်ပျောသီး ခြောက်ကြော်တွေကို ရောင်းလို့။ ပဲ့ထောင်ပေါ်က အဒေါ်ကြီးတစ်ယောက်ကလည်း လှမ်းဝယ်လို့။ အဲသည့် အဒေါ်ကြီး ပိုက်ဆံပေးနေပုံက ကြည့်ပါဦး။

'ဟဲ့…ဟဲ့…နေဦးကလေးရဲ့၊ မင့်ဆီ ပိုက်ဆံ အနွမ်းတွေ ပါသွားဦးမယ်…ရွေးပါရစေဦး' တဲ့။

ဒါဟာ ထောင်မလဲ သဲကော် စိတ်ကူး စိတ်သန်းတွေပဲ မဟုတ်လား သမီးရယ်။

တစ်ခါကလည်း ဆိုက်ကားဆရာအိုကြီးက လမ်းမီးတိုင်ရဲ့ အလင်း ဝိုးတဝါးအောက်မှာ ဆိုက်ကားပေါ်က မဆင်းဘဲ စောင့်လို့။ ခရီးသွားလူရွယ်က လမ်းမီးရောင် အကူအညီနဲ့ အကောင်းဆုံး ငွေစက္ကူတွေကို ရွေးနေရင်းက–

'ကြည့်ပါဦး ဦးလေးရယ်၊ မကြိုက်တဲ့ ပိုက်ဆံပါရင် ပြန်လဲရအောင်…ဦးလေးဆီ အစုတ်တွေ ပါသွားဦးမယ်' တဲ့။

သမီးရေ…မိုးထဲလေထဲ ကားနောက်မြီးမှာ တွဲလဲခိုလိုက်လာရှာတဲ့ စပယ်ယာကလေးဆီကို လှမ်းပေးလိုက်တဲ့ လက်ထဲက ငွေစက္ကူအသစ်ကလေးများ၊ ဈေးရှေ့က ဖိနပ်သဲကြိုး အပြတ်ကလေးတွေ ပြန်ချုပ်ပေးတဲ့ ဖိနပ်ချုပ်သမား ဦးကြီးဆီကို လှမ်းပေးလိုက်တဲ့ လက်ထဲက ငွေစက္ကူ အသစ်ကလေးများ။ အဲသည့်အထဲမှာ ထောင်မလဲ သဲကော် စိတ်ကူးစိတ်သန်း အလှတရားတွေ ပါဝင်သွားမယ်လေ။





ဖေဖေ့သဘောကို ပြောရရင် စိန်နားကပ်ဖိုး ပေးချေလိုက်တဲ့ ပိုက်ဆံထုပ်ထဲမှာ ငါးရာတန်တစ်ရွက် ထက်ပိုင်း ပြတ်ပြီး ပါသွားတာ အရေးမကြီးလှပါဘူး။ ရေခဲသေတ္တာဖိုး ပေးချေလိုက်တဲ့ ငွေစက္ကူတွေထဲမှာ ရာတန်တစ်ရွက် စုတ်ပြတ်ပါသွားတာဟာလည်း စကားထဲ ထည့်မပြောလောက်ပါဘူး။ ဒါပေမဲ့ သမီးရယ်….။

နတ်မောက် ဘူတာရုံကလေးထဲက ရေသည်မကလေးလို ဘဝကန္တာရထဲက ဖြတ်သန်းလာကြတဲ့ လူတွေ လူတွေ အတွက်ကျတော့….။

ပိုက်ဆံအသစ်ကလေးတွေ တမင်ရွေးပြီး ပေးတတ်တဲ့ ရထားပေါ်က အမျိုးသမီးရဲ့ စိတ်ကူး စိတ်သန်း အလှလိပ်ပြာမျိုး ဖေဖေ့သမီးမှာ နိုးထစေချင်လိုက်တာလို့ **ဖေဖေ** အတွေးဝင်မိတော့ ရထားက "ငါ့မင်းမေး"ဆိုတဲ့ ဘူတာကလေးကိုတောင် ဖြတ်နေပါပကော။

[ ချယ်ရီ၊ မတ် ၁၉၉၉ ]

www.burmeseclassic.com

www.burmeseclassic.com

# လောကကို စောင့်ရှောက်သည့် အကြည့်များ

## (တစ်)

သမီးရေ....။

ဟိုး တလောလောက်တုန်းဆီက ဖေဖေ ရန်ကုန်ကို တစ်ခေါက် ရောက်သွားခဲ့ပြန်တော့ ရန်ကုန်မြို့ရဲ့ အာရောဂျံလို့ တင်စားခေါ်ကြတဲ့ ရွှေဘုံသာလမ်းမကြီးကို အောက်ကနေ အထက်ကို လှန်ပြီး ဆန်လျှောက်သွားဖြစ်ခဲ့သေးတယ်။ ဒီလမ်းထဲမှာက ဖေဖေ ခင်မင်ရတဲ့ ဆေးဘက်ဆိုင်ရာ ပညာရှင်တစ်ပိုင်း၊ စာပေအနုပညာရှင် တစ်ပိုင်း မိတ်ဆွေတွေ တော်တော်များများ ရှိတယ်လေ။ ဒါ့ကြောင့် ရန်ကုန်ကို ပြန်ရောက်ရင် ဖေဖေက ဒီလမ်းထဲကို အမြဲဝင်နေနေကျပေါ့။ အဲဒီအခေါက်ကလည်း ရန်ကုန်ကို ရောက်တုန်း ရောက်ခိုက် ရွှေဘုံသာလမ်းထဲကို ဝင်သွားတော့ မျက်စိအထူးကု ဆေးခန်းကလေး တစ်ခုရှေ့ကနေ ဖေဖေ ဖြတ်သွားရတယ်။ အရင်ကလည်း သည်ဆေးခန်းကလေး ရှေ့ကနေ ဖြတ်ဖြတ်သွားဖြစ်ခဲ့ပေမဲ့ သည်တစ်ခါကျတော့ ဘာဖြစ်တယ် မသိ။ ဖေဖေ့ မိတ်ဆွေတစ်ယောက်ကို သွားသတိရမိလိုက်တယ်လေ။ ဖေဖေ့မိတ်ဆွေက မြစ်ဝကျွန်းပေါ်ဘက် မြို့ကလေး တစ်မြို့ကပါ။ တစ်ခါမှာတော့ ဖေဖေ





လည်း ရန်ကုန်ကို ခဏပြန်ရောက်နေတဲ့ ရက်တွေထဲမှာ သူကလည်း ရန်ကုန်ကို ရောက်နေတဲ့ အခိုက်မို့ ဆုံဖြစ်ကြတယ်။ သူက သူ့ဇနီးရဲ့ မျက်လုံးတစ်ဖက်မှာ တိမ်လိုလို တွေ့တာကြောင့် မျက်စိအထူးကုနဲ့ ပြဖို့ ရန်ကုန်ကို တက်လာတာပါ။ အဲသည့်အခေါက်က သူရယ်၊ ဖေဖေရယ် ရန်ကုန်မှာ တွေ့တုန်းဆုံခိုက် တွဲဖြစ်လိုက်ကြတာ သူ့ဇနီးသည်ကို သွားပြရတဲ့ ရွှေဘုံသာလမ်းထဲက မျက်စိအထူးကု ဆေးခန်းထဲအထိအောင်ပါပဲ။

သမီးရေ....အခုတစ်ခေါက် ဖေဖေ ရန်ကုန်ကို ရောက်ပြီး ရွှေဘုံသာကို ဖြတ်တော့ အဲသည့် ဆေးခန်းကလေး ရှေ့ကနေ ဖြတ်သွားရတဲ့အခါ ဖေဖေပြောတဲ့ မိတ်ဆွေကို အမှတ်မထင် သွားသတိရမိလိုက်တာပါ။ ဟုတ်ပါတယ်လေ၊ ဖေဖေ့ မိတ်ဆွေကိုသာမက စက်ဆုပ်ရွံရှာဖွယ်ရာ လူတစ်ယောက်၊ ပြီးတော့ မီးဝင်းဝင်းတောက်နေသော မျက်လုံးများ၊ အားလုံး အားလုံးကို ဖေဖေ သွားအမှတ်ရမိလိုက်တာပါ။ ဟုတ်တယ်၊ ရွှေဘုံသာလမ်းရဲ့ မျက်စိအထူးကု ဆေးခန်းကလေးထဲက မီးဝင်းဝင်းတောက်နေသော မျက်လုံးများအကြောင်းကို သမီးကို ပြောပြထိုက်တယ်လို့ ဖေဖေ ရွေးချယ်လိုက်မိတယ်။

## (နှစ်)

သမီးရေ....။

ပြောပြရမယ်ဆိုရင်ဖြင့် ဖေဖေ့မိတ်ဆွေကို တစ်နှယ်ငင်ပြီး ဖေဖေပါ တစ်စင်ပါခဲ့ရတဲ့ အဲသည့် မျက်စိအထူးကု ဆေးခန်းကလေးက တကယ့်ကို အောင်မြင်နေတဲ့ ဆေးခန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေး တစ်ခုပါ။ ဆရာဝန်ကြီးက သူ့ပညာရပ် နယ်နိမိတ်ထဲမှာ သပ်သပ်ရပ်ရပ်နဲ့ ကျွမ်းကျင်လှတဲ့အပြင် သဘောရော မနောပါ ပင်ကို ကောင်းတဲ့ သူမို့လို့ ထင်ပါရဲ့၊ သူ့ဆေးခန်းကလေးထဲမှာက လူတွေ မစဲစတမ်းပါပဲ။

အဲသည့်နေ့ ညနေကတော့ ကာယကံရှင် ဖေဖေ့မိတ်ဆွေ ဇနီးမောင်နှံရယ်၊ ဖေဖေရယ်ဟာ တခြား မျက်စိဝေဒနာရှင်တွေနဲ့အတူ ဆေးခန်းကလေးထဲကို စောရောက်နေခဲ့ကြပြီး စကားပြောသူက ပြော၊ စာအုပ်တွေ ဟိုလှန်သည်လှန် လှန်နေတဲ့သူက လှန်၊ ကိုယ့်အတွေးနဲ့ ကိုယ်ငေးနေတဲ့လူက ငေးနဲ့ ကိုယ့်အစီအစဉ်နဲ့ ကိုယ် ကြိုယူထားတဲ့ တိုကင်ကလေးတွေ ကိုယ်စီကိုင်ပြီး ဆရာဝန်ကြီးအလာကို စောင့်မျှော်နေခဲ့ကြတယ်။

သမီးရယ်....ဆေးခန်းကလေးထဲမှာကဖြင့် လူနာတွေက အမျိုးမျိုးဆိုမှ တကယ့်ကို အမျိုးမျိုးပါပဲ။ တစ်ယောက်က ဟိုးအညာဒေသ ရွာလေးတစ်ရွာက၊ ချက်အရက်တွေ တရားလွန်သောက်ပြီး မျက်လုံးတွေ ရုတ်တရက် မှောင်ကျသွားလို့တဲ့၊ မိုးတဝါးသာ မြင်ရတော့တယ်ဆိုလား။ မြစ်ဝကျွန်းပေါ် ရွာကြီးတစ်ရွာက တစ်ယောက်ကျတော့ မျက်လုံးတစ်ဖက် အမြင်လွှာ ကွာကျသွားလို့ဆိုလား၊ အိပ်ရာက ထ ထချင်း မျက်လုံးတစ်ဖက် ဘာမှ မမြင်ရတော့တာတဲ့။ နောက်တစ်ယောက်ကျတော့ ဆယ်နှစ်ဝန်းကျင် တောက ကလေးလေး၊ ဖအေဆီက ဓားတောင်းတာ ဖအေက နောက်ပြန်လှမ်းပေးလိုက်လို့ မျက်လုံးကို ဓားနဲ့ ထိုးမိသွားတာတဲ့။ အတွင်းတိမ်သမားတွေ၊ အပြင်တိမ်သမားတွေ၊ ရေတိမ်ဖြစ်နေသူတွေ၊ မျက်သားခြစ်မယ့်





သူတွေ စုံနေတာပါပဲ။ တောက၊ မြို့က မြန်မာပြည် အနှံ့လေ။

အဲသည့်နေ့က တော်တော်ကလေး နောက်ကျမှ ဆရာဝန်ကြီး ရောက်လာပါတယ် သမီးရယ်။ ဆေးခန်းထဲမှာ လေးလံထိုင်းမှိုင်းစွာ ထိုင်နေကြတဲ့၊ စိတ်ဓာတ် ခြောက်ခန်းလက်ပန်းကျနေတဲ့ သူ့လူနာတွေကို အားနာလို့ ထင်ပါရဲ့။ ရောက်ရောက်ချင်း စမ်းသပ်ဖို့ စ တာပါပဲ။ စာရေးဆရာမကလေးကလည်း သူ့စားပွဲကနေ တိုကင် နံပါတ်တွေကို အစဉ်လိုက် ခေါ်လို့။

သမီးရေ...အဲသည့်တုန်းမှာပဲ ဆေးခန်းရှေ့ကို ကားတစ်စီး ထိုးဆိုက်လာပါတယ်။ ကားပေါ်က အသားနီစပ်စပ်နဲ့ လူခပ်လတ်လတ်တစ်ယောက် ဆင်းလာတယ်။ ပိုက်ဆံအိတ်ကို ခါးမှာထိုးလို့။ ယောက်ျားတန်မဲ့ ရွှေတွေ အတုံးလိုက် အတစ်လိုက် ဝတ်လို့။ သူက စာရေး ဆရာမလေး ရှိရာကို တန်းသွားပြီး ခပ်တင်းတင်းပါပဲ၊ ရှယ်ရမလား....တဲ့။

ရုတ်တရက်ဆိုတော့ စာရေးမလေးရော၊ ဖေဖေတို့တစ်တွေရော ဘယ်လို နားလည်ရမယ် ဆိုတာကို မသိတတ်နိုင်စွာနဲ့ သူ့ကို ကြောင်ပြီး ကြည့်နေမိကြတယ်။ သူကတော့ ဟန်မပျက်ပါပဲ။ မျက်စိပြချင်လို့တဲ့၊ ကားပေါ်မှာ ပါတယ်တဲ့၊ တိုကင် ယူမထားဘူးတဲ့၊ ချက်ချင်း တန်းဝင်ပြမယ်ဆိုရင် ရှယ် ဘယ်လောက် ယူသလဲ တဲ့။ သြော် အံ့မှယ့်လူသားပါလား။ စာရေးမလေးခမျာ သူ့ကို မသက်မသာကြည့်ရင်းက ခေါင်းကို ယမ်းခါနေလိုက်တာ။

ဖေဖေလေ ရုတ်တရက် မျက်လုံးတွေ မှိုင်းဝင်းဝင်း

www.burmeseclassic.com



တောက်သွားပြီး သူ့ကို စိုက်ကြည့်နေမိလိုက်တယ်။ သူကတော့ ခုံတစ်လုံးမှာ ဝင်ထိုင်ချလိုက်ရင်းက၊ သည်ဆေးခန်းမှာ ပြသင့် မပြသင့် စဉ်းစားနေရင်းက ဖေဖေ ရှိရာကို မျက်လုံး ရောက်လာရဲ့။ သူ့မျက်လုံးကို ထက်ကြပ်မကွာ စိုက်ကြည့်နေမိတဲ့ ဖေဖေ့မျက်လုံးထဲမှာက မီးဝင်းဝင်း တောက်နေသေးဆဲ။ သမီးရေ...သူက ဆေးခန်းတစ်ခုလုံးကို ဝေ့ပြီး အကဲခတ်လိုက်သေးတယ် သမီးရဲ့။ ဆေးခန်းထဲက လူတွေကလည်းလေ နှုတ်ခမ်းတွေ အားလုံး ပကတိ တိတ်ဆိတ်သွားကြပေမဲ့ မျက်လုံးတွေ အားလုံးက သူ့ဆီကို စူးခနဲ သွားစိုက်နေကြကာ ဒါ ဘယ်လိုလူလဲ၊ ဒါ ဘယ်လိုလူလဲ ဆိုတဲ့ အသံတွေနဲ့ တိတ်ဆိတ်စွာ ကျွက်ကျွက်ညံလို့။ ရွံရှာခြင်း၊ စက်ဆုပ်ခြင်း၊ မုန်းတီးခြင်း၊ အထင်သေးခြင်း စတဲ့ မျက်လုံးတွေကြားမှာ သူ့မျက်နှာကို လွှဲထားစရာနေရာလွတ် မရှိတော့ဘူး။ ဒါနဲ့ပဲ နောက်ဆုံးတော့ ထိုင်ခုံကနေ ဖျတ်ခနဲ ထ ကာ ဆေးခန်းထဲကနေ ထွက်သွားတော့လေရဲ့။ ရွှေဘုံသာလမ်းက ဆေးခန်းကလေး တစ်ခုထဲမှာလေ။

(သုံး)

သမီးရေ....။

ဖေဖေတို့၊ သမီးတို့တွေရဲ့ ကမ္ဘာမြေပေါ်မှာဖြင့် တချို့ တချို့သော လူတွေရယ်က လူလို့သာ တံဆိပ်တပ်ထား၊ ကပ်ထားမိခဲ့ကြပေမဲ့ စိတ်ဓာတ်တွေကတော့ တောရိုင်းတိရစ္ဆာန် ဆန်နေကြဆဲပါ။ ဗိုလ်ကျ စိုးမိုးချင်တဲ့ စိတ်ထားတွေ၊ သူတစ်ပါးရဲ့ အခွင့်အရေးကို မလေးစားချင်တဲ့ လိပ်ပြာတွေ၊ ကိုယ့်စလုတ်ကြီး တင်းကားနေဖို့ပဲ





ကိုယ် အားထုတ်ချင်တဲ့ ဝိညာဉ်တွေကြောင့် သူတို့နဲ့ ဆက်စပ်နေရတဲ့ ပတ်ဝန်းကျင်မှာ ညစ်နွမ်းလိုက်ရတာ။

သမီး သတိထားမိမှာပါ။ ဖေဖေတို့ ဟိုး အညာမှာ နေတုန်းက မိတ္ထီလာ ကန်ကြီးဘေးက အကြော်ဆိုင်ကလေးလေ။ အကြော်က စုံလည်းစုံ၊ ကောင်းလည်း ကောင်းဆိုတော့ ညနေတိုင်လို့ အကြော်ဒယ်ကို မီးဖိုပေါ် တင်ပြီဆိုတာနဲ့ လူတွေက အုံခဲလာပါလေရော။ ဖေဖေရယ်၊ သမီးရယ် အဲသည့်အကြော်ဆိုင်ကလေးမှာ သွားသွားဝယ်နေကျ။ တစ်နေ့တော့ ဖေဖေတို့ အကြော် သွားဝယ်နေတုန်း မိန်းမတစ်ယောက် ရောက်ချလာပါလေရော။ ပြီးတော့ ပိုင်စိုးပိုင်နင်းနဲ့ ‘ဗယာကြော်ရယ်၊ အာလူးကြော်ရယ်၊ မြင်းခွာရွက်ကြော်ရယ် တစ်ရာဖိုးလောက် ထည့်ပါဟယ်၊ ငါ့ကို **အရင်လုပ်လိုက်စမ်းပါ**’ တဲ့။ ပွက်ပွက်ဆူနေတဲ့ ဆီအိုးကြီးထဲက အကြော်ပေါင်းစုံကို ဆီစစ်ဆန်ခါနဲ့ ဆယ်ချနေတဲ့ အကြော်သည် အစ်မကြီးခမျာ အစောကြီးကတည်းက လာစောင့်နေတဲ့ တခြား ဈေးဝယ်သူတွေကို အားနာဟန်နဲ့ သက်ပြင်းကို ခိုးချလို့။ အကြော်ဝယ်ဖို့ စောင့်နေတဲ့ လူတွေအားလုံးကသည်း အဲသည့် မိန်းမကို တစ်ချက်မျှသာ လှမ်းကြည့်ပြီး မျက်နှာ လွှဲသွားကြကာ စိတ်မသက်မသာနဲ့ သက်ပြင်းကိုယ်စီ ချလို့။

သမီး မှတ်မိဦးမလားပဲ၊ ဖေဖေတို့ မန္တလေးကို သွားဖို့အတွက် ရထားလက်မှတ် လုပ်တုန်းကလေ။ ရထားက ပုဂ္ဂလိက ရထားဆိုတော့ လက်မှတ်က သိပ်ပြီး ခဲရာခဲဆစ် လုပ်စရာမလိုဘဲ တန်းဝယ်လို့ရတဲ့ ရထားပေါ့။ အဲသည့်နေ့ကတော့ လက်မှတ်အပေါက်ဝမှာ လူ လေးငါး

www.burmeseclassic.com



ယောက်လောက် လက်မှတ်ဝယ်ဖို့ အလှည့်စောင့်နေကြလို့။ ဖေဖေတို့လည်း သူတို့ပြီးရင် ဝယ်ဖို့ နောက်မှာ ဝင်ရပ်နေခဲ့လိုက်တယ်။ အဲသည့်တုန်းမှာပဲ လူတစ်ယောက် ရောက်လာကာ လက်မှတ်ရောင်းတဲ့ အပေါက်ဝထဲကို လက်အတင်းထိုးထည့်ပြီး နှစ်စောင်ဆိုလား ဝယ်လေရဲ့။ လူတွေကဖြင့် နှာခေါင်းကလေး နိုးရှုံ့ရှုံ၊ ခေါင်းကလေး ခါယမ်းရုံမျှသာ ပါပဲ။

သမီးရယ်....ဖေဖေတို့တစ်တွေဟာ မတရားမှုတွေကို ဘာ့ကြောင့်များ ကိုယ်နဲ့ မဆိုင်သလို မျက်နှာလွှဲပစ်ချင်နေကြတာလဲ။ ဘာ့ကြောင့် ပြင်းပြင်းထန်ထန် မဆန့်ကျင်ကြတာလဲ။ ဘာ့ကြောင့် ရက်ရက်စက်စက် မရှုံ့ချချင် ကြတာလဲ။ ဖေဖေတို့ရဲ့ လူ့အဖွဲ့အစည်း ကောင်းမြတ်ဖို့ ဆိုတာ ဖေဖေတို့ အားလုံးနဲ့ ဆိုင်တဲ့ကိစ္စလေ။

[ မြားနတ်မောင်၊ ဇန်နဝါရီ ၁၉၉၉ ]

BURMESE CLASSIC .com

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ


| | | |
|---|---|---|
| ၁။ | ပါရဂူ | ထေရကထာ |
| ၂။ | ပါရဂူ | ဒီဗျာ |
| ၃။ | ပါရဂူ | မဟာခရီးသည် |
| ၄။ | မင်းယုဝေ | ပထမ မြန်မာများ |
| ၅။ | ကျော်အောင် | ဆမ်းမားဆက်မွှမ်၏ ဝတ္ထုတိုများ |
| ၆။ | ကျော်အောင် | မြစ်ကမ်းပေါ်က စက်ရုံကလေး |
| ၇။ | ကျော်အောင် | ပုဂံမိုး ပုဂံမြေ၊ ပုဂံဘုရားနှင့် ပုဂံသားတွေ |
| ၈။ | မောင်ထင် | မြို့အုပ်ပုံပြင် |
| ၉။ | ခင်မောင်ညို(ဘောဂဗေဒ) | အရှုပ်ထဲက မန်နေဂျာ |
| ၁၀။ | ရွှေဥဒေါင်း | သုံးပေါက်ချွန်းနှင့် အခြားဝတ္ထုတိုများ |
| ၁၁။ | ရွှေဥဒေါင်း | သူရဲကောင်းသုံးယောက် |
| ၁၂။ | ရွှေဥဒေါင်း | မြတ် သက် မော် |
| ၁၃။ | ရွှေဥဒေါင်း | ရုပ်ချွဲ နမ်ချွဲနှင့် အခြားဝတ္ထုတိုများ |
| ၁၄။ | ဒေါက်တာမောင်မောင်ညို | လူချွန်လူမွန် |
| ၁၅။ | ဆောင်လင်း | အရိုင်းစံပယ် |
| ၁၆။ | ဒဂုန်တာရာ | ဒဂုန်တာရာ ကဗျာပေါင်းချုပ် |
| ၁၇။ | ဒဂုန်တာရာ | မှုးယစ်ဝေသော နွေဦးညများ |
| ၁၈။ | ခင်မျိုးချစ် | မိုက်ကယ် အိန်ဂျယ်လို |
| ၁၉။ | တက်တိုး | ဤတွင်ယခေါ် မိန်းမတို့သည်- |
| ၂၀။ | သခင်ဘသောင်း | တစ်ထောင့်တစ်ည ပုံပြင်များ |
| ၂၁။ | ဂျာနယ်ကျော်မမလေး | ဘဝပုံရိပ် ဝတ္ထုတိုများ |
| ၂၂။ | ဂျာနယ်ကျော်မမလေး | ရင်နှင့်အောင်မွေး |
| ၂၃။ | ဒဂုန်ရွှေမျှား | မြို့ဝန်မင်း၏ ဘဝခရီး |
| ၂၄။ | မောင်ခေတ်ထွန်း | ကလေးများအတွက် ကမ္ဘာ့ဂန္ထဝင်ဝတ္ထုပုံပြင်များ |
| ၂၅။ | မြသန်းတင့် | လွမ်းမောဖွယ် ကမ္ဘာ့စ |
| ၂၆။ | ဇော်ဂျီ | မဟာဆန်ချင်သူ |
| ၂၇။ | ကြည်အေး | မောင်၊ ကိုကိုနှင့် မြနှာ |
| ၂၈။ | ကြည်အေး | အိပ်မက်နှင်းမြူ ဝတ္ထုတိုစု |
| ၂၉။ | ကျော်လှိုင်ဦး | ရေပေါ်က လနှင့် နိုဝဲဆုရ ဝတ္ထုတိုများ |
| ၃၀။ | မိုလ်အေးမောင် | လူလော၊ နာနာဘာဝလော |


www.burmeseclassic.com